ဝန်ရင်း
Read on the move

# သုံးနားမညီ တြိဂံ ဝတ္ထုတိုများ

အောင်ထိပ်
သရဝဏ် (ပြည်)
မောင်ကျော်သာ (ပဲခူး)

# ပျားရည်မြစ်ကမ်း၌ လူလားမြောက်မှု

“ ဇာတ်ကား ကတော့ အဖေဈေးသွားနေတုန်း။ ပြန်မရောက်လာသေးဘူး၊ မော်တော် ဆိုက်မှ သိမယ်။ အပြာရောင် ဖန်ဒေါင်းချောင်ပေါ်မှာ ဒီကနေ့ည အသေအချာပြမယ်။ မင်းသား ကတော့ ရွှေမန်းသားအကြီးကောင်။ မင်းသမီးက ရွှေဇင်ထိုက်နှစ် ခု နောက်ထပ် မင်းသမီးတွေ လည်း ပါသေးတယ်။ ကားထုပ်ရောက်မှ ထပ်အော်ပေးမယ်။ ဇာတ်လမ်း ကတော့ ကြမ်းမလား ရမ်းမလား မသိဘူး။ သေနတ်တွေ ကလဲ အတိုတွေ ရော အရှည်တွေ ရောတဲ့။ ကြော်ငြာစာရွက်ထဲ မှာ ပါတယ်တဲ့။ အဖေ ပြန်ရောက်ရင် ချိတ်ပေးမယ်။ အင်း-------------- ဇာတ်ကားနာမည် က။

အသေးစား ကျွန်းကလေးတစ်ခုလို ရေပတ်လည်ဝိုင်းထားတဲ့ လိပ်ကျောကုန်း စပ်စပ်လေးပေါ်မှာ ရွက်ထည်ရုံ လို ထရံအလုံကာ၊ ဦးထုပ်ကုပ်ကုပ်ကြီး ဆောင်းထားသလို တောင်တန်းအုပ်အုပ်မိုးပြီး ဘက်ထရီ တစ်ပေမီးချောင်း ဖြူဖြူလေးရဲ့ ခက်မျဉ်းမျဉ်း မီးရောင် အောက်မှာ လေ့တွေ ကို ပတ္တလားဆံတွေ လို စီလို့ရပ်ထားတာ ခေတ်ပြိုင် ကျေးလက်ရဲ့ ဗီဒီယိုညချမ်းတစ်ခုပေါ့လေ။

ဝါးတိုင်လွှင့်လွှင့်ကြီး ထိပ်မှာ ရှိနေတဲ့ လော်စပီကာကြီးက အော်ပြောနေတာ ဒီညပြမယ့် ဗီဒီယိုဇာတ်ကား အကြောင်း။

ဟုတ်တယ်မေ။ ဘာဇာတ်ကားလည်းဆိုတာ မော်တော် မဆိုက်သေးလို့ ဂဃနဏ မသိရသေးတယ။ ဇာတ်ဆောင်တွေ က ညွှန့်ဝင်းနဲ့ ဆွေဇင်ထိုက် နှစ် ကိုယ်ခွဲ ဖြစ်လိမ့်မယ်။ အင်းပေါ့။ ဇာတ်ကြမ်းကားပဲ ဖြစ်မှာ ပဲပေါ့။ မော်တော် ဆိုက်လို့ မြို့ မှာ ဗီဒီယိုအခွေငှားနေတဲ့ အဖေပြန်လာမှ ရေလည်မှာ ကိုး။

တစ်ဆင့်ကနေ တစ်ဆင့်ကို ထိုးဖောက်ကျော်လွှား နေခြည်ကို ခံစားရဖို့ ရှန်းထရတဲ့ ညွှန့်ညှောက်ကလေးလို အားယူတိုးတက်လာခဲ့ရတဲ့ ကျေးလက်နလုံးသားတွေ

အတွက် တင်းရှကိုက်ခဲနေတဲ့ စားဝတ်နေရေး ကြွက်သားတွေ ၊ ထွေပြားအီလည်နေတဲ့ အာရုံတွေ ပြေလျော့ငြိမ်မွေ့စေဖို့ ခေတ်ပေါ်ရုပ်ပစ္စည်းတွေ လည်း ကျေးလက်အရောက် ခရီးပေါက်ခဲ့ပြီ။ ရွာမှာ ထရံကာ ခါးပြတ်ရုံလေးတောင် ရှိခဲ့ဖူးတာမဟုတ်ဘူး။ ဇာတ်တွေ အငြိမ့်တွေ ဆိုလည်း မရောက်ခဲ့ဘူး။ ရုပ်ရှင်မရှိခဲ့ဖူးဘူး။ ရွာကသိမ်လို့။

ရောဂါ ဆိုးတစ်ခုလို ဝပ်တွားခက်လာတာလား။ သီလကောင်းတစ်ခုလို အုံးကျက်ပျံ့နှံ့လာတာလား။ ဘယ်သူ့ဘယ်သူမှ ဦးနှောက်စီးပတ်လမ်းထဲ အရေး တယူ သိမ်းအဖြေမထုတ်မီ ဟော--- ကျေးလက်တောသူ တောသားတွေ လည်း ဗီဒီယို ရင်ခုန်ခြင်းကို ခံစားနှစ်သက် နေတတ်ပြီ။ အိမ်မှာ စားစရာ အသာဖယ်ထား။ စပါးပေး နမ်းပေး ယူထားတာတွေ အသာခေါက်ထား ဗီဒီယိုဆိုတဲ့ ရုပ်တုပစ္စည်းတစ်ခုနဲ့ အလွမ်းခွေရင်းအပန်းတော် ဖြေနေ တတ်ပေါ့။ ဇိမ်ခံနာ မဟုတ်ဘူးနော်။ သန်းခေါင်ကြက်တွန်ပြီးတဲ့အထိ ဗီဒီယိုဇာတ်လမ်းထဲမှာ စီးလွင့်ရင်ခုန်၊ မိုးလင်း တာနဲ့ လယ်ထဲ၊ ယာထဲ၊ တလင်းထဲ၊ အင်းထဲမှာ ၊ တစ်နေကုန် ပင်ပန်းကြရဦးမယ်။ အဲဒီ ကြွက်သားဆိုင် အောက်က နှလုံးသားတွေ အတွက် ဇိမ်ခံတယ်ရယ်လို့ ဘယ်နှယ်လုပ်ပြောဝံ့ပါမလဲမေ။

ဟင့်အင်း--------- မေတို့လိုမှ မဟုတ်တာ။ လေအေးစက်တပ်ထားတဲ့ ဖယောင်းပုဆိုးပေါ်မှာ ၊ ကြမ်းပြင် ပက်လက်ပေါ်မှာ ဆိုဖာပေါ်မှာ ။ ဒါမှ မဟုတ်သေးရင် ဒရင်းဘတ်ပေါ်မှာ ----------။ နောက်မနက် အလုပ်တာထွက် ကောင်းအောင် တုံးလုံးပက်လက်တစ်ချို့ ၊ ထိုင်လျက်တစ်ဖုံ မိသားတစ်စု ဝိုင်းဖွဲ့ကြည့်ခွင့်သာသေး သူတွေ မှ မဟုတ်တာပဲလေ။ ပြီးတော့ မေတို့လိုမျိုး ရုပ်ရှင်မင်းသား မင်းသမီးတွေ ရဲ့ ဆင်ပြင်တန်ဆာ ဒီဇိုင်းတွေ ကို အခွေအခါခါ ပြန်ရစ်ပြီး ကြည့်မှတ်လို့ရတာ မဟုတ်ဘူး။ မင်းသား မင်းသမီး ချစ်စကားပွင့်လေးတွေ ကို အရသာခံကြည့်နူးလို့ရတာ မဟုတ်ဘူး။ သူ့ထက်သူဦးအောင် အခွေငှားကြည့်ပြီး ဂုဏ်လုပ်ဖောက်သည်ချလို့ရတာ မဟုတ်ဘူး။

သူတို့ကြည့်ပြီးသား ဇာတ်ကားတွေ ထဲက ဇာတ်လမ်းတွေ ကိုတော့ အလုပ်ကွင်းပြင်ထဲမှာ အလုပ်လုပ်ရင်း ဇာတ်ကြောင်း ပြန်ပြောကြပြီး ချွေးတစိုစိုကြားက

အားအင်သစ်တွေ ဝင်လာကြတာ တော့ရှိမှာ ပေ့ါ။

ဟိုမှာ တွေ့လိမ့်မယ်မေ။

ထီးကုပ်ကြီးနဲ့ အုပ်ထားသလိုမျိုး ။ လေမဝင် မှောင်ပိတ်နေတဲ့ အခန်းထဲက ရေနွေးဝစိုစိုနေတဲ့ မြေသား မည်းမည်းပေါ်မှာ ရွံ့နှစ် တွေ နဲ့ နယ်နှစ် နေတဲ့ ကောက်ရိုးအခင်း၊ ဈေးရုံကြီးတစ်ခုထဲက အနံ့အသက်တွေ လိုမျိုး ချဥ်စုတ် နံ့သင်းနေတဲ့ လေနံ့၊ လူနံ့၊ ချွေးနံ့.........။ ရွာလုံးကျွတ် ရုံလုံးပြည့် ဝိုင်းကြည့်ကြမယ့် စားပွဲတစ်ခုံ ပေါ်မှာ ငုတ်တုတ်တည်လျက်သား၊ ၂၁ -လက်မ ဗီဒီယို မှန်ပြင်။ သူတို့အခေါ် ဖန်ပေါင်းချောင်ပေ့ါ။ အဲဒီ နောက်နားမှာ က ဇာတ်စင် ပေါ်က ဆိုင်းဝိုင်းလို အသံချဲ့စက်ချောင်--------------။

ခုနက ဇာတ်ကားကြော်ငြာနေတာ အဲဒီ ချောင်က အော်နေတာပေ့ါ မေ။

ရုံထဲမှာ လိုက်ကြည့်ရင် မေတွေ့ရလိမ့်ဦးမယ်။

ချဲကားပြီး ထိုင်နေတဲ့ အမေ့ထမီပုခက်ထဲမှာ နို့ပိန်ဆွဲနေတဲ့ လူမမည် သားသည် အမေတွေ ၊ အင်္ကျီကျွတ်နဲ့ ပွတ်ချွန်းဖွာနေကြတဲ့ ဆံပင်ဖွာဖွာ မျက်လုံးဝိုင်းဝိုင်း မည်းနက်ပြောင်လက် အလုံးအထည်စုံ အရွယ်စုံစုံတွေ ကြယ်သီးအပြည့် တပ်မထားတဲ့ အင်္ကျီအောက်က ဗိုက်ပူနံကားကလေးတွေ ။ အင်း -------------- ရဲတွတ်နီမောင်း နေအောင် နှုတ်ခမ်းနီဆိုးထားတဲ့ မော်ဒန်ပါးကွက်မလေး တွေ လည်းပါ။

သူတို့ ------------တိပ်ခွေကော်ပြားပေါ်မှာ ကပ်နေတဲ့ ဇာတ်ကားတစ်ကားထဲမှာ မြို့ ပြပုံရိပ်တွေ တမင်တကာ အသက်ဝင် ဇာတ်လမ်းဆင်ပြတာကို ခံစားရင်ခုန်ပျော်မွေ့ရင်း အပန်းတော် ဖြေကြမယ်လို့တဲ့လေ။ သူတို့လူအ ဖြစ် ရလာတဲ့ဘဝကျမှ ပါရမီထူး ဖူးဝေခွင့်ရလာတဲ့ ကျေးလက်ရဲ့ ဗီဒီယိုညချမ်းပါတဲ့မေ။

ဟော --------- ဟောပြောရင်းဆိုရင်း မော်တော် ဆိုက်လာပြီတဲ့။ ဒါဆိုမေတို့ ကြည့်နေကျမင်းသား မင်းသမီး တွေ ပါတဲ့ မြို့ က ပုံရိပ်လှလှတွေ တစ်ညတစ်ခေါက် အလည်ရောက်လို့ လာပေ့ါ။ ရုံထဲမှာ တော့ အုံတစ်ခုထဲက ခြကောင်တွေ လို လှုပ်ရှားရွရွ ဖြစ်နေကြလောက်ပြီ။

ရုံရှေ့က စီထားတာတွေ လား။ အဲဒါ ဗီဒီယို ပရိတ်သတ်နဲ့ လှေတွေ ပေါ့။ မင်္ဂလာဆောင်တစ်ခုရဲ့ ခန်းမရှေ့က မေတို့ရပ်ထားနေကျကားစတင်လိုမျိုး လှေစတင်းပေါ့။

ရုံထဲဝင်ကြည့်မနေပါနဲ့ တော့။ အဲဒီ ရွာရဲ့ ဗီဒီယိုညချမ်းမြင်ကွင်း။

"ကယ်ကြပါဦးတော့........... ကျွန်မအစ်မကို သူတို့ခေါ်သွားကြပြီတော့. အမေရေ...........လာပါဦး...........။ အစ်မကို သူတို့ခေါ်သွားကြပြီတော့။ လှေနဲ့ခေါ်သွားကြတာတော့။ ရွာအနောက်ဘက်ကွင်းထဲကို ထွက်ပြေးသွား ကြတာ။ ကိုမြင့်ရွှေ အိမ်က လူငှားပေသီးပေါ့။ အစ်မကိုလဲ ပြန်ခေါ်လို့မရဘူးတော့ခေါ်တဲ့ထဲမှာ နိုင်ဦးလဲပါတယ်။ ကျင်ကွမ်းလဲပါတယ်..............."

အဲဒါမေ မပြန်သေးလို့ ကြုံကြိုက်လိုက်ရတယ်။

ရွာရဲ့ ဗီဒီယိုရုံရှေ့ ၊အဲဒီ ကြော်ငြာနေတဲ့ အသံအက်ကွဲအောက်မှာ ခုနစ် နှစ် ရှစ်နှစ် အရွယ် ကလေးမငယ် တစ်ယောက် ရေထဲမှာ ကိုယ်တစ်ဝက်လောက် နစ်လို့........... တစာစာအော်ငို နေရှာတယ်။ ဘေးလူတွေ က ရုံထဲက ထွက်လာကြပြီး ကလေးကို ချော့သူကချော့။ ရယ်သူ အူတက်သူတွေ ကတက်။ သူ့မိဘကို မောင်ဉာဏ်၊ မညက်တို့က လှေနဲ့ သွားခေါ်သူတွေ ခေါ်၊ လော်စပီကာကလည်း သူ့မိဘတွေ အမြန်လာလို့ ရပ်ကျော်ရွာကျော် အော်ခေါ်လို့မေ။

အဲဒီ ့အသံတွေ မေကြားလား။ အဲဒီ့ပုံရိပ်တွေ မေမြင်လိုက်လား။

အဲဒါ ရွာရဲ့ ဗီဒီယိုညချမ်းမှာ စိတ်လက်ရွှင်မြူး နေတဲ့ မော်ဒန်ကျေးလက်ဇာတ်လမ်း ဇာတ်ဆောင်တွေ ထဲက အိမ်ထောင်မှု တစ်ခု ပြီးမြောက်သွားရခြင်း ရင်ခုန်စရာ ဗီဒီယိုတစ်ကပ်ပဲပေါ့ မေ။

ကျေးလက်နလုံးသားတွေ ဖြစ်တဲ့ ရွာက ချစ်သူနှစ် ဦး။ သူတို့ချစ်ခဲ့ကြတာ အချိန်အတိုင်းအတာ တစ်ခုအထိ ကြာခဲ့လိမ့်မယ်။ မြို့ ပြမှာ လို ခုတွေ ့ ခုကြိုက် မဟုတ်ဘူး။ အချစ်ငှားလို့လည်းမရဘူးလေ။ ရွာမှာ ကကြိုက်ပြီး ချစ်ပြီးကြရင် အပြီးယူ ဖြစ်ကြတာများ တယ်။ သူတို့ကောက်စိုက်ရင်း ပျိုး နှုတ်စပါးရိတ်ရင်း ငါးထိုးရင်း အချိန်းအချက် တွေ

လုပ်ခဲ့ကြတာ ဖြစ်လိမ့်မယ်။ မြို့ မှာ လို ဖုန်းနဲ့ချိန်းချက်လို့မရဘူး။ နားဖောက်ဖို့မလိုဘူး။ လူကြီးစုံရာနဲ့ ကြောင်းလမ်း ဖို့ မလိုဘူး။ ချွေးစိုရွှဲပြီး အလုပ်က ပြန်လာ၊ ညစာစားပြီး ဗီဒီယိုကြည့်ရင်း သူတို့အချက်နဲ့ သူတို့ ၊ ခိုးတဲ့လူက ခိုးလို့ လိုက်တဲ့လူက ကောက်ကောက်ပါအောင် လိုက်ပြေးတာ မေရဲ့ ။

အိမ်က မိဘတွေ ကတော့ ဘယ်သိကြမလဲလေ။ သွားနေကြမို့ လွှတ်လိုက်တာနေမှာ ပေါ့။

အခုကလေးမလေး အော်ငိုနေတာ ကိုမြင့်ရွှေဆိုတဲ့ သူရင်းငှားက သူ့အစ်မကို လှေပေါ်တင်ပြီး ခိုးပြေးသွားလို့ အော်နေတာပေ့ါ။ ဒါကြောင့် ဘေးလူတွေ က ငိုအားထက် ရယ်အားသန်နေကြတာ။ အဲဒါဟာ အပြီးအပိုင်လက်ထက် သွားတာပဲ မေ..........။ တရားသူကြီး မလိုပါဘူး။ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ မလိုဘူး။ မောင့်ကျက်သရေ ခေါင်းပေါင်းဆိုတာ သူတို့သိကြမှာ မဟုတ်ဘူး။ စုံပဲဝါချမယ့်သူမရှိဘူး။ မိတ်ကပ်ဆိုတာ သိချင်မှ သိကြမှာ မဟုတ်ဘူး။ ရေမွှေးနံ့ရဖို့ မလွယ်ဘူး။ ငွေဖလားကြီးထဲမှာ လက်ဖွဲ့ငွေတွေ ထည့်ပေးစရာမလိုဘူး။ အဲဒီ လို ထည့်တာကို စာရင်းမှတ် မယ့်သူမရှိဘူး။ ဘိသိတ်ဆရာ၊ စာချုပ် တံဆိပ်ခေါင်းတွေ ဘယ်လိုလုပ်ရှာလို့ရလိမ့်မလဲ။ လက်မှတ်ထိုးစရာ မလိုဘူး။ မင်္ဂလာမောင်မယ် သီချင်းတွေ မဖွင့်ဘူး။ သတင်းစာမှာ ကြော်ငြာဘူး။ ဒီရွာမှာ အံ့ဩစရာသိပ်ကောင်းတဲ့ အချက်က ကလေးဖျက်ချတာမရှိဘူး။ ကလေးပျက်တာပဲရှိတယ်။

ဟုတ်တယ်။ တစ်သက်စာပေါင်းဖက်ဖို့ လက်ထက်လိုက်ကြတာပဲ။ နောက်နောင် ရောက်လာလို့ ဘယ်အခါ လာကြည့်ကြည့် ပွားစီးထားတဲ့ သမီးသား တစ်ပြုံတစ်မနဲ့ ဘဝကို အလိုက်သင့် ရုန်းကန်ပြီး သစ္စာလမ်းမှာ ဘက်ညီညီ လျှောက်လှမ်းနေတာ တွေ့ရလိမ့်မယ်။ အိမ်ထောင်ရေး ရှုပ်ထွေးတာ သူတို့နားမလည်ဘူး။ စိတ်ဆိုးပြီး ဆင်းသွားတာ တွေ သူတို့မကြားဖူးဘူး။ ရွာမှာ က သတင်းစာမှာ ကြော်ငြာပြီး ပြန်ခေါ်စရာလည်း မရှိဘူးမဟုတ်လား။

မေ......... မရယ်ပါနဲ့နော်။ ဒီရွာမှာ နေရင် ရွာဘုရားပွဲလောက်မက စည်ကားကြီးကျယ်တဲ့ ဘယ်မင်္ဂလာဆောင် ကိုမှ သွားရလိမ့်မှာ မဟုတ်ဘူး။

မနက်မင်္ဂလာဆောင်သွားဖို့ မိတ်ကပ်လူးပြီး တစ်ညလုံးတောင့်တောင့်ကြီး ထိုင်လျက်အိပ်ရတဲ့ ဝဋ်ဆင်းရဲခံစားရဖို့မလိုဘူး။ အဝတ်အစားဖိုးလည်း ကုန်မှာ မဟုတ်ဘူး။ သစ်ခွပန်းဖိုးလည်း ကုန်မှာ မဟုတ်ဘူး။

အဲဒီ လိုမျိုး ခိုးရာလိုက်ပြေး၊ မိဘကို ကန်တော့ပြီး ပြန်အပ် လို့ရပြီးရင်၊ သစ်သားရှားပါးတဲ့ သူတို့ရွာမှာ ဝါးပိုးဝါးတိုင်အိမ် ၊ ဝါးနက် ဝါးဆင့်နဲ့ ကြသော င်းဝါး သဲပြားအခင်းနဲ့ ဝါးထရံကာ တောင်တန်း သက်ကယ်ပျစ်ကို ဝါးနှီးနှင့်တည်ပြီး ဆောက်ထားတဲ့ ဝါးအိမ်ကလေးထဲမှာ ဘဝတွေ ကို မွေးမြူကြလိမ့်မယ်။

တိုက်တစ်လုံး၊ ကားတစ်စီး၊ တီဗီ၊ ရေခဲသေတ္တာ.............အဲဒါတွေ လက်ဖွဲ့ပေးမယ့် လူ တစ်ယောက် ဆို ......... တစ်ယောက် မှ မရှိဘူး။ စတိုးဆိုင်လုပ်ငန်းတွေ ရှယ်ရာတွေ ခွဲဝေပေးမယ့် အမျိုးတွေ ဆိုတာတော့ ဝေလာဝေးပေါ့။ ဖဲမွေ့ရာ၊ ဗီဒီယိုအောက်စက်၊ ထမင်းပေါင်းအိုး အိုးကွယ် - နောက်ဆုံး စတီးခွားတစ်ချောင်း တောင် လက်ဖွဲ့မယ့်သူ မရှိပါဘူးမေ။

သူတို့ဆီမှာ ရွှေပန်းကန်ပေါ်ကျတဲ့ မျက်ရည်စက်ဆိုတာလည်း လုံးဝ လုံးဝကို မရှိဘူးပေါ့။

အဲဒီ ဝါးအိမ်ကလေးမှာ ခိုနားရင်း ယောကျ်ားက သူရင်းငှားလုပ်၊ အင်းခေါင်းလုပ်၊ မယားက ကောက်စိုက်၊ စပါးရိတ်၊ ကိုင်းထဲ ဆင်းရင်း ကလေးမွေး၊ ဒီလိုနဲ့ သူတို့ဘဝတွေ ကို ကိုယ်စီ ထောက်ကန်သယ်မရင်း ကျေးလက် မိုးကုတ်စက်ဝိုင်း တစ်ခွင်မှာ လူတွေ ထူထပ်လာခဲ့တာပါပဲ မေ။

ဒါပေမယ့် မေ.............သိလား။

အပြုံး တွေ ရဲ့ အဓိပ္ပါယ်ကို ခွာတ်ခွဲစရာမလိုတဲ့ အဲဒီ ကျေးလက်အရပ်မှာ အပြုံး တိုင်းဟာ အမြဲလို ဖြူစင် လန်းဆန်း တောက်ပနေတတ်တာ။

မြို့ လယ်ပေတစ်ရာ။ လမ်းမလောက်ကျယ်ကျယ်မှာ ငြိမ့်လူညင်သာ ရေကြည်လဲ့တွေ တသွင်သွင်စီးနေသော ရွာရဲ့ ချောင်းရိုးပါ။ စုန်ဆန်လူးလာ မော်တော် လမ်း၊

ရေလမ်း။

ရေပြင်ပေါ်မှာ နှစ် ထောင်လောက် ပေါ်နေတဲ့အထိ ဝါးတိုင်တွေ နဲ့ ရွှေစောင်းစွာ ကာထားတာ၊ အလယ်ခေါင်မှာ မြို့ က ခြံစည်းရိုးတစ်ခုရဲ့ ကားဝင်ပေါက်လောက် ဟထားတာ။ ကတော့ထဲ ရေဝင်သလိုမျိုး ၊ အဲဒီ အပေါက်ထဲကို ရေသားတွေ တဝေါဝေါ ခုန်စီးဆင်းကြရတာ ။ အဲဒါဟာ " ဆည် " လို့ ခေါ်သပေါ့မေ။ ရေတွေ သွန်ပြိုနေတဲ့ ကတွက် ပေါက်မှာ " ကျား " ဆိုတဲ့ ပိုက်ကြီးကို ပါးစပ်ဟပြီး တပ်ချည်ထားတယ်။ စီးလိမ့်လာတဲ့ ရေလုံးကြီးဟာ ပိုက်ကြီးခံတွင် း ထဲကို ခုန်ဆင်းစီးလိမ့်လာပြီး ကျော်ထွက်လွတ်မြောက်သွားတယ်။ မြင်သာအောင်ပြောရရင် တွေ ့ဖူး နေကျ ဘတ်စကတ်ဘောပိုက်လိုမျိုး ပိုက်အကြီးစားကြီးပဲပေါ့။ "ကျား " ပိုက်ကြီးရဲ့ ခံတွင် းထဲကို ချောင်းတစ်ပြင် လုံး ငုံ့လျှိုး လွှန်မြောက်ရတဲ့အခါ ရေစီးထဲပါသမျှငါးတွေ ၊ ပုဇွန်တွေ ၊ ဒိုက်သရိုက်တွေ အမှိုက်တွေ ဟာ ကျဉ်းမြောင်း သွယ်သိမ်သွားပြီး အဖျားရှူးသွားတဲ့ အမြီးပိုင်းမှာ ဘေထုပ်ကြီးတစ်ထုပ်ကို လုံးရစ်ထွေးသိပ်ပြီး ကျန်ရစ်ခဲ့ တယ်။

" ကျား " ရဲ့ ပါးစပ်ပေါက်ကို ဆည်ဝမှာ တွေ ့ရတာ ။ " ကျား " အမြီးကို ဖော်ပြီးရင် ရေအောက်ထဲပြန်ချရတာ လွယ်တာ မဟုတ်ဘူး။ ဆည်ရဲ့ ခံတွင် းအဝကနေ တဝေါဝေါ တွန်းချနေတဲ့ ရေအရှိန်ကြောင့် နှစ် ထပ်တိုက် တစ်လုံးစာ လောက် ရေအောက်က ချိုင့်ကြီးထဲကို ရေငုတ်ဆင်းပြီး လုပ်ရကိုင်ရတာ ။

လသာသာ၊ မိုးရွာရွာ ၊ မှန်တိုင်းလာလာ၊ လှိုင်း ဘယ်လောက်ပုတ်ပုတ် ခေတ်ပြို င်ကျေးလက်ရဲ့ လုပ်သား သူရဲကောင်းတွေ ဟာ ပွတ်ချွန်းခဲလိုက်၊ ရေထဲဆင်းငုတ်လိုက်၊ ပြန်တက်လိုက်၊ ငါးပုဇွန် ရွေးလိုက်နဲ့ တစ်ညတာလုံး မေးစက်လို့တောင် ရတာ မဟုတ်ဘူး၊ အောက်စီဂျင်မလိုဘူး။ ဖားရေယက်တွေ မရှိဘူး။ ရေအောက် ကြည့်မှန် မပါဘူး။

အေးစိမ့်ပြီး တဖြောက်ဖြောက်ကြွေကျနေတဲ့ မိုးညတွေ မှာ တွေ ့ချစ်၊ ကွဲညား ရင်ခုန်အချစ်ဝတ္ထုတွေ ဖတ်ပြီး ကွေးနေလို့ မရရှာသလို ခိုက်တုန်တဲ့ ဆောင်းအခါဆို ချမ်းတတ်လွန်းတဲ့ မေ့လိုခြေအိတ်၊ အနွေးထည်ရောင် စုံ အထပ်ထပ်ဝတ်ပြီး အပူငွေ့လွှတ်ထားတဲ့ အခန်းထဲမှာ ဗီဒီယိုထိုင်ကြည့်နေလို့မရပါဘူး။ ဗီဒီယို မှန်ပြင်ပေါ်မှာ

ပေါ်လာတဲ့ ရေအောက်ပြကွက်ထဲက အရုပ်ငါးမန်းနဲ့ ဖိုက်တင်ချတဲ့ လူထက် သူတို့ခမျာ အဆမနှိုင်းသာအောင် တကယ် သတ်ပုတ်ပြီး အသက်ရှင်ခွင့်ကို လုယူအလုပ်လုပ်ရတာ ။

ဈေးဆွဲခြင်းဆွဲပြီး ဈေးသွားတဲ့အခါ မေတို့ဝယ်လာတဲ့ ရေထွက်ဟင်းလျာတွေ ဟာ သူတို့ဆီကလာတာပေါ့။ အင်း----------------ဒါဆိုရင် ဟင်းကြေး (ကျိုး) များ တတ်တဲ့ မေ့ရဲ့ အကျင့်ဆိုးတွေ ကို လျှော့ဖွတ်သန့်စင်ပေးပါဦးလား။

အဲဒါတွေ ကို မေဘယ်လို။

မိုးတွေ မြိမ့်သည်းလို့ ရေဖွေးပြည့်လျှံနေတဲ့ ကွင်းပြင်ထဲမှာ သူတို့တစ်တွေ တကုန်းကုန်းနဲ့ အလကား အလုပ်ရှုပ်နေကြတာ မဟုတ်ဘူး။

ရေဖွေးဖွေး လယ်ကွက်ထဲမှာ စပါးပျိုး ပင်တွေ ကို ပြန်စိုက်နေကြတာ။ အဲဒါ ကောက်စိုက်တယ်လို့ ခေါ်တယ်မေ။

မိုးဆုတ်လို့ ရေတွေ ဆင်းသွားတဲ့အခါ ရေဖွေးနေတဲ့ လယ်ကွင်းပြင်ကြီးဟာ တစ်ကွင်းလုံး အရွယ်မတူတဲ့ ရွှေပြားတွေ ပြန့်ပြန့်စန့်စန့် ဆက်ခင်းစီခြယ်ထားသလို ဝင်းဝါတောက်ထိန် ဆေးသားထပ်လို့ ဘဝ ပြောင်းသွား ပေတော့ မယ်။ ပြီးရင် ကောက်နံ့တွေ ရိတ်ကြ၊ နယ်ကြ၊ လှေ့ကြ၊ စပါးတွေ ပုံကြလိမ့်မယ်။

သူတို့ အလုပ်ဘဝလည်း ပြောင်းသွား တာပေါ့။ လုပ်အား ရောင်းဈေး ကတော့ မပြောင်းဘူးပေါ့။ ဒါပေမယ့် အဲဒီ စပါးပုံတွေ ကို ဆန်အိတ်တွေ အ ဖြစ် ဘဝတစ်ပါး ပြောင်းပစ်ပြီး မြို့ပြမှာ သွားရောင်းပစ်ကြတာပေါ့ မေ။ မေတို့အိမ်မှာ စားနေတဲ့ “ ဆန် ” ဆိုတာပေါ့။ ဆန်တစ်စေ့ အတွက် ကုန်ကျခဲ့တဲ့ စွမ်းအားတွေ ကို ဂဏန်းပေါင်းစက် အသစ်လေးနဲ့ မေကွက်လိုက်ပါ။

တွေ့လား၊ တွေ့လား.................. တွေ့ရဲ့ လား.................. မေ။

ကောက်စိုက်သမ တစ်ယောက် ကန်သင်းပေါ်မှာ အန်ချနေတယ်။ သူတို့ဟာ မနက်စောစော လယ်ကွင်းပြင်ထဲ မဆင်းခင်မှာ ထမင်းကြမ်းခဲကိုပဲ လွေးထာကြရတာ ကလား။

မေတို့လို ကော်ဖီတစ်ခွက် ၊မုန့်တစ်ဖဲ့၊ မုန့်ဟင်းခါးတစ်ပွဲ၊ နံပြားတစ်ချပ်တည်းနဲ့ သူတို့အစာအိမ်ကို တစ်မနက်စာ ဖြေးသိပ်ခဲ့လို့ရတာ မဟုတ်ဘူး။ အဆာခံအောင်လို့ မာလေကောင်းလေ ထမင်းကြမ်းကိုမှ စားခဲ့ကြရတာ ။

နောက်ပြီး မေ့လို့ ရွှေထည် ၊ကျောက်ထည်ရောင် စုံနဲ့ ခင်းကျင်းဖျားယောင်းထားတဲ့ မှန်ပုံရှေ့မှာ ဟန်နော့နော့ လေး ပေးထိုင်ရင်း ရွှေချိန်ခွင်ကလေးကိုပဲ မနည်းအားစိုက် မ တင်ချိန်တွယ်ရတာ မဟုတ်ဘူး။ အဲဒီ လို အပြည့်အသိပ် ဖြည့်တင်းလာရတဲ့ အစာအိမ်ကို ရင်မှာ လွယ်ပြီး တစ်နေကုန် တကုန်းကုန်း ကောက်စိုက်ရတော့ အစာတွေ ပြန်အန်ထွက်တာ ဆန်းပါ့မလား။

တမန်းဆီတက် မည်းညစ်နေတဲ့ သူတို့သလုံးသားတုတ်တုတ်တွေ မှာ မည်းမည်းကြီးကပ်နေတဲ့ အကောင် ရှည်ရှည် တွေ ကို တွေ့လား။ အဲဒါ “ မျှော့ ” လို့ ခေါ်သကွယ့်။ တစ်ကောင်တွယ် ၊ တစ်ကောင်ခွာလုပ်နေရင် အလုပ် ဘယ်မှာ တွင် ပါ့မလဲ။ တစ်ခါ တစ်ခါမှ စုပြီးခွာချပစ်ရတာ ။ မေတို့သာဆိုရင် လန့်အော်ပြီး တက်သွားမှာ အမှန်ပဲ။

ဆိုင်ခန်းထဲမှာ ပန်းထိမ်လုပ်သားတွေ နဲ့ မေအလုပ်ရှုပ်နေတဲ့အချိန်မှာ ရေတွေ ဖြန့်ခင်းထားတဲ့ လယ်ကွက်ထဲ မှာ သူတို့အလုပ်တွေ ရှုပ်လို့၊ ညနေစောင်းလို့ မေတို့ ဆိုင်သိမ်းချိန် သူတို့လည်း ကွေ့ကောက်တဲ့ ကန်သင်းရိုး မို့မို့ပေါ်မှာ အလုပ်သိမ်းလို့ အိမ်ပြန်ချိန်။ ဒီကနေ့ ရသမျှ ငွေစက္ကူအိတ်ကြီးကို ကားပေါ်တင်ပြီး မေအိမ်ပြန်။ငွေတွေ ရေတွက် အမြတ်ထွက်ချိန်။ သူတို့ လုပ်အားခလေးတွေ ကိုယ်စီကိုင်ပြီး ညနေစာချက်ဖို့မီးမွေးချိန်။

မေတို့ပိုင်တဲ့ ရွှေငွေရတနာဆိုင်ကြီးသည် မြို့ တစ်မြို့ ၏ သွေးကြောလမ်းမကြီးပေါ်မှာ ဟည်းတိုက်ပြီး နိုးကြားတက်ကြွနေခဲ့တာ ကြာပြီ ဖြစ်သည်။

ဆိုင်ခန်းမှန်ပုံးထဲမှာ ရွှေထည်၊ကျောက်ထည်၊ စိန်ထည် တွေ စုံလင်လှစွာ တပုံတပင်၊ အစိမ်း ၊အနီ၊ အပြာ၊ အသွေးရောင် စုံ ဒြပ်မှု န်များ ဖိတ်ဖိတ်ပြေးနေသည်။ မျဉ်းအတွန့်အကွေးနှင့် မျဉ်းကွေးကနုတ် ပန်းခက်လက်ရာ မွန်တွေ လည်း

ရွှေနန်းသူတစ်ပါးလို ဆွဲဆောင်နိုင်မှု ဖွံ့ဖြိုး လွန်းလှပေသည်။

ကျောက်စိမ်းထည်ဝမ်းဆက်၊ ဆေးသားပျော့ အစိမ်း ဝမ်းဆက်၊ ပန်းနုရည်မိတ်ကပ်ပါးပါး၊ ပန်းရောင် လဲ့ရုံ နှုတ်ခမ်းဆီ၊ ဝင်းဖန့်နုနုအသားရောင် ၊ ကိုယ်ပြေထင်းတို့ကြောင့် ကျူကသရေဆိုသည့် အမွန်ရတနာကို မပိုင်ဆိုင်ခဲ့ သော သူတစ်ဘဝစာ ကြာခဲ့ပြီလို့လည်း ဆိုနိုင်လေသည်။

ကျေးလက်သူ အဒေါ်ကြီး တစ်ယောက် မေ့ရှေ့မှာ လာထိုင်၏ ။ မေက ကော်ဖီတွေ ဘာတွေ ချတိုက်သည်။ မေသည် ပါးနပ်လှသည်။ အားတုံ့အားနာ ဖြစ်သွားတာ ထိုအဒေါ်ကြီး ဖြစ်သည်။ မေက သွက်လည်း သွက်၏ ။

အဒေါ်ကြီးဝယ်သည့် ပစ္စည်းလက်ခကို မေက ဇွတ်လျှော့ပေးသည်။ လုံးဝမယူဘူးလို့ မေက ပြောသည်။ အလျှော့တွက်ထဲက တောင်ထပ်လျှော့ပေးပြန်သည်။ လမ်းစရိတ်လည်း ပြန်ပေးသေးသည်။ နောက်လည်း လာခဲ့ပါလို့ လောကွတ်ပျူငှာ စကားဆိုသေး၏ ။ တမန်းဆီမျက်နှာနှင့် အဒေါ်ကြီးခမျာ မေ့ကို တအားအားနာနေရှာပြီ။

မေသည် နားကပ်ကို ဟောင်းလောင်း ဖြစ်နေသော နားပေါက်ထဲသို့ တယုတယ ပန်ဆင်ပေးသည်။ သူ့လုပ်အားခတွေ ကို နားမှာ ဆင်သပြီး အဒေါ်ကြီးပြန်သွားသည့်အခါ သူ့ဆီမှာ ပါလာခဲ့တဲ့ ကျေးလက်လုပ်အားခတွေ မေ့ဆီမှာ ကျကျန်ရစ်ခဲ့တာ အဒေါ်ကြီးသိပုံမပေါ်။

မေသည် နောက်ဘက်သို့ လှည့်ကာ ရွှေထည်ကို ဘရပ်နုနုကလေးတွေ နဲ့ ပန်းထိမ်အလုပ်သမားတွေ ကို ဘာတွေ စီမံညွှန်ပြနေသည်မသိ။ ပန်းထိမ်ခုံရဲ့ ရွှေခံဗန်းတွေ ထဲမှာ တော့ ရွှေမှုန်စလေးတွေ ဝင်းဝင်းဖိတ်စဉ်လျှက်။

ပျားရည်ဆိုတာ ပျားကောင်ကလေးတွေ သောက်ဖို့ စုပေါင်းလုပ်အားဖြင့် သိမ်းထားသော ဩဇာရည်တစ်မျိုး ဖြစ်သည်။ ထိုပျားရည် မြစ်ကြီးသည် မေ မမွေးမီကတည်းက မေ့အတွက် စီးဆင်းခဲ့ပြီးသား ဖြစ်ခဲ့သည်။

စကားပြောရင်း တစ်ရှိုက်ဖွာပြီး ပြာခွက်ထဲ ထိုးနှစ် လိုက်တဲ့ မာဘိုရိုတစ်လိပ်၊

ပူပြင်းချိုမြ ယမကာပျော့တစ် ကျိုက်၊ ရေထွက်ဟင်းလျာ၊ အမြည် းတစ်ပွဲ၊ ထမင်းဖြူ တစ်ပန်းကန်၊ သီချင်းတစ်ပုဒ်၊ ဆုပန်းခြင်းတစ်ခြင်း၊ ကာရာအိုကေ ညချမ်းရဲ့ ဂီတသံလွင်၊ မီနီစကပ်ရဲ့ နုတ်ခမ်းနီ၊ အရေပြားချင်းပွတ်သပ်မှု .....................

မေသည်ည အဲဒါတွေ ကို ဘယ်လိုတပ်မက်မှန်းမသိ တပ်မက်လွန်းအားကြီးနေသူ ဖြစ်၏ ။

ကိုယ် ကတော့ မေရဲ့ နားလည်ရခက်သည့် အဲဒီ ဗီဇဉာဏ်တွေ သန္ဓေတည်လာတဲ့ အချက်တစ်ခုကိုပဲ အမှု တစ်ခုလို ကင်းမွှန်းတပ်ပစ်ချင်တော့သည်။

အောင်ထိပ်

ရုပ်ရှင်အောင်လံ (၁၉၉၇)

▪

## တမန်တော် ဧည့်ခံပွဲ

ငါဖန်ဆင်းသော ဒီကမ္ဘာမြေပေါ်မှာ ငါဖန်ဆင်းခဲ့သော လူသားတွေ ကို နေရာတကျ ဧည့်ခံပေးခဲ့သော ငါထာဝရ တမန်တော် ဖြစ်တော် မူသော် ငါသည် အသင်လူသားတို့အား ပြန်လည်၍ ဧည့်ခံလတ္တံ့က.........................၊

ငါ၏ ဧည့်ခံပွဲကို မွေ့ကြလော့တည်...................။

ထာဝရ တမန်တော် ဝဝ စက္ကန့်၊ဝဝ မိနစ်၊ ဝဝနာရီ၊ ဝဝ ရက်၊ ဝဝလ၊ အေ ဝဝ၊ ရာစုကုန် ၊ သန်းခေါင်အချိန်တိတိ

သန်းခေါင်ပေမယ့် တမန်တော် ကြွချီတော် မူမှာ မို့ အရောင် တွေ က လင်းနေတယ်။

ပင်ကိုဟန်အတိုင်းပါပဲ။ မဂ္ဂဇင်းတိုက်တစ်ခုက တောက်တိုမည့် ရ အဆင့် (၁) အယ်ဒီတာ၊ ကဗျာ ဆရာ ကိုကံထုံ ခပ်မင့်မင့် လျှောက်နေသည်။ ၂၁-ရာစု လောကသားတွေကို အနည်းဆုံး တစ်နိုင်တစ်ပိုင်လောက်ပဲ ဖြစ် ဖြစ် စိတ်ဓာတ်ပြုပြင်ဖာထေးဖို့ စိတ်စောနေလို့လည်း လေးနှစ် ဖက်ကိုသူလှည့်မကြည့်၊ နောက်တစ်ကြောင်းလည်းရှိသေးသည်။ နောက်တစ်ကြောင်းက သူ့ကို လုံးထွေးသတ်ပုတ်နေတဲ့ အခန်းလခ၊ ခဝါခ၊ စားကြွေးသောက်ကြွေး၊ ဆံသကြွေး၊ စာအုပ်နဲ့ တိပ်ခွေ ဆိုင်ကြွေး..................ကြွေး။ ကြွေး.......................ကြွေး။ ဒီလိုကြွေးပေါင်း သမ္ဗရန် ဖြုတ်စ ဗျင်းတောင်းတွေ နဲ့ ဒီလောကလူထူထပ်တဲ့ နေပြည်တော် လမ်းမကြီးပေါ်မှာ အလစ်အငိုက် ပက်ပင်းတိုး တိုက်ပွဲဝင်ရမှာ မဝံ့လို့လည်း ဖြစ်သည်။

ဒါပေမယ့် ဒီလိုပွဲလမ်းကြီးရှိနေလို့လည်း ကံကောင်းတယ် လို့သူထင်၏ ။ လူတကာ အားလုံးစိတ်မှာ သူတို့ကို ကယ်တင်ပေးဖို့ တမန်တော် ကို ဂျိုကျဖို့ရာသာ ပွက်အန်နေကြတာ မဟုတ်လား။ ယခုထိတော့ လမ်းမကြီးပေါ်မှာ လူကင်းနေသေးသည်။

ဒါကြောင့် တစ်လနဲ့ ငါးရက်တိတိ ၃၁ + ၅ = ၃၆ ရက်တိတိ ခေါင်းအူနေရဆဲ အတွေးပုတစ်ခုအတွက် ခေါင်းထဲမှာ အလုပ် လုပ်လာနိုင်ခဲ့သည်။ အမှန်မှာ မေဖဲယားက သူ့ကို လက်ထပ်ဖို့ အတင်းပူဆာကတည်းက ပေါင်းအိုးကြီးလို ဦးနှောက်ကို ကျိုက်ကျိုက်ဆူစေခဲ့သော အတွေး ဖြစ်သည်။ သူရည်ရွယ်ထားတာက အပယ်ခံထား ရတဲ့ ကဗျာအပုဒ်ပေါင်း နှစ် ထောင်ကျော်ကို အနည်းဆုံးဘာသာ (၂၀) လောက်နဲ့ တစ်ကမ္ဘာလုံးဖြန့် ချလိုက်မယ်။ ဒေါ်လာတွေ ၊ ယန်းတွေ ၊ ယွမ်တွေ ၊ ပီဆိုတွေ ၊ ပေါင်စတာလင်တွေ တစ်ထောကြီးရတဲ့ အခါမှ ချားလ်နဲ့ ဒိုင်ယာနာလို မဟုတ်သေးရင် အိုရီဟီတိုနဲ့ မီဂါဝါတို့လို အခမ်းနားဆုံး လက်ထပ်ဖို့ ကမ္ဘာတစ်ပတ် ဟန်းနီးမွန်းထွက်ပြီး ပုပ္ပားတောင် ကလပ်မှာ တရားစခန်းဝင်ဖို့။

" ပန်းပွင့်ကလေးပေးလိုက် ရတဲ့ ဝတ်ဆံမှု န်ဟာ လျှော့သွားတဲ့ သားတစ်ကောင်နဲ့ ဘဝတူပဲလား၊ မေဖီယားဟာ ပန်းတစ်ပွင့်ဆိုရင် သူကလိပ်ပြာလား။ သူကိုယ်တိုင်က ပန်းတစ်ပွင့်လား။ သူ့သွေးသားက သားသမီး ဖြစ်ခဲ့ဖူးလို့ သူဟာ ဖခင်

တစ်ယောက် ဖြစ်ခဲ့ဖြစ်ပြီလား။ လား............လား..........................လား။

ရုတ်တရက် မေဖဲယားနဲ့ ရင်ဆိုင်ရမှာ အူတုံသည်းတုံ ကြောက်လာပြီး ချိတုံ့ချတုံ ဖြစ်သွားသည်။ သူဇဝေဇဝါ ဖြစ်သွားတုန်း သူရပ်မိလိုက်တာ လမ်းလေးခွ အဆုံတည့်တည့်မှာ ဖြစ်သည်။

တူရှုလမ်းဆုံအလွန်မှာ အရောင် မွဲမွဲ နွေသစ်ခြောက်ပင်လို လူ တစ်ယောက် ရပ်နေတာတွေ့ရသည်။ သူရပ်လိုက်လိုက်မိတာ အမှန်မှာ သူဘယ်လမ်းဆက်လိုက်ရမယ်ဆိုတာ ဖြေ ရာခိုင်နှုန်း မသိ၍ ဖြစ်သည်။ သို့သော် ထိုလူက ဆက်လျှောက်လာဖို့ ကဗျာ ဆရာကို လက်လှမ်းပြရင်း စောင့်သည်။

" ဒီမှာ ကိုယ့်လူ၊ ကျုပ်ကို ဘယ်ညာလမ်းခွဲတွေ ထဲ ချိုး ဝင်သွားမယ်ထင်လို့လား။ ခင်ဗျားမှာ းသွားမယ်။ သောက်သောက်လဲ မှာ း သွားပါလိမ့်မယ်။ ဒီလမ်းလေးခွ မရောက်ခင်ကတည်းက တည့်တည့်သွားဖို့ ကျုပ်ဆုံးဖြတ်ပြီးသားဗျ။ ကိုင်း - ဒီတော့ ခင်ဗျား ၁၈၀ ဒီဂရီတိတိမှာ းသွားပြီ မဟုတ်လား။ ဘာပြောချင်သေးတုန်း "

ကဗျာဆရာက ခပ်ထန်ထန်အပေါ်စီး စကားလုံးကြီးတွေ ကိုင်ပြီး သူ့ဝသီအတိုင်း ဆောက်နဲ့ထွင်းပစ်သည်။ ကြက်ဥခွံတစ်ခြမ်းစာလောက် မျက်တွင်းချိုင့်မှာ နစ်ဝင်နေတဲ့ မျက်လုံးညှင်းညှင်းတစ်စုံ ပြူး ကျယ်သွားတာ။ နဖူးအရေး တွေ ပြည်ဖုံးကားဆွဲတင်သလို တွန့်တက် သွားလောက်အောင် ထိုလူ ဟက်တက်ကွဲသွားတာ ကဗျာဆရာ သတိထားမိသည်။

" ကျုပ် ရင်နဲ့ရင်းပြီး တင်ပြချင်နေတာ တစ်ခုရှိလို့ဗျ။ ကျုပ်က စာရေး ဆရာမောင်ကံမှု နိပါ "

ဆိုတော့ မွေးရာပါ ဗီဇကို ပုံအောပြီးအလိုလို လေးစားပစ်လိုက်တာ ကဗျာဆရာ ဖြစ်သွားသည်။ ခြေလှမ်းကို ခပ်နှေးနှေး ထားပြီး သူတို့နှစ် ယောက် စကားပြောလာကြသည်။

"ဒီလိုဗျ၊ ဒီလိုပါ၊ ဧည့်ခံပွဲကို ရောက်ရင် တမန်တော် ကို တင်ပြမယ်လို့ပါ။ လူ တစ်ယောက် ဟာ မွေးလာတယ်။ စားတယ်၊ အရွယ်ရောက်လာတယ်။ စားတယ်။ ကြီးလာတယ်။ စားတယ်။ စားရင်းသေသွားတယ်။ အဲဒီ ဆက်စပ်ဖြစ်စဉ် ကြီးမှာ ပဲ အဲဒီ လူဟာ

တောင်ပေါ်ကို ဘီးတပ်လှည်းကလေးနဲ့ ဝန်ကို စက်နဲ့မလပ် ဆွဲတင်နေရတယ်။ တောင်ထိပ်ပေါ် ရောက်ရင်တော့ နားရပြီလို့ တွက်ထားတယ်။ ဒါပေမယ့် သူ့ခမျာ မနားရရှာဘူးဗျ သိလား ”

ကဗျာဆရာ အကျပ်ရိုက်သွားပြီ။ သူ့မေဖဲယားကိစ္စအတွေးကို တိခနဲဖြတ်ပြီး စာရေး ဆရာအမေးကို ဖြေဖို့ အားမွေးနေရသည်။

“ အဲဒါ ကျွန်တော် မသိဘူးဗျ၊ တောင်ကုန်း ပေါ်မှာ သူမနားချင်သေးလို့ နေမှာပေါ့ဗျာ ”

“ မဟုတ်ဘူးဗျာ၊ မဟုတ်ဘူးမောင်ရင်ရဲ့ ၊ နားလို့ကို မရတာ ဗျာ၊ အဲဒီဆွဲတင်ခဲ့တဲ့ ဝန်က၊ ပြန်တွန်းချနေတာ၊ ဒီတော့ အဲဒီ လူကို နားလို့ကို မ ဖြစ်ပြန်ဘူး၊ ဖြစ်နေတယ်။ ကမ္ဘာ့လူသားတွေ အများ စုရဲ့ ဒီပြဿ နာအစိုင်အခဲကြီးကို တမန်တော် ကို အသိပေး မလို့ဗျ၊ ဘယ်နှယ့်လဲ ”

“ ဟ ............ကိုယ့်လူရ၊ ဒီလိုသာဆို ကမ္ဘာပေါ်မှာ အိုအေစစ်ဆိုတာ ပျောက်သွားတော့မပေါ့ ”

လှလှပပ ထောက်ကွက်ရသွားလို့ ကဗျာဆရာ ပျော်သွားခဲ့။

“ မဟုတ်ဘူး မောင်ရင်၊ မောင်ရင် ဇောက်ထိုးကြီး မှာ းသွားပြန်ပြီ ”

မတ်တပ်ရပ်ပြီး နှစ် ယောက် သား အငြင်းအခုန် ဖြစ်ပြန်ပြီ။

“ ဘယ်နှယ့်လုပ်မှာ းရမှာ လဲဗျ၊ ဒါဟာ အတ္တိမသဘာဝ နိယာမရဲ့ ပန်းတိုင်၊ ဒါမှမဟုတ် ကွန်းခိုရာလို့ ယူသော် ရ၏ ဆိုတာလိုနိမိတ်ပုံလေဗျာ။ နိမိတ်ပုံပေါ့။ ဒီနိမိတ်ပုံကို အတွေ းစထည့်ပြီး ဇာချဲ့ကြည့်စမ်းပါ။ လူ့ဘဝဆိုတာ တကယ့်တော့ ကဗျာရှည်ကြီး တစ်ပိုဒ်လိုပဲ ကျုပ်ကမြင်တာ။ နလုံးခုန်သမျှဟာ ကဗျာတွေ ပေါ့။ ကျုပ်က ကဗျာ ဆရာဗျ”

မွေးညှင်းလေး ငါးပင်ကွက်ပြီး လှုပ်ခါလောက်အောင်ပဲ စာရေး ဆရာ ဖြုံ သွားသည်။ ကဗျာဆရာယူတဲ့ နိမိတ်ပုံက လူသားမှကိုး၊ အိုအေစစ် ဟိုတယ်။ အိုအေစစ်

မိုတယ်။ အိုအေစစ် အအေးဆိုင် အအေးဓာတ်၊ ဘာ ပြောပြော ဒီကဗျာဆရာ ငါ့လောက်နီးနီးတော့ တော် တယ်။ ငါ့လောက်မတော် တာတော့ အမှန်ပဲလို့ မသိမသာလက်ခံပြီး ဆက်လျှောက်လာသည်။

"ကျွန်တော် ကဗျာမဖွဲ့တတ်ပေမယ့် ကဗျာတွေ ကို ချစ်တယ်။ ဘွတ်အုပ်နဲ့ နတ်လည်းထုတ်ကျက်တယ်။ အလွတ်လည်း ရွတ်ပါတယ်။ ကဗျာဆရာတွေ ကိုလည်း လေးစားပါတယ်။ only a few giffed may be poet ဆိုတဲ့ စကားကိုလည်း ကျွန်တော် လက်ခံပါတယ်။

"မလေးစားလို့ရမလားဗျ၊ ကဗျာကိုထိရင် ၊ ကဗျာ ဆရာကိုထိရင် ကျုပ် ကတော့ဒါပဲ "

ကဗျာဆရာက ချွန်မြဖွေးလက် နစ် ဖက်သွား ဓားမြှောင်ကိုထုတ်ပြသည်။ အသံတွေ လည်း ထောင့်အောင့်လာ လို့ စာရေး ဆရာ လန့်ဖျပ်သွားပြီး အသံတွေ လည်း ထောင့်အောင့်လာလို့ စာရေး ဆရာ လန့်ဖျပ်သွားပြီး အသံတွေ စေးထုံထုံ ဖြစ်သွားခဲ့ပြီ။

" ဟဲ ဟဲ ဒီလိုပါဗျာ၊ ကဗျာဆရာရယ် ။ ခုနက ဝန်ဆွဲတဲ့ လူဆိုတာ ကျွန်တော့်ဘဝရဲ့ ကောက်ကြောင်းနဲ့ ပစ်ခတ်ပြီး တင်စားလိုက်မိလို့ပါဗျာ၊ စိတ်မရှိပါနဲ့ ။ ကျွန်တော် ဘွဲ့တစ်ခုရခဲ့တယ်။ တောင်ကုန်းထိပ်နဲ့ တူတဲ့ လက်တစ်ဖျက် ပေါ်ရောက်ခဲ့တယ်။ ဘွဲ့မရခင်ကလည်း ရှန်းကန်၊ ဘွဲ့ရပြန်တော့လည်း မနားရပြန်ဘူးဗျ၊ ရှန်းကန်ပြေး လွှားပဲ၊ ခင်ဗျားပြောတဲ့ အိုအေစစ်ဟာ ပုံသေမရှိပေမယ့် သူ့ဆီ ရောက်လာနိုင်တဲ့ အဲဒီ လူတွေ ကိုပဲ ဘဝမောင်းနှင်အား တွေ က စက္ကန့်မလပ်မောင်းနှင် နေပြန်တယ်။ တမန်တော် ဆီမှာ ကျု ပ်တင်ပြချင်တာ အဲဒီ အချက်ပဲဗျ၊ အရှင်ထာဝရ တမန်တော် ရယ်၊ အဘယ်သို့ သော လူစားမျိုး ကို ရွေးပြီး ဒီ ဖြစ်စဉ်ကြီးထဲကနေ " ပ " စားပေးပါသလဲလို့ ကျုပ်သွားမေးမ လို့ ။ ဘယ့်နှယ့်လဲဗျ၊ ကဗျာဆရာ "

" အေးဗျ၊ ဒါဆိုရင် အိုအေစစ် ဆိုတာ တမန်တော် မျက်နှာလွှဲလိုက်တဲ့ သေခြင်းတရားကို နိမိတ်ပုံပြောင်းယူမှ ကောင်းတော့ မယ်ထင်တယ် "

“ အို ရှုပ်ပါတယ်။ ဦးနှောက်စားပါတယ်။ တမန်တော် ဆီကျမှ တင်ပြကြတာပေါ့ ”

နှစ် ယောက် သား နွေးထွေးလာကြပြီမို့ ကဗျာဆရာကလည်း တမန်တော် ဆီတင်ပြဖို့ သူသယ်လာသော ဖဲယား ပေးထားတဲ့ “လား ” တွေ လို ညည်းညူပြ၏ ။

“ ကဗျာဆရာတင်ပြမယ့် hyphothesis ထဲမှာ ကျုပ်တစ်ချက်တော့ ထပ်ဖြည့်ချင်တယ်ဗျာ။ ပြည့်စုံအောင်လို့ပါ။ ဒီကမ္ဘာပေါ်မှာ အောက်ဆိုဒ်အက်စ်နဲ့ ပဋိပက္ခတားဆေးတွေ အလုံအလောက် ဖြန့်ဝေထားရတဲ့ အကြောင်းတရားဟာ ဘာကြောင့်ပါလဲ အရှင်ဆိုတဲ့ မေးခွန်းကိုထည့်မေးသင့်တယ် ထင်တယ်ဗျာ။ ”

ကဗျာဆရာ မိုက်ခနဲ ဖြစ်သွားခဲ့။ ကြည့်စမ်း မေဖဲယား နဲ့ သာချစ်ခဲ့တာ။ ငါ့နှယ် စုတ်စုတ်ကန်းကန်း မေ့မှ မေ့တတ်လွန်းတယ်ဟု ကိုယ့်ကိုယ်ကို မကျေနပ်ချင်တော့ ။ စာရေးဆရာကို ပိုလို့ အထင်ကြီးသွားခဲ့။ သူ့အတွေး တွေ က ပြည့်စုံတော့ ။ ငါ့အတွေး က စူးရှတာလို့ စဉ်းစား ဖြစ်သွားခဲ့။ ခုနက မာရေကြောရေပြောခဲ့တာ တွေ ကိုလည်း အားနာချင်လာသည်။ သို့ သော် ---------သို့ သော်။

“ အင်း ခင်ဗျား မဆိုးပါဘူး။ ကျုပ်ရဲ့ ဇာဒသမြောက် အာရုံမှာ အတော့်ကို ခိုက်သွားလို့ မိုက်ခနဲတောင် ဖြစ်သွားတယ်ဗျာ။ ခင်ဗျား မြင်လိုက်တယ် မဟုတ်လား ”

နှစ် ယောက် သား ရေနံ့ဆီနဲ့ ရေလိုနီးသွားကြပြီ။ ကဗျာ ဆရာလည်း ဘေးဘီကို ကြည့်ရဲစပြုပြီ။ ကြွေးရှင် တွေ ကို ဖြစ် ဖြစ် ၊ မေဖဲယား မျက်ခြေဖြတ်ဖို့ စိတ်ထဲမှာ အစီအမံတွေ လုပ်ထား တုန်းပဲရှိသေးသည်။ ဒါပေမယ့် မျက်စိ လျင်မှ ရမည် ။

ဘေးကို လှည့်အကြည့် နောက်ကပြေးတက်လာသော တော ဖြစ်လူဗလံတစ်အုပ် ကျော်တက်သွားတာ ကဗျာဆရာ သတိထားမိလိုက်သည်။ လက်ထဲမှာ ကျွတ်ကျွတ် ထမင်းထုပ် အိတ်တွေ လူစေ့တက်စေ့ ကိုင်၍ -

တောက်ရွာမှာ သာနေရတယ်။ ဖက်စိမ်းနံ့စွန်းတဲ့ ထမင်းကို ပလက်စတပ်နဲ့ လဲခဲ့ရတာ ကြာခဲ့ပါပြီ။ ဟိုရောက်မှ ထာဝရ တမန်တော် ကို တိုင်ပြောရမယ် ”

လူအုပ်ထဲက ထွက်ကျကျန်ရစ်တဲ့အသံတွေ ၊ စာရေး ဆရာက အသံတိတ် ဝတ္ထု တစ်ပုဒ်အ ဖြစ် အသက်သွင်းဖို့ စိတ်ထဲ တေးနေတုန်း၊ကဗျာဆရာ နားမလည်ဘူးဆိုလို့ ရှင်းပြရသေး၏ ။

“ အဲဒါကို မော်ဒန်ကျေးလက် ခံစားမှု ကဗျာတစ်ပုဒ်တော့ ရပြီဗျ၊ အမြီးတယမ်းယမ်း ကောင်းကင်၊ အမွေးပါတဲ့ မြင်းရိုင်း၊ လျှာ တန်းလျားပင်လယ်၊ သွားရည်ခံဝတ်ထားတဲ့ တိမ်တိုက်တွေ ၊ ရောမွှေ ခလောက်ပြီး နမိတ်ပုံတွေ နဲ့ ”

“ ကျုပ် ကတော့ ရုပ်ပတ်ဝန်းကျင်နဲ့ ကျေးလက်နလုံးသားတွေ တိုက်ပွဲကို ဖော်ကျူး စရာရသွားပြီ၊ ဟုတ်ပြီ၊ ဝတ္ထုရှည်တစ်ပုဒ် ရပြီ။ ”

“ ဟ ဒါဟာ မော်ဒန်ကိစ္စဗျ၊ ခင်ဗျား မဖွဲ့နေပါနဲ့ ၊ စူးရှမှာ မဟုတ်ဘူး။ ခင်ဗျားလည်း ဉာဏ်မီမှာ မဟုတ်ဘူး။ ဒီလောက်ကောင်းတဲ့ sense ကို ပညာရှိ ပစ္စည်း ဖြစ်တဲ့ မော်ဒန်ကဗျာနဲ့ပဲ ခင်းကျင်းသင့်တယ်၊ ခုဆို သုခမိန်ပစ္စည်း Post မော်ဒန်တောင် ပေါ်နေပြီ။ ခင်ဗျား လျှိုလိုက်ပါ။ ”

ကဗျာအကြောင်းပြောတိုင်း အသံရော၊ ဟန်ရော ခက်ထန်လာတတ်တဲ့ ကဗျာဆရာကို စာရေး ဆရာ ခွင့်လွှတ် ဖြစ်သွားခဲ့သည်။

ကမ္ဘာ့မျက်နှာ တစ်စိတ်စာလောက် ကျယ်ပြောတဲ့ ကွင်းပြင်ကြီးထဲတွင် ဝင်လာကြလို့ ဖြစ်သည်။ ကွင်းကြီး ပေါ်မှာ လူသန်းပေါင်းများ ၅၀၀၀ ကျော်အတက် ရှိမည် ဟု ကဗျာဆရာမှ န်း၏ ။ ဒီလူ အုပ်ကြီးထဲ သူ့ကဗျာတွေ စိမ့်ဝင် သွားဖို့ ဘာသာပေါင်း ၂၀-နဲ့ လုံလောက်ပါ့မလား။ စိတ်ရှုတ်နောက်ကျသွားသည်။ စာရေး ဆရာလည်း နောက်ရာစု လောက်ကျရင် ဂန္ထဝင် ဖြစ်လာဖို့ ရှိတဲ့ သူ့ဝတ္ထုတွေ ကို ပွိုင့်မွှားမွှားလေးတွေ နဲ့ လက်တစ်ကိုင်စာ၊ စာအုပ် ပါးပါး လေးတွေ ဖြစ် ဖြစ်ထုတ်ဖို့ အားတက်နေသော ပါ။ လူများများ လက်ထဲရောက်ဖို့ အဓိကပဲ ၊ မှန်ဘီလူး ပေါ်တဲ့ခေတ်ပဲ၊ သိပ် ကိစ္စမရှိနိုင်ဘူးလို့ သူ့စိတ်ထဲမှာ ငြင်းခုန်နေတုန်း။

သူတို့နှစ် ယောက် တစ်သက်တစ်ခါမှ မတွေ့ဖူးတဲ့လူတွေ ကြောင့်

အံ့သြသွားသည်။ ဗိုလ်ရွှဲရွှဲ ၊ကုပ်ပိုးအစ်ထွက်၊ အသားအရေတွေ ပြောင်လက်၊ လူထူးလူဆန်းကြီးတစ်အုပ်၊ ပုံသဏ္ဍာန်က တခြား လူတွေ နဲ့ မတူကြဘဲ။ ကြောင်တိကြောင်ကြား မိန်းမတွေ ။ ပေါင်တံ ရှည်မတွေ က တမင်တကာ မလုံမခြုံ။ ဘေားအသံတွေ ညံနေသည်။

“အဲဒီ လူတွေ က ဟိုတယ်မှာ ကမ္ဘာ့ဈေးအကြီးဆုံး လူဝံနှုတ်ခမ်းကြော်တွေ စားလွှန်းလို့ အဲဒီ ပုံစံ ပေါက်သွားတာ ဗျ ”

ဆက်ကြားရသမျှကိုလည်း သူတို့မယုံချင် တော့ပါ။ လူအုပ်တွေ ထဲမှာ ရုပ်ရှင်မင်းသမီး မော်ဒယ်ဂဲ၊ အဆိုတော် ၊ သူဌေး၊ကပွလီ၊ အသားဝါ၊ ကော့ကေးရှန်၊ အီသီယိုပီးယား မော်ဒယ်၊ အစုံပဲ။

“ အမဲ၊ ကြက်၊ ဝက်၊ ဆိတ်သားတွေ ရိုးသွားလို့တဲ့။ ဟော ဟို မင်းသမီးလေးဆို ကြက်လျှာကြော်ဟင်းပွဲကို သိပ်ကြိုက်တာ တဲ့”

ကျားအသည်းနဲ့ နှလုံး၊ ဆင်အချင်းစွပ်ပြုတ် ၊ဖျံဦးနှောက် ကျပ်တင်၊ မျောက်လေပွေ့ မိုက်ပျဉ်သား၊ ဝေလငါး သွား ဖုံးနှ။

“ မယုံရင် ဟောဟို လူစားနေတာကြီးကို ကြည့်ပါလား၊ သူ့လက်ထဲက ကိုင်ထားတာ ဝက်ဝံလက်ဖျံ အကြွပ်ကြော်လေဗျာ”

“ အား .......ကျွတ်................ကျွတ် ”

“ မလန့်နဲ့ စာရေး ဆရာရဲ့ မလန့်နဲ့ သိပ်လှတဲ့ ကဗျာတစ်ပုဒ် ရ သွားပါ။ ကမ္ဘာလောကကြီးဟာ သားသတ်ရုံ ကြီးလို့ နိမိတ်ဖတ်ပုံယူလိုက်ရင် သိပ်လှသွားပေါ့ဗျ”

စကားမဆုံးလိုက်ပါ။ ကွင်းပြင်ကြီး အက်ကွဲ သွားလောက် အောင် အသံတွေ ဆင့်ကဲ ပေါ်ထွက်နေ၍ သူတို့နှစ် ယောက် ထိပ်ထိပ်ခါခါ ဖြစ်သွားသည်။

“ အရှင် ထာဝရတမန်တော် လူအချို့ ကို အရှင့်အခန်းထဲ အထိ အလည်လာခွင့်ပြုပြီး ဧည့်ခံနေတယ်ဆို ”

လူအုပ်ကြီးရဲ့ ၉၀ ရာခိုင်နှုန်းကျော်လောက် ဝိုင်းအော်တဲ့ အသံလို့ ကဗျာဆရာသုံးသပ်၏ ။ စာရေး ဆရာက မကနိုင်ကြောင်း အငြင်းပွားကြပေမယ့် နောက်ထပ်အသံတွေ ထွက်လာဦးမှာ လား။မျှော်လင့်ရင်း နှစ် ယောက် သား ငြင်းဖို့မေ့သွားကြပြီ။ သူတို့ လူအုပ်ထဲ ဆက်တိုးဝင်လာခဲ့ကြသည်။ နောက်ထပ် လူအုပ်ကြီးထဲက အော်သံကြီး ဟိန်းလာပြန်ပြီ။ ခုနကထက်ပိုပြီး ကျယ်လောင်ဆူညံနေသည်။

" ကျွန်ုပ်တို့ ပျားရည်မဲ့ သလက်ပြင်ကြီးပေါ် ရောက်နေကြပါတယ်။ ဒါကြောင့် နံ့သွန်ကနေ ဝမ်းရေစပ်အထိ နံရိုးတွေ နဲ့ ခြံခတ် မြှုပ်နှံပေးပါ။ မြှုပ်နှံပေးပါ။ ပေးပါ "

ပဲ့တင်တုန်ခါသံ အက်အက်ကြီးကြားမှာ စာရေး ဆရာ နဲ့ ကဗျာဆရာဘာကို လိုက်အော်ရမှန်းမသိ။ မျက်စိလည်ရင်း လူတွေ ကိုပဲ လိုက်ကြည့်နေသည်။ မည်း သည်၊ ပိန်ကပ်လိန် ခြောက်နေသော မျက်နှာညှိုး နဲ့ လူတွေ အော်သံက အသည်း အသန်နိုင်နေတာ သူတို့နားမလည်။ ကျုပ်တော့ ဘာမှကို နားမလည်နိုင်တော့ဘူးဗျာ ဆိုပြီး ကဗျာဆရာ လူအုပ်ထဲ တိုးထွက်လာခဲ့သည်။ စာရေး ဆရာက မအော်တဲ့ လူအတွက် လှည့်ကြစို့လို့ အတိုင်အဖောက် ညီလိုက်သည်။

တိုးတိုးတိတ်တိတ် ကျိတ်ဝိုင်း ဖြစ်နေသော လူထူးဆန်းအုပ်ကြီးထဲမှာ လူကိုလည်ပင်းကဖြတ်ပြီး ခေါင်းရော ကိုယ်ပါ အစားထိုးနိုင်သည့် ဆရာဝန်ကြီးကို အမှူး ပြု၍ တွေ ့ရသည်။

" မ ဖြစ်နိုင်ဘူး လက်မခံနိုင်ဘူး။ ဒါကို ခေါင်းဝင်ကိုယ်ဆံ့ ဆိုတဲ့ စကားမှာ ːသွားမှာ ပေါ့။ "

သားဖွားမီးယပ်ပါရဂူ ငယ်ထိပ်ပိတ်သလို အပြင်ရောက်မှ အစားထိုး ပြီး ပိတ်လည်းရပါတယ်။

အရိုးအထူးကုများ ဖြစ်ပါတယ်။ ကျုပ်တို့အတွက် အရိုးတွေ ပိုများ လာတာပေါ့။ ကောင်းပါတယ်။

ခွဲစိပ်ပါရဂူများ အတွင်း ː ကလီစာတွေ နှိုက်ချွတ်ဖို့ ပိုခက်သွားပြီ။

မေ့ဆေး ရောဂါ ရှာဖွေရေး ပါရဂူတွေ ဘာမှ အပြောင်းအလဲ မရှိနိုင်ပါဘူး။

ကာကွယ်လူမှုဆေးပညာရှင် လူ့လောကကြီး တစ်စုံတစ်ရာ ပြောင်းလဲသွားနိုင်ပါတယ်။ စာရင်းအင်း ပညာရှင်ကြီးများ ကွန်ပျူတာပညာရှင်များ ကမ္ဘာကို ကြေညာက်ထုတ်ပေးပါ။

စီးပွားရေး ၊ကွန်ပျူတာကြေညာက်ချက် လူ တစ်ယောက် အတွက် တစ်နေ့မှာ ဆန်အစေ့ပေါင်း ၅၇၆၀၀ ကျော် လျော့နည်း သွားပါတယ်။ဆက်လက်၍ တိုင်းနိုင်ငံအလိုက်၊ လူမျိုး အလိုက် ကမ္ဘာ့လူဦးရေ အချိုး အစားအရ ကိန်းဂဏန်းများ ကို တွက်ချက်ပြီး ပိုလျှံမည့် ကမ္ဘာ့စားနပ် ရိက္ခာအဖွဲ့ (FAO) ကြီးနှင့် ညှိနှိုင်း ထုတ်ပြန်ပါမည် ။

သော င်းသော င်းဖျဖျ သြဘာသံများ -

ကမ္ဘာ့လူသားထု၏ ၉၀ ရာခိုင်နှုန်းကျော်မှ ထွက်ပေါ်နေ။

မော်တော် ကား ကုမ္ပဏီ-

ကူရှင်ထိုင်ခုံတွေ ကို နောက်ဘက် ခပ်လှန်လှန်ထုတ်မှ ရမယ်။

ရှေ့နေများ -

ကျုပ်တို့အတွက် ဘာမှမထူးဘူး၊ ခန္ဓာကိုယ်တစ်ခုလုံး အမှု တွေ ချည်းပါပဲ။

ကဗျာဆရာရော၊ စာရေး ဆရာပါ ဘာမှ မသုံးသပ် မပြန်ကြားတတ်လောက်အောင် အူချာလည်နေသည်။

သီးနှံဒိုင်များ ၊ကုမ္ပဏီများ -

ပိုလျှံလာတဲ့ သီးနှံတွေ နဲ့ သမုဒ္ဒရာတွေ ကို သွားဖို့ပစ်မယ်ဗျာ။

" အို -----ဘယ်ကလာ၊ ကိုယ်တိုင်စားစရာမှ သိပ်မလိုတော့ ကျုပ်တို့လည်း သိပ်စိုက်စရာ ဘယ်လိုတော့ မလဲ။ ဘဲစားဘဲချေပဲ။ ဘာမှမထူးဘူး"

(လယ်သမားကြီးအသံ )

နိုင်ငံရေး သုခမိန်များ -

ရိက္ခာတွေ ဖူလုံမှတော့ နိုင်ငံရေး အကျပ်အတည်းတွေ လည်း လျော့ပါးသွားပြီပေါ့။ သိပ်ကောင်းတာပေါ့။

“ အဲတော့ ...........များ တို့တော့ ဒုက္ခပဲ။ ဘော်လိုအကျီကို ဗိုက်နံ့ရိုးတွေ အုပ်အောင်ဝတ်ရမှာ လား၊ ဒီအတိုင်း ပဲလား ”

(နတ်ကတော် ၊မိန်းမလျာများ အသံ )

ဖက်ရှင်ဒီဇိုင်းသမားများ

အဲဒါ များ တို့မပူနဲ့ ၊ဘော်လီ အသစ်တွေ အတွက် ဒီဇိုင်း အသစ်တွေ ထွင်ပေးမှာ ပါ။

“ မီးတို့ အေးရိုးဗစ် ကစားရင် တောင့်တောင့် ကြီးတွေ ဖြစ်နေမှာ ပေါ့။ ကိုယ့်အလှ ပေါ်အောင် ဘယ်လိုပြလို့ ရတော့မှာ လဲ။ ထာဝရ တမန်တော် ”

( ရုပ်ရှင်သရုပ်ဆောင် မော်ဒယ်ဂဲလ်များ )

ကဗျာဆရာသည် ထိုအုပ်စုထဲမှ မော်ဒယ်ဂဲလေး တစ်ယောက် ၏ အလှကို ခံစားစာနာပေးနေတုန်း စာရေး ဆရာသည် သူ့မိသားစုအတွက် လျော့သွားမည့် စားအိုး၊ ပိုလာမည့် အချိန်တွေ ကို တွက်ချက်ရင်း ကဗျာဆရာနဲ့ သွေးစပြုလာခဲ့ပြီ ဖြစ်သည်။

ကဗျာဆရာ-

“ အားမငယ်ပါနဲ့ မီးရာ၊ ခန္ဓာကိုယ်တစ်နေရာမှ အလှအပတစ်ခုခု ဖွံ့ဖြိုး လာရာလာဖို့ ထာဝရတမန်တော် သဘာဝ တရားကြီးကို ညွှန်ကြားဦးမှာ ပါလေ။ ဥပမာရင်သားတွေ ထပ်ထည့်ပေးတာမျိုး ပေါ့။ အဲဒီ ပေါ်လာမယ့် အလှတွေ ကိုလည်း မီးတို့ အတွက် ကိုယ်လေကဗျာတွေ ထပ်ဖွဲ့ပေးဦးမှာ ပါ။ တင်စားပစ်မယ် ”

စာရေး ဆရာ-

“ လူသားအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်စမ်းပါဗျာ။ ခင်ဗျားဥစ္စာ ပုဂ္ဂလိက သိပ်ဆန်လွန်း နေပါတယ် ”

ကဗျာဆရာ-

“ ဘာဗျ၊ ကျုပ်က အလှတရား ရှာဖွေနေတဲ့လူ၊ နှလုံးသား တစ်ခုချင်းပေါ်မှာ လည်း ရှာတယ်။ ဗဟိဒ္ဓလောကမှာ လည်း ရှာတယ်။ ခန္ဓာကိုယ်ပေါ်မှာ လည်း ရှာတဲ့လူဗျ။ အလှရှိမှ အချစ်ဆိုတာ ရှိမှာ ဗျ၊ အချစ်ရှိမှ လူ ဖြစ်မှာ ၊ လူတွေ ဖြစ်လာရင် ထာဝရတမန်တော် က ဧည့်ခံလိမ့်မယ်။ ခင်ဗျား အနေနဲ့ သိပ်မပါရင် ကောင်းမယ် စာရေး ဆရာ ”

မော်ဒယ်ဂဲလှလှ -

“ ဟုတ်ပ့ါရှင်၊ မီးတို့ စိတ်ညစ်နေရတဲ့ အထဲ၊ အဲဒီ လွယ်အိတ်စုတ်ကြီးနဲ့ စာရေး ဆရာကို ဗျစ်ထူကြီးကတစ်မျော ၄် ။ ပုံကြီးကိုက ထူထူအအကြီး၊ သွား..........သွားတော့ဆို၊ ဟွန်း မီးတို့ ကတော့ ချစ်ဖို့ပဲ ထောက်ခံမယ် ချစ်နိုင်ဖို့ပဲ ဆုတောင်းမယ် ”

“ တာဝတိံသာမှာ ပျော်ပွဲစားတက်တဲ့ လူတွေ ကို ရှင်းလင်းပေးပါ ”

ကွင်းကြီးထဲမှာ လူအုပ်ကြီးအော်သံ ဟေး ဟူ ဟား တွေ တဝေါဝေါ ထွက်ကျကျယ်ကားနေသည်။ စာရေး ဆရာ ယောက် ယက်ခတ်ပြေးလွှား ၊လူတွေ လူတွေ မျက်နှာတွေ ကို လိုက်ဖတ်သည်။ ထာဝရ တမန်တော် ကို ပသသူ တွေ ကိုလည်း တွေ့ရ၏ ။ အဲဒီ အထဲမှာ လူဝံ လက်ဖျံရိုးကြော် ကင်းခြေများ တောက်တောက် ကြော်တွေ ခံတွင် း တွေ့လေ့ရှိတဲ့ လူတွေ က အများ စုပါ။

ကဗျာဆရာအနား စာရေး ဆရာ ပြန်ရောက်သွားသည်။ ကဗျာဆရာ ကတော့ လှပစွဲမက်စရာ မိန်းမချောလေး တွေ အလယ်မှာ ထို ဖြစ်စဉ်ကြီးကို အမိအရ ကဗျာနဲ့ မှတ်တမ်းတင်နေသည်။

“ အေး .......အေး နောက်ကမ္ဘာအတွက် စဉ်းစားပေးမယ် ”

သန်းပေါင်း ၅၀၀၀၀ နီးပါး လူသားတွေ အထက်မှာ အသံကြီးက တွဲ

လောင်းကြီးခိုနေပါလား။ သူတို့နှစ် ယောက် သား နားနှင့် ဆတ်ဆတ် ကြားလိုက်ရတာ ပါ။ နားထပ်စွင့်၏ ။ မကြားရတော့။

ထာဝရ တမန်တော် ၏ အသံကို လူသားတွေ ကြားခွင့်ရလိုက်ခြင်း ပင် ဖြစ်သည်။

လူအုပ်ကြီးသည် တစ်ဘဝစာ တိတ်ဆိတ်သွားခဲ့ပြီ။ တဖြည်း ဖြည်း ကျယ်လောင်လာတာ ပျော်သံအော်သံ တွေ ပဲ ဖြစ်လာခဲ့သည်။ သူတို့သိပ်ပျော်။ သိပ်ဝမ်းသာနေကြပါလား။ စာရေး ဆရာတွေ ငေးမောသွား၊ သူငေးမျောသွားခိုက် ပျော်သူတို့ ထွက်သွားကြပြီ။ သူတို့လက်ထဲမှာ ဇမ္ဗူဒီပါ မြောက်ကျွန်းက ကိုးထောင်ကျားနှလုံး ဟင်း ပါဆယ်ထုပ်။ ကြွပ်အမြီးခေါက်ဆွဲ၊ မြွေပတုတ်အူချေးခါးဟင်းတွေ လွေးလျက်၊ ကိုက်လျက်တနင်းလနင်း။

ကွင်းကြီးထဲမှာ အဘယ်သူသားမှ မကျန်တော့။ ရုတ်တရက် ပျောက်ကွယ်သွားတာ စာရေး ဆရာက သိလိုက်သည်။ မှော င်အတိ ကြီးလည်း ဖုံးလွှမ်းနေပြီကိုး။

“ နောက်ဆုံး ကျန်ရစ်တာ ငါတို့နှစ် ယောက် တည်း ပါလား ”

ကဗျာဆရာညည်းပြီ။

“ လူတွေ ဘယ်မှာ လဲ၊ တမန်တော် ဘယ်မှာ လဲ၊ မီးတို့ အုပ်စု ဘယ်ရောက်ကုန်ပြီလဲ၊ အလှတရားကော မီးတို့နဲ့ ပြန်ပါ သွားပြီလား ” ကဗျာဆရာ သွေးရူးသွေးတမ်းမေးသည်။

“ လူတွေ လား သူတို့စားခွင့်ရထားတဲ့ ထမင်းတွေ စားပြီး သူတို့ပိုင်ဆိုင်ထားတဲ့ ခန္ဓာကိုယ်တွေ ကို ဖြည့်တင်းဖို့ ပြန်ကုန်ကြပြီလေဗျာ၊ ခင်ဗျားဘာကြောင်နေတာလဲ ကဗျာဆရာ ပြန်ကြစို့။

“ ဟား ဒါဆိုရင် အလှတရားကကော ဘယ်မှာ လဲဗျ၊ ဘယ်မှာ လဲ တမန်တော်

ကိုမေးဦးမယ် ”

သတ္တုရောင် တောက်ပနေသော သူ့နှစ် ဖက်သွား စားမြှော င်ကိုလည်း ကဗျာဆရာချွတ်သည်။

“ မေးမနေစမ်းပါနဲ့ဗျာ။ ခင်ဗျားရှာနေတာကြီးက ထာဝရ တမန်တော် မသိအောင်ဟိုလူထူးဆန်းကြီးတွေ ဝမ်းတူးရိုက်ဖြောင့် ကွယ်ထားတာကြီးပဲလို့ ကျု ပ်ထင်တယ်။ လာပါဗျာ ကဗျာဆရာ ရယ်၊ သွားကြပါစို့ဗျာ။ ကျုပ်ဗိုက်ဆာလာပြီ။ အိမ်မှာ ကျု ပ်တို့ စားခွင့်ရထားတဲ့ ထမင်းကိုပဲ စားချင်ချင် မစားချင်ချင် ပြန်စားကြရမှာ ပါ ”

“တောက် အတော် ရိုင်းတဲ့လူတွေ ဗျာ နော်၊ ကျုပ်တို့ကိုတောင် အဖက်မလုပ်  ကတော့ဘူး ”

သူတို့နှစ် ယောက် ဟင်းလင်းကွင်းကြီးထဲက ပြန်ထွက်လာတော့ သူတို့နောက်ဆုံး...........။

အောင်ထိပ်

ရွှေအောင်လံ (၁၉၉၉)

# လိပ်ပြာအကဲသံ

ဒါဟာ ဆန်းဆန်းပြားပြား ဝတ္ထုတစ်ပုဒ် ဖြစ်လာနိုင်တယ်လို့ ကျွန်တော် အတတ်သိနေခဲ့ပါတယ်။ လျှော့ပေါ့ ပြောရမယ်ဆိုရင်တောင် တော် တော် အတတ်သိနေခဲ့ပါတယ်။ လျှော့ပေါ့ပြောရမယ် ဆိုရင် တောင် တော် တော် လေး ခိုင်ခံ့တဲ့ ဘဝအမြင်တစ်ခုတော့ ခင်ဗျားရသွားမှာ ပဲဆိုတာလောက်တော့ ပြောရဲပါတယ်။ ဒီအကြောင်းကို ရေး လားပြော လား မလုပ်ခင် ဒီလို လူ့သဘာဝနဲ့ အသက်ရှင်နေတဲ့ လူတွေ အကြောင်း ရေး သားတဲ့ စာတိုပေစတွေ ဒီလောကထဲမှာ ရှိများ ရှိဦးမလားလို့ လက်လှမ်းမီသလောက် ကျွန်တော် လေ့လာခဲ့ပါသေးတယ်။ မတွေ ့မိဘူးဆိုပါတော့ဗျာ။

ဟုတ်တယ်ဗျ၊ သေစာရှင်စာလေးလောက်နဲ့ စာရေး တဲ့ လူတွေ ရော ကျွန်တော် တို့လို သင်ထားတဲ့ ပညာတွေ ကို တတ်နေကြတဲ့ လူတွေ ရော၊ အသိပညာရှင်တွေ ရော ဘယ်သူမှ သူတို့ အကြောင်းကို မသိကြဘူးလို့ အမျိုး သမီးကြီးက ညည်းတွားနေပါတယ်။

ကြက်သားစားဖူးရင် ကျုပ်ကိုသတိယပါလို့လည်း ပြော သွားပါသေးတယ်။

အဲဒီ နေ့ ကတော့ ........ဒီနေ့ပါပဲ။

ဒီနေ့ကလွန်ရင် ကျုပ်သေပျော်ပါပြီ။ မနက်ဖြန်ကစပြီး သေချင်တဲ့ အချိန်သေပါစေတော့လို့ အရဲကိုးပစ်လိုက် ပါတယ်။

ကျက်သရေနဲ့ မင်္ဂလာဆိုတဲ့ စကားတွေ ကို လျှာပေါက်နွယ်ချိုမှုင်လေးလို အိပ်ရာထကတည်းက ချိုတဆိမ့် ဆိမ့် ရှိနေခဲ့ပြီ မဟုတ်လားတော် ။ မနေ့ညနေခင်းကမှ သပ္ပါယ်ထားတဲ့ ဘုရားကျောင်း၊ ပသာဒ ဖြစ်အောင် ပူဇော်ထားတဲ့ ဝေဝေဆာဆာ အဖြူနဲ့အဝါ ဂန္ဓမာပန်းတွေ ၊ လင်ပန်းထဲမှာ တည်ပြီး ပြင်ဆင်ထားတဲ့ သာသနာပွဲနဲ့ သံဃာတော် တွေ ယာယီသတင်းသုံးဖို့ ပြင်ဆင်ထားတဲ့ အခင်းအကျဉ်း။

အိမ်အဦးအဖျားအခန်းမှာ မြင်ခွင့်ရနေသမျှ အားလုံးဟာ ကျုပ်အတွက်

ဘဝင်နှူးစရာချည်း။

ဒါကြောင့် လူစေ့အောင် လိုက်နိုးရတော့တယ်။ သူတို့လည်း သတိနဲ့ အိပ်ကြတာရယ်ကြောင့် လားတော့မသိ။ အိမ်ဦးခန်းက အဘိုးကြီးရော၊ နောက်ဘေးအိမ်အဆွယ်ထဲက သမက်နဲ့သမီးရော အကုန်လုံး ငေါက်ခနဲ ကြက်နိုးနိုး လာကြပါတယ်။ အဲ့ခနဲအသံပိုလေးတစ်ခုလည်း ဆည်းလည်းလေးလို မြည် လာသေးရဲ့။ အဲဒါက ကျုပ်မြေးလေးရဲ့ အသံလေ။ အိမ်နားနီးချင်းတွေ လည်း ငှက်နိုးနိုးလာကုန်ကြပြီ။

ခါတိုင်း မနက်ခင်းတွေ လား .......ခေါင်းပေါ်က ဆံပင်မှာ အမြုတွေ စွန်းလာစေခဲ့တဲ့ အဲဒီ မနက်ခင်းတွေ အကုန်လုံးကိုလား။ နာကျင်ညည်းတွားသံတွေ နဲ့ချည်း မျက်နှာသစ်ခဲ့ရတာ ပါ။ အိမ်နောက်ဖေး ကြက်ခြင်းထဲက ကြက်ဖ ကောင်ပေါက်တွေ ထ,ထတွန်ချိန်ပေ့ါ။ ဈေးမီအောင်လို့ ဗန်းတပြင်ပြင်နဲ့ အလင်းရောင် လုံ့ခဲ့ရတာ ချည်းပါ။

နန္ဒင်းဝင်းဝင်း မိုးပြဲရေနွေးအိုးကြီး ဆူပွက်လာအောင် ကျုပ်သမီးဟာ မီးဟုန်းဟုန်းထိုးနေမယ်။ ခြင်းကြားကြီး ထဲက ဟင်းကောင်းတွေ ကို သမက်ကလေးက တစ်ကောင်ပြီး တစ်ကောင် ပေါ်ပြီး သွားတဖြုဖြု ဒယ်အိုးကြီးထဲ ပစ်ထည့်လိမ့်မယ်။ နန္ဒင်း ထည့်တာက အရောင် လှ၊ အသားဝါလာအောင်လို့၊တစ်အောင့်ကြာရင် သူတို့နှစ် ယောက် ဟင်းကောင် အမွေးအမှုင်တွေ ကို ချွတ်ပြီး ဆန်ကွဲစေ့တွေ ကို စလုတ်ထဲ ထိုးသွင်းနေလိမ့်မယ်။ အဲဒီ အချိန်မှာ အဘိုး ကြီးခင်ဗျာလည်း ရွာတွေ ဘက်ဆင်းပြီး ဟင်းကောင်ဝယ်ဖို့ အထမ်းပြင်ရပြီ။ ကျုပ်လည်း သမီးနဲ့ ကျုပ်အတွက် စဉ်းတီးတုံး၊ ဓားနဲ့ အလေးချိန်ခွင်တွေ ပြင်ရပြီ။ အဲဒါ ကျုပ်တို့ ဖြုန်းတီးနေကျ မနက်ခင်းတွေ အကြောင်းပါ။

ထမင်းအိုးပွက်လျှံသလို ပီတိတွေ သီးဝေနေတဲ့ အဘိုးကြီးဟာ ကက်ဆက်က ဆရာ့တော် တရားကို အိမ်ဦး ခန်းမှာ ထိုင်ပြီး နာနေပါတယ်။ ညာလို့မရတော့တဲ့ ဇရာရုပ်ပေါ်မှာ ပီတိတွေ ဖြတ်နေတာတွေ ့နေရတယ်။ သူ့ ခြေထောက် ပခုံးတွေ အနားရမှာ မို့လည်းဟုတ်လိမ့်မပေ့ါ။

ဆွမ်းကပ်ဖို့ ဧည့်ခံဖို့ ဝိုင်းကူပြီး ကုသိုလ်ယူကြမယ့် အိမ်နီးချင်း တစ်အုပ်လည်း

ရောက်နေကြပြီ။ ဖိုးဖိုးဇတ်ဇတ် လုပ်ကိုင်ပြင်ဆင်နေကြပြီ။

ဦးဆောင်ပြီး ဝိုင်းလုပ်နေတဲ့ သမီးကို ခေါ်ပြီး ဟင်းလျာမလောက်လို့ ထပ်ဝယ်ရရင် ပံ့သကူသားစစ်ပေ့စေနော် လို့ အဘိုးကြီးက ခေါ်ပြောနေတယ်။ ပင့်သံဃာတွေ ကြွလာရင် ခြေသုတ်ပုဆော်ဖို့တဲ့။ လျော်ဖွပ်စင်ကြယ်ထားတဲ့ အကောင်းဆုံး သူ့ပုဆိုးလေးတစ်ထည်ကို ရှေ့မှာ ချလိုက်လို့၊ တစ်ဘဝစာ အငွေ့ပြန်နေတဲ့ အလှူ ရေစက်ကလေး တစ်စက်အတွက် အတော့်ကို အားထည့်မျှော်လင့်ထားတဲ့ပုံ၊ မဟုတ်ရင် ပွဲတိုးဖို့ အားယူနေတဲ့ ကလေးလေးတစ် ယောက် လို။

အိမ်နောက်ဖေး ခြင်းကြားကြီးထဲက ကြက်ဖပျိုတွေ ထမတွန်ကြတော့ဘူး။ ဒီမနက်မတွန်ကြတော့ဘူး။ တစ်ကောင်မှ လည်းမရှိဘူး။ ထားလည်းမထားခဲ့ဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ အောင့်ခဲတောင့်တခဲ့တဲ့ အန္တရာယ်ကင်း ဆွမ်းကျွေးနဲ့ဘုရားနေကဇာတင် ကုသိုလ်ပြုပွဲကြီးရှိလို့ပါ။

အဲလိုရှိလို့ တစ်အိမ်လုံးမှာ ပလူပဲနေကျ ကြက်မွေးတွေ ဟောင်အဲ့အဲ့ အနံ့အသက်တွေ ကို ကြိုပြီး ဆေးကြော ထား လှည်းကျင်းထားခဲ့တာ။ ဒီတော့မှ နံ့တယ် စော်တယ်ရယ်နဲ့ နှာခေါင်းရှုံ့ပြီး ကျဉ်သလို ရှောင်ရှားနေကျ အိမ်နီးချင်းတွေ ကလည်း ဘာကူညီရဦးမလဲ။ အသိစိတ်ကိုယ်စီဆင်လို့ ကျုပ်အိမ်ကို ကူးလူး လာဖော်ရတော့တယ်။ ဒါတောင် အိမ်တစ်နေရာရာမှာ ဟင်းမွှေး တစ်မျှင်တစ်လေ ကပ်ခိုနေဦးမှာ လား။ စိတ်ရောက်ရောက်သွားပြီး ကျုပ်ကို တ ,တရှာနေမိတုန်း။

ဒီကုသိုလ်စိတ်ကလေးနဲ့တင် လှူရတန်းရကျိုး တစ်ဝက်မက မိုးသွားခဲ့ပါပကောတော် ။.

ခါတိုင်းဆိုရင် အာရုဏ်ဆွမ်းခံပြန်တဲ့ သံဃာတော် တန်းကြီးကို ဈေးခင်းအသွားလမ်းမှာ ကျုပ်တို့သားအမိ ပက်ပင်း တိုးနေကျပါ။ ဘယ်လိုမှ ဝတ်မဖြည့်အားခဲ့ဘူး။ ဒူးပေါ်ပေါင်ပေါ် ဟင်းလျာကောင်တွေ တောင်းကြီးလမ်းဘေးချလို့ ဝတ်ဖြည့်ဖို့ကလည်း မရဲလို့။ စိတ်ထဲကပဲ ရှိခိုးကြည်ညိုနေခဲ့ရတာ များ မှ များ ခဲ့ပါပြီလေ။ အဲဒါ

ကျုပ်သမီးတစ်သက် ။ ဆွမ်းခံပြန်သံဃာတော် အတန်းကြီးဆုံးသွားတဲ့အထိ ငေးဝေးခဲ့ရ တစ်သက်တာ မနက်တွေ ပေါ့တော် ။ နည်းလား။

အဘိုးကြီးထိုင်နေရင်း စိတ်စောနေပုံ ကျုပ်မြင်နေရတယ်။ ဟိုတစ်နေ့က အ ဖြစ်တွေ ကိုလည်း ကျုပ်မြင်ယောင် နေမိသေးတယ်။ ရပ်ကွက်ကျောင်းဆရာတော် ကြီးကို ဆွမ်းစားပင့်ဖို့ တစ်ယောက် တည်း မသွားဝံ့လို့တဲ့လေ။ လမ်းထဲက လူကြီးကို ခေါ်သွားရှာတယ်။ ပြန်လာတော့ “ အမယ်ကြီးရေ ဆရာတော် ဘုရားက တို့အိမ်ကို ကြွမယ်တဲ့ကွ ” လို့ အဲဒီ ကတည်းက အားတက်နေခဲ့တာ။ မြင်ရုံနဲ့ သိသာပါတယ်။

ဒါပေမယ့် သမီးနဲ့ သမက်ကလေးက ဧည့်သည်တွေ အကုန်မှလာကြပါ့မလားတဲ့။ ဒီမနက်အထိ စိတ်ပူ နေကြရှာ လေရဲ့ ။ကျုပ်မှာ လည်း ဒီလိုပူခဲ့ရတာ မဟုတ်လား။ သေသေချာချာ ဖိတ်ထားတဲ့ ဧည့်သည်တွေ အလာကို ကျုပ်လည်း တထိတ်ထိတ်နဲ့ မျှော်နေခဲ့မိပြီ။

အခုနေတဲ့ ရပ်ကွက်က နဂိုလူဟောင်းတွေ ရှိကြတော့ တာမဟုတ်။ မြို့ မှာ ပဲ လုပ်ကိုင်စားကြစို့ရဲ့လို့ လင်ကိုယ်မယား အထုပ်ဆွဲပြီးတက်လာ ။ဒီအလုပ်နဲ့ ဝမ်းရေး ရှာကာစအချိန်က ဒီနေရာဟာ မြို့ စွန်အနားစပ်ပါ။ ရပ်ကွက်က မြို့ ထဲ စိမ့်ဝင်လာတဲ့ အခါ တတ်နိုင်သူတွေ ရောက်လာကြလို့ နှောင်းလူတွေ တယ်မကျန်ချင်တော့ဘူး လေ။ အကြောင်းကြီးငယ် မရှိရင် မဆက်ဆံကြသလို ကျုပ်တို့မိသားစုကိုလည်း သိပ်သတိပုံမပေါ်ဘူး။ မရည်ငံဘူး။ ထစ်ခနဲရှိ ဟိုထိုင်ဒီတိုင်နဲ့။ တစ်ရပ်ကွက်လုံး နဲ့ တစ်အိမ်လုံးကြီး။

ပထမဆုံးရောက်ခဲ့တာ လမ်းလူကြီးပဲ။ ချက်ဟယ် ပြုတ်ဟယ် လုပ်သူကိုင်သားတွေ ကို ထောင်စေ့အောင် စီမံပြီးမှ အိမ်ပေါ်တက်လာတယ်။ အဘိုးကြီးကလည်း ဟှာဟှာသလဲ ဧည့်ဝတ်ပြုလို့ နောက်ထပ်သိပ်မကြာပါဘူး။ ခါတိုင်းက ခပ်ဖယ်ဖယ်ဧည့်သည်တွေ လည်း တဖွဲဖွဲရောက်လာတယ်။

ဧည့်သည်တွေ က ထပ်ရောက်လာ လေ့ကျင့်သားပါနေတဲ့ ကျုပ်စိတ်အာရုံတွေ

ဖယ်ပစ်နေရလေပဲ။ ဒီအချိန်ဟာ ဗန်းခင်းနေကျ ရပ်ကွက်လမ်းကြားဈေးတန်းလေးမှာ ဟင်းကောင်တွေ ကို ခုတ်ဟယ် ပိုင်းဟယ်ချိန်ဟယ်နဲ့ အလုပ်များ တဲ့ အချိန်။ တစ်ခါတစ်ခါ ဈေးကျားတွေ လိုက်လို့ ပြေးရချိန်။ လိုင်စင်ခံ့ပေးမှာ မရှောင်းနိုင်တဲ့ ကျုပ်တို့ တစ်တွေ ဈေးကျားအကိုက်ခံရရင် အလေးချိန်ခွင်တွေ အပြင် ရှုံးကြေးတွေ ကိုပါ ဗန်းခွံထဲထည့် သယ်ပြန်လာရတဲ့ အချိန်ပေါ့။

အဲဒါတွေ နဲ့ ကင်းရှင်းပြီးလုံးဝသစ်လွင်တဲ့ ကုသိုလ်အာရုံဟာ သံဃာတော် တွေ ကြွလာခါနီး လေ ဝင်းလက် လာလေပါပဲ။ ဘေးအိမ်ကကောင်းလေးရဲ့ ကက်ဆက်က တရားသံဟာ တစ်အိမ်လုံးကို ကောင်းမှု တွေ နဲ့၊ ထုံမွှမ်း ပေးနေပါတယ်။ သမီးနဲ့ သမက်ကလေးက ထောင့်စေ့အောင် ဧည့်ခံနေတယ်။ ဟော မြေးလေးက ဘယ်နှယ့် လုပ် ရောက်သွားတယ်မသိဘူး။ သူ့အဘိုး ရင်ခွင်ထဲမှာ ။

သေတ္တာထဲက ယောဂီတဘက်ကလေးယူဖို့ အခန်းထဲကို ကျုပ်ဝင်လာခဲ့တယ်။ စိတ်ထဲမှာ ထင့်သွားမိတယ်။ ကြည့်စမ်းသေတ္တာထဲမှာ ကြက်မွေးတွေ ရယ်လေ။ သုံးလေးမျှင်၊ ဒါကြောင့် ကျုပ်စိတ်မချတာ။ လက်နဲ့သပ်ပြီး တော် ရာလွှင့်ပစ်လိုက်ရတယ်။ ပြန်အထွက်မှာ ထရံတွေ ၊ အမိုးတောင်ထန်းပျစ်တွေ မှာ များ ကပ်နေဦးမှာ လား တထင့်ထင့်။ ကျု ပ်လိုက်ကြည့်နေမိတယ်။

ဘာလိုလိုနဲ့ခါတိုင်းမနက်တိုင်း ကျုပ်အိမ်ပြန်လာချိန် ရောက်လာခဲ့ပြီ။ ကျု ပ်ဗန်းထဲက ဟင်းကောင်းတွေ ကို သမီးထဲပေါင်း ထည့်ပေးပြီး အိမ်ပြန်နားချိန် သမက်ကလေးလည်း ဟင်းကောင်းအရှင်တွေ ကို စက်ဘီးမှာ ချိတ်ပြီး ပြန်ရောက်ချိန်ပေါ့။

“ဟယ် ဆရာလေးကြွလာတယ် အမေရေ့” အလွန်ဝမ်းသာအယ်လဲ သမီးအသံမဆုံးခင် လမ်းထိပ်က ရပ်ကွက်သုံး ဆရာဝန်လေး သူ့စက်ဘီးကို ခြံဝမှာ ထောင်ခဲ့ပြီး အိမ်ပေါ်ရောက်ခဲ့တယ်။ ဒီလို ပုဂ္ဂိုလ်မျိုး ကြွရောက် လာမှ တော့ ကျု ပ်ဆွမ်းကျွေးအောင်ပါပြီ အောင်ပါပြီ။

ဘယ်နှစ် နာရီရှိပြီလဲ မေးမယ်လုပ်တုန်း သံဃာတော် တွေ

တကယ်ကြွလာပါတယ်။ သံဃာတော် တွေ ရဲ့ ရောင် ဝါတော် တွေ ဟာ လပြည့်ညလရောင် နဲ့ နံနက်ဦး ရောင် ခြည်တွေ ပေါင်းစည်းသပ္ပာယ်လာရာ အလင်းရောင် တွေ အတိုင်းပါလား တော် ။ အိမ်ထဲမှာ အဲဒီ ရောင် ခြည်တွေ ဖြန့်ကျက်နေခဲ့ပြီပေါ့။ သူ့ပုဆိုးအသစ်ကလေးနဲ့ ကျုပ်အဘိုးကြီး ကိုယ်တိုင် ခြေသုတ်ဦးကြိုပြုပြီး သံဃာတော် တွေ ကို ကန့်တော့ဝတ်ဖြည့်နေပါတယ်။

ဖွယ်ဖွယ်ရာရာတွေ နဲ့ သံဃာတော် များ လည်း တည်တည်ငြိမ်ငြိမ် ဆွမ်းဘုဉ်းပေးနေပါတယ်။ တဒင်္ဂထဲမှာ ပဲ ကျုပ်တို့ အတိတ်ဟာ ပြတ်စဲကျန်ရစ်ခဲ့ပြီလား။ အဲဒါတွေ ကို မှတ်ရှုမမီနိုင်အောင်လောက်အောင် ကျုပ် ဘဝင်နူးနေ ခဲ့ချိန် ဘယ်လောက်ကြာသွားတယ် မသိ။

“ ကိုင်း တရားနာကြရအောင် ”

အသံသြဇာ ခံ့ညားလှတဲ့ ဆရာတော် သံဃာတော် ငါးပါး ထံတော် မှော က်မှာ သရဏဂုံတည်၊ ငါးပါးသီလ ခံယူနေခိုက်မှာ ကျုပ်တို့တစ်မိသားစုလုံး အလွန်ထူးဆန်းတဲ့ သုတိသာယာကာလဗိမာန်ကြီးတစ်ခုထဲ ဆိုက်မြိုက် ရောက်သွားသလို ခံစားလိုက်ရတယ်။ ခဏပဲ ကြာတယ်။ ညှိစုတ်ချဉ်စော်တဲ့ ရေပြင်ကြီးတစ်ခုထဲ ကျုပ်တို့လက်ပစ်ကူး နေရပြန်ရော၊ ကျုပ်လေ မောလိုက်တာ၊ ကြောက်လိုက်တာ။ ဆရာတော် ဘုရားကလည်း စာတတ်ပေတတ်။ ဒါန သီလခန်းတွေ ဟောဖော် ညွှန်ပြနေလိုက်တာ တကယ့်အမြိုက်ဆေးတွေ ။ အဲဒီ အခါ သင်းသင်းမွှေးတဲ့လေထဲမှာ ကျုပ်တို့လွင့်နေကြပြန်ရော။ အဘိုးကြီး တရားကို သေသေချာချာနာ၊ လိုက်မှတ်နော်။ အာရုံမလွင့်စေနဲ့လို့ ကျုပ်လှမ်း ပြောလိုက်ချင်ပေမယ့်.....

“ရေစက်ချရအောင် ”

ဆရာတော် ဘုရားတို့ ယာယီသီတင်းသုံးခံနေရာ စောင်းအစပ်မှာ ရေစက်ခွက်နှစ် ဖလား ပြင်ထားတယ်။ ရေစက်ခွက် ကို လှမ်းကိုင်လိုက်တဲ့ အဘိုးကြီးလက်ဟာ မီးလာနေတဲ့ ပိုင်ယာစကို ကိုင်ရမှလို တွန့်နေပါလား။ ကျုပ်ရင်ထဲဖြင့် အုပ်အုပ်ခဲခဲကြီး ဖြစ်သွားမိတယ်။

ကျုပ်လည်း လှမ်းကိုင်လိုက်တယ်။ ကျုပ်လက်တွေ လေ ကျောက်တုံကိုင်ကာစ ကလေးလက်လိုပေါ့ ဟာ အံချော်သွားပြန်တယ်။ ဒါနဲ့ စိတ်ငြိမ်အောင် ဖန်ခွက်ကို စိုက်ကြည့်နေရတယ်။ ကြည့်စမ်း၊ ဘယ်အချိန်ရောက်နေသလဲ မသိဘူး။ ဟင်းကောင်နားတွင် နားမှာ ရှိတတ်တဲ့ အမွေးလေးတစ်မျှင်။ ဖန်ခွက်ထဲက ရေပေါ်မှာ လှေကလေးဝဲမိသလို မွတ်မွတ်ယမ်းလို့။ ကျုပ်ရီဝေလာ ခဲ့တယ်။ ဟုတ်ပ့ါတော် ။ မျက်ခွံတစ်လှန်မှာ ရှိနေတဲ့ သင်္ကန်းရောင် ဝါတွေ က ရီဝေနေတာပါ။ အာရုံ ပြောင်းအောင် ယောဂီတစ်ဘက်နဲ့ မျက်လုံးတွေ ကို ပွတ်တိုက်ရတယ်။ ကိုင်းလို့ မရတော့လို့ ဖန်ခွက်ကို အောက်ခံပန်းကန်ထဲ ပြန်ချထားပြီး -

“ ဆရာတော် ဘုရား၊ ရေစက်မချခင် တပည့်တော် ဇဝေဇဝါ ဖြစ်နေတာလား တစ်ခုလျှောက်ပါရစေဘုရား ”

“ ဘယာများ လဲ ဒကာမကြီးရဲ့ ၊ လျှောက်စမ်းပါဦး ”

အင်အားအပြည့် ကြည်လင်နေတဲ့ ဆရာတော် ဘုရားရဲ့ အသံဟာ နဂိုဆိတ်ငြိမ်နေတဲ့ ပရိတ်သတ်အသံတွေ အပေါ်မှာ ဟိန်းသွားသလား ကျုပ်ထင်မှတ် မှား သွားခဲ့တယ်။

“ တပည့်တော် တို့ မိသားစုဟာ အကုသိုလ် အလုပ်အပေါ်မှာ အသက်မွေးမှု ပြု စားသောက်နေရပါ တယ်ဘုရား။ တပည့်တော် မတို့လည်း အမှန်တကယ် ကြောက်လှပါတယ်ဘုရား။ အဲဒီ ကုသိုလ် ကံတွေ ကြောင့် ............”

ကျုပ်လေ ဆက်ပြီးလျှောက်တင်နိုင်စွမ်း မရှိတော့ဘူး။ အသံတွေ တုန်တက်ပြီး နောက်ဆုံးတော့ တိမ်ဆွံ့ သွားခဲ့တယ်။ ရှေ့မှာ ဖြန့်ခင်းထားတဲ့ ယောဂီတဘက်ပေါ်မှာ မျက်လုံးထဲက ပေါက်ပေါက်ကျလာတဲ့ မျက်ရည် ကွက်တွေ စွန်းပြီး ကျယ်လာ နေတာလည်း ကျုပ်မြင်နေရတယ်။

“ ဒကာမကြီး စိတ်ကိုငြိမ်ငြိမ်ထားပြီး နာယူပါ။ ဒီလို အကြောင်းတိုက်ဆိုင်လာတော့လည်း ဘုန်းကြီးအနေနဲ့ ရှင်နာဂသေနရဟန်းသူမြတ်နဲ့

မိလိန္ဒပညာမင်းကြီးတို့ရဲ့ အမေးအဖြေကို ပမာဆောင်လို့ ဟောကြားရပေဦးမပေါ့။ မင်းကြီးက ရှင်နာဂသေန ရဟန်းသူမြတ်ကို ဟောဒီလို လျှောက်တင်တော် မူတယ် ဒကာမကြီး ”

ဘုရားရှင်ဘုရားတဲ့၊ မကောင်းမှု ကို သိလျက်ပြုသူနှင့် မသိ၍ ပြုသူတို့တွင် အဘယ်သူ၏ အကုသိုလ်က ပိုလို့အားကောင်းပါသနည်းတဲ့။

ဒီတော့ကာ မသိ၍ ပြုသော သူကသာလျှင် အကုသိုလ်ကံအားကောင်း၏ လို့ ရဟန်းသူမြတ်က ဖြေပါတယ်။ တစ်ခါမင်းကြီးက ထပ်လျှောက်တင်ပြန်တယ်။ အရှင်ဘုရားတဲ့ ထိုသို့ ဖြစ်ပါလျှင် မသိ၍ အကုသိုလ်ပြုသော မင်းသားကို ဖြစ်စေ၊အမတ်ကို ဖြစ်စေ ပြစ်ဒဏ်နှစ် ဆ ပေးထိုက်သလောတဲ့။ အဲဒီ အခါ ရဟန်းသူမြတ်က လောလော ပူပူသံတွေ ခဲတွေ ကို သိလျက်ကိုင်သူနဲ့ မသိ၍ ကိုင်သူတို့မှာ မည် သူက ပို၍ အပူလောင်ခံရမည် နည်းတဲ့။ မင်းကြီးကို ပြန်ပေးတယ်။ ဒကာမကြီး။

ကိုင်း - တို့ဒကာမကြီးလည်း ဘုန်းကြီးကိုဖြေပြစမ်းပါဦး ”

ဆရာတော် ဘုရားရဲ့ အမေးကို ကျုပ်တော့ဒီလိုပဲ ခပ်ရဲရဲပြန်ဖြေခဲ့ပါတယ်။

“ မသိ၍ ကိုင်သော သူက ပို၍ ပူပါမည် ဆရာတော် ဘုရား။ ”

ကျုပ်နားလည်ပြီ၊ ဟုတ်တယ်။ ကျုပ်သတိရနေပြီ။ ကျုပ်တို့ အမှော င်ထဲမှာ ရောက်နေပေမယ့် မီးလာမှ လသာမှ မဟုတ်ပါဘူး။ အမှော င်ကိုစားနေဖို့ ဒီသတိတရားလေးကို မိသားစုတွေ အပြတ်နှိုးဆော်တော့မှလို့ တွေ းနေတုန်း။

“ အဲဒီ အတူသာလျှင် မသိ၍ ပြုသော အကုသိုလ်ကံကပိုလို့ ကြီးတာပေါ့။ ဒကာမကြီး။ အခုတို့ ဒကာကြီးနဲ့ ဒကာမကြီးတို့မှာ အသိတရားလည်း ရှိနေကြပြီပဲ၊ မြဲအောင်လည်း ကြိုး စား။ ယနေ့ယခုပြုရသော ဒါနကုသိုလ်၊ သီလကုသိုလ်စတဲ့ ကုသိုလ်ကောင်းမှု အပေါင်းဟာလည်း ”

နွေလယ်ခေါင် မောဟိုက်နေခိုက် ရေကျိုက်လိုက်ရသလို ဆရာတော် ဘုရားရဲ့

တရားကို ကျုပ်ဖြင့် အငမ်းမရ နာမှတ်နေမိတော့တယ်။ဘာနဲ့ မှမတူအောင် စင်ကြယ်စိတ်နဲ့ ရေစက်ခွက်ကို ပြန်ကိုင်လိုက်တဲ့အခါ ကျုပ်လက် တွေ ဟာ မြဲမြဲတင်းရစ်နေတယ်။ ရေစက်ချတော့ ခုနက ကြက်မွေးနုပ်နုပ်ကလေးဟာ အဦးဆုံးရေစက် တွေ ထဲမှာ မျောကျပါသွားခဲ့ပြီ။အဲဒီ လိုပဲကျုပ်ရဲ့ အရင်ဘဝတစ်ချို့ ဟာလည်း အောက်ခံရေခွက်ထဲ တစ်စက်တစ်စက်နဲ့ ရေစက် တွေ နဲ့အတူ ပါမပါ........

"အမျှ ...........အမျှ............အမျှ"

ဆရာတော် ဘုရားနဲ့အတူ သုံးကြိမ်တိတိ အမျှဝေတယ်။ တရားနာပရိတ်သတ်နဲ့အတူ ရင်ထဲကနေ ထုနဲ့ထည်နဲ့ "သာဓု" သုံးကြိမ်ခေါ်အပြီး ပြီးခဲ့တဲ့ရက်တွေ ကို ကျုပ်ဟာခဏမေ့လို့ ရသွားခဲ့ပါပြီ။

ဆရာတော် ဘုရားနဲ့ သံဃာတော် တွေ ပြန်ကြွသွားခဲ့ပြီ။

ဧည့်သည်တွေ လည်း တစ်ယောက် ပြီး တစ်ယောက် နှုတ်ဆက်လို့ ပြန်သွားကြပြီ။

ပစ္စည်းတွေ သိမ်းကျုံး ဆေးကြောနေတဲ့ သမီးတို့ အဖွဲ့လည်း ပြီးလုနီးကုန်ကြပါပြီ။

အဘိုးကြီး ကတော့ ဘုရားဝင်ရှေ့မှာ ထိုင်နေတာ တရားမှတ်နေသလားပဲ။ အခန်းထောင့်ကွေးလေးနား သင်ဖြူး လေးခင်းပြီး ကျုပ်တုံးလုံးလှဲချလိုက်မိတယ်။ မှေးခနဲ ဖြစ်သွားတယ်။ ဘယ်လောက်ကြာတယ်တော့ ကျုပ် ဘာသာမသိလိုက်ဘူး။

နိုးလာတော့ ကျုပ်ရင်ခွင်ထဲမှာ မြေးမကလေးရောက်နေတယ်။ ဒီအချိန်မှာ တော့ အိမ်သားတွေ ချည်းပဲ ကျန်တော့ တယ်လေ။ နေက ညနေဘက်ထဲ အတော် စောင်းပြီ။

"အင်း မနေ့က ဒီအချိန်ဆိုရင် ဆိုတဲ့ အတွေး လည်း ပေါ်လာပြန်ရော ကျုပ်လေ တအားကြီးကို ကြောက်လာ မိတော့ တယ်"

"အိမ်က ကိုကိုက ကြက်ဖင်ဆီမှုးကြိုက်လို့ဆိုပြီး အမြဲဝယ်တဲ့ ဖြူဖြူ

တောင့်တောင့် ဆရာမ ကြီး၊ ခေါင်းစားရင် မင်း ဖြစ် တယ်အယူနဲ့ ခေါင်းတွေ ချည်းလိမ့်ဝယ်ပြီး သူ့အိမ်သားတွေ ကို ကျွေးတတ်တဲ့ လက်ကောက်တွေ တတောင် ဆစ် ထိတချွင်ချွင်နဲ့ နန်းဆန်ဆန် လှလှချောချောအမျိုး သမီး။ ကြာရင် မေ့သွားမှာ စိုးလို့ဆိုပြီး လည်ချောင်းရိုးလေး တွေ ကို ကြိုကြားကြိုကြား ဝယ်စားတတ်တဲ့ ရုံးစာရေး မလေး။ တောင်ပံဖျား ခြေဖျားလေးတွေ နှစ် ကျပ်ခွဲသားလောက် ဖြစ်အောင် ရောင်းပေးပါလို့ ဂျီကျတတ်လွန်းတဲ့ ကန်စွန်းရွက်သည် မရင်စိန် ..........”

သူတို့ကိုလား။ ဘာကိုကြောက်တာလဲ၊ ကျုပ်မသိ တော့ဘူး။ ပြန်စဉ်းစားတယ်။ မရဘူး၊

ကျုပ်ဘာကို ကြောက်နေမိတာပါလိမ့်။

သြော် ဟုတ်ပြီ. ဟုတ်ပြီ စဉ်းစားလို့ ထွက်လာပါပြီ။

မနက်ဖြန်ရောက်လာမှာ ကို ကျုပ်ပြန် ကြောက်မိနေတာပါလားတော် ။

အောင်ထိပ်

ရွှေအောင်လံ (၁၉၉၆)

■

# ကြွတ်ကြွတ်အိတ် ယဉ်ကျေးမှု

“ မနက်ကျရင် အစောကြီးထ ရမယ်။ ရုံးမသွားခင် ကိုင်းဈေးခင်းကို သွားရဦးမယ် ”

ညအိပ်ယာဝင်တိုင်း သည်အသိကို ချပ်ထားရ၏ ။ အံသွားကျိုး ပြီး ကိုက်နေရောင် နေခဲ့တာကြောင့် မို့ ဒီမနက်လည်း နိုးနေကျအချိန်ထက်ပိုပြီး

ခပ်စောစောလေးနိုးနေခဲ့ပြန်သည်။ ညှာဘက်မေးရိုးကြီး တစ်ခုလုံးမှည့်ရွဲ အရည်လည်နေတဲ့ ခရမ်းချဉ်သီးကြီးလို အစ်နေခဲ့လို့ ရုံးမတက်နိုင်တာ နှစ် ရက်ရှိခဲ့ပြီ။ ဒီမနက်တော့ အနာသက်သာဖော် ရလာခဲ့ပါပြီ။

အိပ်ယာက နိုးပြီးတဲ့နောက်မှာ တော့ ကိုယ့်ကို တစ်စုံ တစ်ယောက် က ခိုင်းထားသလိုကြီး လိုက်လုပ်နေမိတော့ သည်။ တကယ်ခိုင်းတဲ့လူလည်း တကယ်မရှိပါဘူး။ ဒါဖြင့် ဘာကြောင့် များ လိုက်လုပ်နေမိရတာ လဲ။

မျက်မှန်ကောက်ထပ်လိုက်တော့မှ မြင်ကွင်းတွေ က ကြည်လင်သွားခဲ့သည်။ တကယ်လို့များ ဒီ ရောဂါ ပိုးတွေ ခေါင်းထဲရောက်သွားလို့ ဖြစ် ဖြစ် တခြားသစ်စိမ်းချိုးဘေးဆိုး ရောဂါ တွေ က ဖြစ် ဖြစ် အဲဒီ အ ဖြစ်တွေ က အိပ်ပျော်နေတုန်း ဖြောင်းကနဲ အသက်ကို ရိုက်ပြတ်လိုက်ရင်ဒီနေ့တရုဝ အလုပ်တွေ ကို ဘယ်သူဝင်လုပ်မှာ ပါလိမ့်။ ညက အိပ်ယာဝင်နဲ့ မနက်မိုးလင်းကြားထက် ငါမသေသွားဘူးဆိုရင် ငါကျန်နေသေးတာကလား "မနက်ဖြန် မနက် ခင်ဗျားနဲ့ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ တွေ ့မယ်လို့ ဆိုတဲ့အခါ ခင်ဗျားရော ကျွန်တော် ပါ မနက်ဖြန် မနက်သေမသွားကြဘူးဆိုရင် " လို့ဘာကြောင့် ထည့်မပြောမိကြတာပါလဲ

" ငါမသေသေး " လို့ပဲ ပုံသေကားချပ်အတိုင်း လိုက်လုပ်နေတာပါလားလို့ လက်ခံလိုက်မိတဲ့အခါ ကယ်ရီယာ ပေါ်မှာ ကိုင်းဆွဲဈေးခြင်း တောင်းကြီးအကျအနတင်ထားတဲ့ စက်ဘီးကြီးကို တွန်းပြီး ခြံထဲက ထွက်ခဲ့ပါပြီ။

ဒီအချိန်အထိ အဖွားကြီး (ကျွန်တော့ဇနီး) ရော၊ သမီးနှစ် ကောင်နဲ့ သားတစ်ကောင်တို့ပါ အိပ်ရာက ထတော် မမူကြသေးဘူး။ မြူနှင်းဝေဝေ လေကတစိမ့်စိမ့်ထဲမှာ မြို့ ဆင်ခြေဖုံးလမ်းကြိုလမ်းကြားတွေ ကို ကွေ့ပတ်ဖြတ်သန်း ပြီး စက်ဘီးကို နင်းလာခဲ့ပါပြီ။ မြို့ လေးရဲ့ ဘေးနှုတ်ခမ်းသားပေါ်က ကိုင်းဈေးခင်းလေးဆီ.........။

လှည်းလမ်းကူး ရထားခုံးကျော်လေးကို တက်လိုက်ရင် ကိုင်းဈေးခင်းလေးဆီရောက်သည်။ သည်ဈေးခင်း လေးက ချစ်လည်း ချစ်စရာ။ ဂရုဏာလည်း

သက်စရာကောင်းသည်။ (ခံစားတတ်ရင်ပေါ့) ဘာ ဖြစ်လို့လဲဗျာလို့ မေးရင် ဒီဈေးခင်းထဲက လူတွေ ကိုယ်တိုင်လည်း ချစ်စရာကောင်းနေသလိုမို့ပါလို့ ကျွန်တော် ဖြေမည် ။ ဟိုးရွာတွေ က ခြံထွက် သီးနှံတွေ သားငါးတွေ ကို မနက်အစောကြီးထ သယ်လာပြီး မီးတုတ်တွေ ကိုယ်စီနဲ့ ချီတက်လာတဲ့ ဈေးသည်တွေ က ကိုယ့်ကိုပြန်ပြီး နောက်ကျလှချည်လားလို့ စတော့ ကြည့်မွေ့ရသည်။ ဈေးခင်းလေးကို ကုက္ကိုပင်ဝိုင်းကြီး သုံးပင်အောက်မှာ ဒီလိုဈေးသည်မျိုး တွေ နဲ့ ဖွဲ့စည်းထားသည်။ လူလည်းစည်သည်။ ဆရာမြို့ မငြိမ်းရဲ့ “ အိမ်တော် ရာ ဘုရားဈေး” သီချင်းထဲက ဈေးတစ်ခုလို ဝိဥာဉ်သွင်းလို့ရသည်။ တခြားနေရာတွေ မှာ လို အပေးအယူတွေ နဲ့ စည်ကား တာမျိုး မဟုတ်။ ဇိမ်ခံပစ္စည်းဖောက်ကားမှု တွေ နဲ့ စည်ကားနေတာမျိုး မရှိ၊ အခြေခံလိုအပ်ချက်တွေ နဲ့ ဖလှယ်ပြီး စည်ကားနေတာမျိုး ဖြစ်သည်။ ဒါကြောင့် မို့ပါပဲ။ ဆေးလိပ်မီးလေး ညှိပေးလိုက် တာလေးကို ယဉ်ကျေးပါတယ်ဆိုတဲ့ ဂိုက်နဲ့ “ သိုင်း ကရု” လို့ ကျေးဇူးစကား ပြန်ပြောမယ့်လူမရှိ၊ ဈေးသည်က ဈေးဝယ်ကို ငေါက်ရောင်းသံ မကြားရ၊ ဒီဈေး ခင်းလေးကို အတွင်းသား အရင်းသားတွေ နဲ့ ဖွဲ့စည်းထားတယ်လို့ ကျွန်တော် သိနေသည်။

ဈေးခင်းလေး အဝင်နားက ဆံပင်ညှပ်ဆရာ အိပ်ယာက မထသေးပါ။ ခုံပုလေးတွေ လေးငါးခုံလောက်သာ ချမ်းသာတဲ့ လက်ဖက်ရည်ဆိုင်လေး ကတော့ တရားခွေဖွင့်ပြီး ဖောက်သည်ခေါ်နေပါပြီ။

“ လူမိုက်တို့သည် အရွယ်ရှိခိုက်၌ မြတ်သော အကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသော ကြောင့် ငါးကုန်ငါးခမ်းသော ရွှံ့အိုင်၌ အတောင်ကျွတ်သော ကြိုး ကြာအိုကဲ့သို့ အရွယ်လွန်သော အခါ အကြံမှိုင်၍ နေကြရကုန် ၏ တဲ့ ပရိသတ်တို့ရဲ့ ”

ခင်စရာကောင်းသော အသက်ခြောက်ဆယ်ကျော်အရွယ် ဆိုင်ရှင်လင်မယားတို့က သည်အခွေကို မနက်တိုင်း လိုလိုဖွင့်သည်။ နလုံးသွင်း မသွင်းတော့မသိနိုင်။ မေးကြည့်လိုက်ရင် သူတို့တစ်ခုခုတော့ ဖြေမှာ သေချာသည်။ ဒါပေမယ့် ဒီလိုစဉ်းစားမိချိန်မှာ တဗွပ်ဗွပ် မှန့်ရည်အိုးကြီးကို ကုန်းမွှေနေတတ်တဲ့ မုန့်ဟင်းခါးသည်ကြီးသားအမိ ဆိုင်ရှေ့က ခုံပုလေးမှာ ထိုင်မိချိန်ချည့် ဖြစ်သွားတတ်သည်။

အသက် ခြောက်ဆယ်ကျော်အရွယ် အဖွားကြီးနဲ့ သူ့သမီး (မဆိုးမ) တို့ရောင်းသော မုန့်ဟင်းခါးက အလွန်အစပ်တည့်၏ ။

“ ဒီနေ့ ပြုပ်သီးလုံးဝမထည့်နဲ့ ” ကျွန်တော် လှမ်းပြောထားလိုက်သည်။

ငါဟာ မြတ်သော အကျင့်ကို မကျင့်ခဲ့မိဘူးလား။ ဥစ္စာကို ဘာကြောင့် မရခဲ့တာလဲ။ ဘွဲ့ရပြီးကတည်းက ရုံးမှာ စားပွဲနဲ့ ကုလားထိုင်နဲ့ နေလာခဲ့တာ ဒီနှစ် ထဲမှာ ပင်စင်ယူရတော့မည် ။ ပညာရှာချိန်မှာ ပညာတတ်ခဲ့သလို ဇနီးကောင်း သားသမီးကောင်းတွေ လည်း ရခဲ့သားပဲ။ အိမ်က အဖွားကြီးဟာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းအပြင် မောင်တစ်ထမ်း၊ မယ်တစ်ရွက်လည်း လုပ်ခဲ့သားပဲ။ ငါးကုန်ခမ်းသော နွံအိုင်ထဲက အတောင်ကျွတ်သော ကြိုးကြာဟာ ငါ ဖြစ်သွားပြီလား။ မုန့်ဟင်းခါးစားရင်း တရားခွေထဲက အကြောင်းနှင့် ကိုယ့်ဘဝကို ပေါင်းကူးမိပြန်သည်။

အံ့သွားထဲက စပ်နေပေမယ့် အောင့်အီးပြီးစားနေရ၏ ။ လူပြည့်လာလို့ ခုနက လက်ဖက်ရည်ဆိုင်လေးဆီ ပြောင်းပြီး ထိုင်ပြန်သည်။ ဈေးခင်းလေးထဲက ဈေးဝယ် တစ်ယောက် စ၊ နှစ် ယောက် စသာ ရှိသေးသည်။ ပြုံကျလာခြင်း မရှိသေး။ ဆိုင်ရှင် လင်မယားတို့ရဲ့ ရေနွေးအိုး၊အဖန်နှပ်အိုး၊ လက်ဘက်ခြောက်နှပ်အိုး တွေ ကတော့ ရေနွေးငွေ့တွေ ပန်းထွက်နေပါပြီ။

“ ဖန်ဆိမ့်ပဲလားဗျာ ဆရာကြီး”

“ဖန်ဆိမ့်ပဲ ”

ဒီဆိုင်က ဖန်ဆိမ့်လေးတစ်ခွက်ကို ဒီဈေးခင်းလေးနဲ့အတူ စွဲလမ်းနေမိခဲ့တာလည်း ကြာခဲ့ပါပြီ။ ကိုယ့်အတွက် ကိုယ်စီနဲ့ မွမ်းမံခြယ်သပြီးလာကြတဲ့ လူတွေကို အကျိုး ဆောင်ပေးရ၊ ဒီအလုပ်တွေ နဲ့ နံ့းချိုသမျှ အားသစ်တွေ ပြန်လည် ဖြစ်သစ်လာသလိုပါ။

အချိုအရသာ ထပ်ဝင်သွားလို့လား။ အံ့သွားနဲ့ မေးရိုးတစ်ခြမ်းလုံး အပ်တုံးတုံးတစ်ချောင်း ထိုးစိုက်ထားသလို တင်းခနဲနာကျင်လာပြန်သည်။

အံ့သွားတစ်ချောင်းကျိုး ခြင်းရဲ့ သက်ရောက်အဓိပ္ပာယ်ဟာ “ဇရာကို ညာလို့မရတော့ ဘူး။ နုပျိုမှုတွေ ဝက်အူရစ်ပြုန်းတာ ” ဆိုတဲ့ သဘောဆောင်သည်လား။ လုပ်သက်တောင် သမီးကြီးတစ်သက် ရှိခဲ့ပြီ ပဲ၊ သမီးတောင် အိမ်ထောင်ရက်သားကျ၊ ကလေးနှစ် ယောက် ရ အခုတော့ အဝေးမှာ ရောက်နေခဲ့ရှာပြီ၊ ဩော် မြေးလေး တွေ ကို လွမ်းမိသွားပြန်ပါသည်။

ငယ်ငယ်ရွယ်ရွယ်နဲ့ ဘွဲ့ရ၊ သည်ရုံးသည်ဌာနမှာ အလုပ်လည်းရ၊ အရာရှိပေါက်စဘဝမှာ ပဲ အိမ်ကအဖွားကြီး နဲ့ ရည်ငံပြီး အကြောင်းပါခဲ့။ ပြုံးပျော်စရာဘဝထဲမှာ အသားကျခဲ့တာပဲ။ ဈေးခြင်း တောင်းကြီးတင်ထားတဲ့ ဂျောက်ဂျောက်ဂျက်ဂျက် ဒီလိုစက်ဘီးစုတ်ကြီးနဲ့ အမျိုး တော် ရလိမ့်မယ်လို့ မထင်ခဲ့။ အခုလို နည်းနည်းကဲကဲပိုင်းရတဲ့ ဟင်းသီးဟင်း ရွက်၊ ဆန်၊ ဆီ၊ ဆား၊ အိမ်ဆိုင်မျိုး လေးနဲ့ သားစပ်သလို သွေးနှောရလိမ့်မယ် မထင်ခဲ့။ ဒါပေမယ့် ဘဝဟာ အခုသောက်ချလိုက်မိတဲ့ ဖန်ဆိမ့်တစ်ကျိုက်လို နာကျင်စွာ အရသာရှိတယ်လို့ပဲ ထင်ပါသည်။ လက်ဘက်ရည် ခွက်ကို ပြန်ချလိုက်၏ ။

ဈေးခင်းလေးထဲစီ ကဲ ကြည့်လိုက်တော့ ဈေးဝယ်တွေ ကျဲပါးဆဲပဲ၊ သည်ဆိုင်ကလေးကနေ သူတို့ကို လှမ်းမြင် နေရ၏ ။ စည်ပင်သာယာဈေးကြီးလို ဆိုင်တွေ ကန့်သားတွေ မရှိလို့ ဖြစ်သည်။ ဘယ်သူကမှလည်း နေရာချထားမပေး။ ကိုယ်ရောင် းနေကျ နေရာလေးတွေ မှာ ဗန်းခင်းပြီ ရောင် းချသည့် ဈေးပါ။ ဒီမှာ အလစ်သုတ်သမားမရှိ။ သမာဓိချိန်ခွင် မရှိ ၊ အလေးခိုးတာမကြားရ၊ နေရာလုရင်း ရန် ဖြစ်တာမျိုး တော့ ရှားပါးစွာ ရှိသည်။ ဈေးကလေးရဲ့ သက်တောင့် သက်သာရှိမှု ကတော့ အရင်ကလိုပဲ နေမြဲအတိုင်းပင် ရှိနေလေသည်။

ငယ်ဂုဏ်ကလေးနဲ့ လှသွေးကြွယ်ခဲ့ဖူးတဲ့ အိမ်က ကလေးတွေ အမေနဲ့ အကြောင်းပါအချိန် ကတော့ သူရော ကိုယ်ပါ သက်တောင့်သက်သာရှိခဲ့ကြတာကို ပြန်လွမ်းမိနေပြန်သည်။ နှစ် ဖက်အသိုင်းအဝိုင်း ထဲမှာ ငြင်းဆန်မည့် သူ မရှိ။ သူလည်း ကျေနပ်၊ ကိုယ်လည်း ချမ်းမြေ့ခဲ့ကြ။ “အချစ်ကို တီထွင်ပေးခဲ့သူ ရေးကဗြဟ္မာတွေ ကျေးဇူးတင်စရာ ကောင်းသည် ” သီချင်းလေးကို လေးတချွင်ချွင်။ အဲဒီ အချိန်က

ပစ္စည်းဥစ္စာဘယ်မှာ ချို့ ငဲ့ခဲ့မှာ လဲ။ ပညာရွှေအိုး လူမခိုး။ ဥစ္စာဟူသည့် မျက်လှည့်မျိုး ။ ပညာသဘာအာဘာနတ္ထိ၊ ပညာနှင့် တူသော အရာသည်မရှိ။ ဒီသင်အံချက်တွေ က သွားဖုံးထဲမှာ အံမြစ်တစ်ခုချင်း စိုက်ဝင်နေတဲ့ သွားတွေ လို ရင်အုံထဲမှာ စူးနစ်နေခဲ့သည်။ အဖေက " ယုန်စားတဲ့ သစ်ညွန့်သစ်ခက်လို အစားမျိုး ကိုစား။ မြွေလိုသံသရာမှာ အဖန်တစ်ရာခံရမယ့် အကုသိုလ်စာတွေ ကို မစားနဲ့ကွ" လို့ သွန်သင်ခဲ့သည်။ လူမခိုးနိုင်တဲ့ ပညာအ ဖြစ် ဘွဲ့ရအောင် ပညာသင် အလုပ်ရအောင်စောင့်၊ ကြည့်ပြီးမှ စိတ်ချ သွားတော့ သလို မိဘတွေ မျက်စိမှိတ်သွားခဲ့ခြင်း ဖြစ်သည်။ ပညာဟာ အရင်းအနှီး တစ်ခုလို နားလည်စွာ ကွယ်လွန်သွားကြခြင်း ဖြစ်သည်။ သို့ သော် ရောင် းကုန်တစ်မျိုး ဖြစ်လို့ လာခဲ့တာ သိမသွားခဲ့ကြရှာ။

ဆံစဖြူဖြူတွေ ကို မျက်မှန်ကိုယ်စီတပ်ပြီး အိမ်ရှင်မကြီးနဲ့ တစ်ယောက် တစ်ပြန် တောရှင်းရသည့် အရွယ်ရောက်လာတော့ အချစ်ကိုတီထွင် သူရေးက ဖြဟ္မာတွေ ကို အပြစ်တင်ချင်သလိုလို ဖြစ်လာခဲ့ပြန်ပါရော၊ အရိုးအသား အသွေးတွေ အပြင် အကုသိုလ်တွေ ကိုပါ အရေပြားတစ်ချပ်နဲ့ ထုပ်ပိုးပြီး ဆက်လက်ရှင်သန်နေစေဖို့ အစာတွေ သွတ်သွင်းပေးနေရဆဲ ခန္ဓာကိုယ်အပုပ် အသိုးကြီးတွေ ဆီမှာ အကုသိုလ် တွေ ထပ်ပြီး ထပ်ပြီးတွယ်ကပ်လာ တတ်တာ မဆန်းပါ။ ကလေးလေးယောက် တို့က ဘုစုခရု။ သူတို့ကိုလည်း ကိုယ့်လိုပဲ အစာတွေ ကို သွတ်သွင်းပေးခဲ့ ရပြီ။ အစာတွေ အစာတွေ ၊ အကုသိုလ် လောင်စာတွေ လား။

ဘာပဲပြောပြော အစာတွေ အတွက် ဟောဒီဈေးခင်းလေး ကတော့ ဒီမနက် ဖြစ်တည်နေပြန်ပါပြီ၊ဈေးဝယ်တွေ လည်း အတော် ရောက်လို့နေပါပြီ။မုဆိုးမသားအမိ မုန့်ဟင်းခါးဆိုင်မှာ လူတွေ ငိုးတိုး ငုတ်တုတ်။ဖန်ဆိမ့်တစ်ခွက် ယခုထိ မကုန်သေးပါ။ ဈေးခင်းလေးရဲ့ လွတ်လပ်ကျယ်ပြောမှု ထဲမှာ ဖန်ဆိမ့်တစ်ခွက်ထဲ စွဲမက်စရာ ကောင်းနေ ခဲ့တာ လည်း အမှန် ဖြစ်နေပေသည်။

လက်ဘက်ရည်ဆိုင်ထဲမှ မထလို့မ ဖြစ်တော့ပါ။ စားပွဲသုံးလေးခုံနဲ့ ခပ်နုံနုံဆိုင်လေးထဲမှာ တောဈေးသည်တွေ ပြည့်လာလို့ ဖြစ်သည်။ ဈေးသည်တွေ အချင်းချင်း

ပြောနေကြသည်။ ရွာမှာ ဘက်ဘက်ရည်ဆိုင်ရှိရင် သိပ်ကောင်း မည့် အကြောင်း မသောက်ရရင် နေမထိလို့ ခြံစည်းတန်းက ဟင်းရွက်ကလေးတွေ ဖြစ် ဖြစ် ဆိတ်ပြီးမရောင်းရရင် မနေနိုင်တဲ့အကြောင်း လက်ဘက်ရည်ကြိုက်သော သည့် ရောဂါ သည့်တွေ ကြောင့် ကျွန်တော် မထလို့ မ ဖြစ်တော့ပါ။ ကျွန်တော် ဆိုင်လေးထဲကထလာပြီး ဈေးတန်းလေးထဲ စက်ဘီးကို တွန်းလာခဲ့သည်။

ဈေးခင်းကလေးသည် မြူနှင်းမပြယ့်တပြယ် အဝါဖျော့အလင်းနုထဲမှာ ပီပီသသ အရပ်သူဆန်ချင်တိုင်း ဆန်နေတော့သည်။ ခြံထွက်ကိုင်းထွက် သီးနှံတွေ စုံစေ့သည်။ သားစိုငါးစိုတွေ လည်းရသည်။ အိမ်ဆိုင်ကလေးတွေ အခင်းအကျင်းဖြင့် လည်း ဖြည့်တင်းထားသည်။ ပလတ်စတစ်အခင်းပေါ်မှာ ဖြန့်ကြဲထားသော အဝတ်ကြမ်းထည်တွေ လည်းရသည်။ ရွာကာလသားတွေ အကြိုက်ဂျင်းဘောင်းဘီ တီရှပ်အဟောင်းတွေ ၊ တောလုံမေတွေ အကြိုက် သနပ်ခါးခဲ၊မျက်ခုံးမွှေးဆွဲခဲတံ ၊ မိတ်ကပ်ဗူးလေးတွေ အထိ သူ့ဈေးနဲ့ သူရနိုင်ပါသည်။ မရှိတာလည်း ရှိသည်။ လက်မှတ် တွေ ထိုးရောင်းသော ဈေးကွက်တော့မရှိ၊ ရန်ပွဲကလည်း ခပ်ရှားရှားပါ။ နေရာလုရင်းမဟုတ်ရင် ဈေးသည်နဲ့ နေ့ပြန်တိုး ပေးစားတဲ့လူ စကားများ ရန် ဖြစ်ပွဲတွေ ရှိတတ်ပေမယ့် ရှားပါးသည်။ တစ်ခါတစ်လေ ဆေးရောင်းရင်း မျက်လှည့်ပြသော မြေပိုင်းမျက်လှည့် ဆရာလည်း ကြွရောက်ပွဲခင်းတတ်သေးလို့ အတော် လေးစိုပြည်ပါသည်။

ဒီအချိန်လောက်ဆို အိမ်ကရင်မကြီး ကတော့ ရေနွေးအိုး၊ ထမင်းအိုးတွေ တည်နေလောက်ပြီလို့ မြင်နေရင်း ဈေးခင်းလေးရဲ့ သဏ္ဍာန်တစ်ခုလုံးကိုလည်း မျက်စိကလေးနေမိသည်။ သို့ ဆဲ နုငယ်သေးသော အိမ်ထောင်သက်ကာ တုန်းက နှစ် ယောက် ယှဉ်တွဲ ပြီး လမ်းလျှောက်ရင်း ဈေးဝယ်ခဲ့တာတွေ မှတ်မိလာပြန်သည်။ ကိုယ်က ဆွဲခြင်းကိုင်လို့ သူက တစ်ထောင်လောက်ပိုက်ဆံ့ အိတ်ကြီးကို ချိုင်းကြားညှပ်လို့ပေ့ါ။ အမဲသား တစ်ပိဿ ငါးကျပ်၊ အစိတ်သား ငါးမတ်ခေတ်ကပေ့ါ။ သားတော် မောင် အငယ်ဆုံးကောင် ကတော့ “အဲဒါ အဖေကြီးဖြိုးတာ ” လို့ စွဲချက်တင်သည်။

“ ဦးလေးကြီး ဘာတွေ ယူသွားဦးမှာ လဲ ”

မျက်နှာသစ်ဈေးသည်တွေ ဝိုင်းအော်တော့မှ ညက အိမ်ရှင်မလုပ်ပေးလိုက် သည့် ဈေးစာရင်းကိုထုတ်ကြည့် ဖြစ်သည်။ တစ်ရက်နှစ် ရက် ဈေးအလာပျက်တဲ့အကြောင်းကိုလည်း မေးကြသည်။ သူတို့ခြံထွက်ပစ္စည်းတွေ ကို ရပ်ကွက်ထဲသယ်ပြီး ငါးကျပ်တန်လေးတစ်ရွက်စာ အချိုမှုန့်များ ၊ပြေပ်သီးအကျက်မှုန့်ရော ကြိုပြီးသား ငါးပိရည်ကို လာဝယ်စားသူတွေ ကို ဖြစ်အောင်ရောင်း ပေတဲ့ဆိုင်မို့ ဈေးစာရင်းက အရှည်ကြီးပါ။ ငွေပမာဏ ကတော့ မများ ပါ။ ဒိနေ့အဖို့ နှစ် ရက်စာ ဝယ်ရမှာ ဖြစ်သည်။

ဒိနေ့ ရုံးမှာ လည်း နှစ် ရက်စာ လုပ်ရဦးမည် ။ တိုက်ပုံ ဝတ်ထားရမည် ။ မျက်မှန်ထူထူ တပ်ထားရမည် ။ မဟုတ်ရင် ကုလားထိုင်နောက်မှီမှာ ချိတ်ထားမည် ။ မျက်နှာကို အကြောလျှော့ထားချိန်တွင် သိုသိပ်ထားရဦးမည် ။ ဒါမှလည်း ဝတ္ထုစာအုပ်တွေ ဖတ်၊ တစ်နေ့လေးငါးခါလောက် နှုတ်ခမ်းနီဆိုး မိတ်ကပ်လူး၊ တီဗွီမင်းသား ကျန်ကျောင်းတို့ တိန့်စီးဖိန် တို့အကြောင်းပြော၊ လုပ်နေကြတဲ့ အမျိုး သမီးတွေ ၊ လက်ဘက်ရည်ဆိုင်မှာ သွားထိုင်နေပြီး ချက်ထိုး တောင်စဉ်ရေမရ လျှောက်ပြောလုပ်တတ်တဲ့ အမျိုး သားတွေ ကို ထိန်းနိုင်မည် မဟုတ်လား။ ခွင့်ယူပြီး ရုံးပြန်တက်သည့် နေ့မျိုး တွေ မှာ တော့ အလုပ်တွေ သော င်တင်နေတတ်သည်။ ကျွန်တော် ခွင့်ယူထားတုန်း ထမင်းစားအဖိတ်ခံရလို့ တစ်ရုံးလုံး ထွက်ပြီး သွားစားကြတာမျိုး တွေ ကြားရလေ့ရှိသည်။

ညနေကျရင် မပြတ်တဲ့ ရုံးအလုပ်တွေ အိမ်သယ်လာရဦးမှာ လား စဉ်းစားရင်း ဈေးစာရင်းကို လှမ်းပေးလိုက်၏ ။ ဈေးသည် တွေ က ခြင်းကြီးထဲကို ပစ္စည်းအမယ်လိုက်ထည့်ရင်း တစ်ဆိုင်ပြီး တစ်ဆိုင် ကမ်းပေးသွားလိမ့်မည် ။ ဖောက်သည်ဆွယ်ရင်း အပိုအသာတွေ ထည့်ပေးလိမ့်မည် ။ ဒီလိုအခါမျိုး မှာ ဈေးခင်းလေးထဲက အကြော်၊ မုန့်ဟင်းခါး ၊တစ်ပွဲလောက်နဲ့ ထမင်းကြမ်းခဲ စားနေကြတာမျိုး တစ်ဆိုင်မဟုတ်တစ်ဆိုင်မှာ တွေ့ရတတ်သည်။လယ်က တွက်မှာ မျိုး ထောင်လို့ရတာ တဲ့။ ဈေးသည်မလေးက တဖြတ်ဖြတ်လူးလွန့် ငါးရံ့ကောင်တွေ ထည့်ထားသော လင်ပန်းကြီးထဲ ရေဖျန်းပေးနေသည်။ မြင်နေရတော့ ချဉ်ရေဟင်းထဲမှာ ငါးရံ့ခပ်ကလေး စားချင်လာမိပြန်ပေ့ါ။ ငါးရံ့ငါးကျပ်သား ကလည်း အရေး ထဲမှာ ကိုယ့်ငွေတစ်ရက်စာလောက်

အဖိုးတန်နေပြန်သည်။ ဈေးသည် မလေးက ချိန်ခွင်ဇောက်ထိုး ကြီးထည့်ပြီး တစ်ဆယ်သားယူဖို့ အတင်းပြောလျက်ရှိသည်။

ဒီအချိန်လောက်ဆိုရင်တော့ သမီးနှစ် ယောက် ရော အငယ်ဆုံးကောင်ပါ အိပ်ရာက ထလောက်ပြီ။ ဆိုင်တံခါး တွေ လည်းဖွင့်လောက်ပါပြီ။ ကျောင်းထမင်းချိုင့်အတွက် အချိန်မီပြန်ဖို့ အသိလည်းဝင်လာခဲ့သည်။ အငယ်ဆုံးကောင် က အိမ်မှာ ဟင်းချေးမများ တတ်ပေမယ့် သူ့ထမင်းချိုင့်မှာ သားငါးတစ်တုံးတလေပါမှ ကြိုက်တဲ့အကောင်၊ သူငယ်ချင်း တွေ နဲ့ ထမင်းစုစားရင် ရှက်လို့ဟု သူ့အမေကို ပူဆာတတ်လွန်းသည်။

ငါးရံ့တစ်ဆယ်သား ဝယ်လာ ဖြစ်သွားသည်။ ဆိုင်တင် ဟင်းသီးဟင်းရွက်တွေ ထဲက တစ်မျိုး မျိုး နဲ့ ဘက်တွေ ့သွားရင် အသားပါတဲ့ ဟင်းတစ်ခွက် ဖြစ်သွားမှာ ပါ။ ဈေးသည်တွေ ထုပ်ပိုးပေးသည့် ခြင်းကြီးကို စက်ဘီး ကယ်ရီယာပေါ်တင်လိုက်၏ ။ ဒါပေမယ့် အပုံကြီးတစ်ပုံ ကျန်နေသေးတာတွေ ့လိုက်ရသည်။ နီးဖြင့် တွဲ နှောင်ပြီး စက်ဘီးလက်ကိုင်မှာ ချိတ်သွားဖို့ ပြောလိုက်တော့-

"ဦးလေးကြီး ဟောဟို ကုန်ခြောက်ဆိုင်က ကြွပ်ကြွပ်အိတ်ကြီး တစ်အိတ်သွားဝယ်ချေ "

"ဘယ်လို ကြွပ်ကြွပ်အိတ်လဲ။ ဒါတွေ ထည့်ရင် ပြဲကျကုန်မှာ ပေါ့။ တစ်ခါသုံးပြီးရင် လွှင့်ပစ်ရမယ့်ဥစ္စာ၊ အပိုကုန် ပါတယ်ကွယ် "

ကျွန်တော့ဆီက ငွေငါးကျပ်တောင်းပြီး ကောင်မလေးက လုစ်ခနဲပြေးဝယ်သည်။ ပစ္စည်းတွေ ကို ကြွပ်ကြွပ်အိတ်ထဲ ထည့်ပေးသည်။ အိတ်ကပေါ့ပါးသည်။ ကြွပ်ကြွပ်ချွပ်ချွပ် မြည် သည်။ သူများ တွေ ကိုင်သွားကြတာ တွေ ့ဖူးပေမယ့် ဒီအိတ်တွေ ပေါ်နေတာကြာပြီလား။ သိပ်မကြာသေးဖူးလား ကျွန်တော် မသိပါ။ စက်ဘီးလက်ကိုင်မှာ ချိတ်လို့ အဆင်ပြေသွားသည်။ ဈေးသည်မလေးခမျာ အကြော်နဲ့ စားလျက်တန်းတန်း။ ထမင်းခဲကိုရော အကြော်ကိုပါ ကြွပ်ကြွပ်အိတ်နဲ့ပဲ ထည့်ပေးထားတာတွေ ့နေရသည်။ ကြွပ်ကြွပ်အိတ်တွေ ခေတ်စားပုံကို ကျွန်တော် အံ့သြမဆုံးခဲ့။

"ဦးလေးကြီး နောက်နေ့တွေ ကျရင်လည်း သမီးဆီက များများ ယူနော် "

စျေးတန်းလေး နောက်ကြောဘက်မှ အမှိုက်ပုံအစပ်ကို ဖြတ်ပြီး စက်ဘီးကို တွန်းထုတ်လာခဲ့သည်။ အမှိုက်ပုံမှာ ကြွပ်ကြွပ်အိတ်တွေ တောင်စွန်းဖက်တွေ ဗန်ဒါရွက်တွေ ကြာရွက်တွေ ၊ အင်ဖက်တွေ ၊ နီးတွေ ၊ ယင်တွေ ကလည်း တလောင်းလောင်း။ ကြွပ်ကြွပ်အိတ် ပွင့်ကျလာမလား စိတ်မဖြောင့်သော် လည်း အဆင်တော့ အပြေသား။

ထိုအချိန်မှာ ပဲ မော်လမြိုင်သွား အမြန်ရထားကြီးက အရှိန်ပြင်းပြင်း ဖြတ်သန်းလာလို့ သံလမ်းကူးဂုံးကျော်လေး မှာ စောင့်နေရပြန်၏ ။ ရထားသံကြီးကလည်း တဝေါဝေါ မြည် လို့။ အမှိုက်ပုံးထဲမှာ ကြွပ်ကြွပ်အိတ်တွေ က လန့်ပျံထလာ သည့် ရောင် စုံငှက်တွေ လို ဂယက်ထပြီး ကျန်ရစ်ခဲ့သည်။ သံလမ်းအဆက် ကလေးတွေ အပေါ် ရထားဘီးတွေ ဖြတ်သွားဖြတ်သွားတိုင်း ဇလီဖာတုံးအောက်က ကျောက်ခဲလေးတွေ ပိပြားပိပြား ဝင်သွားခဲ့တာကိုလည်း တွေ ့နေရ သည်။

သည်သံလမ်း ကျောက်ခဲလေးတွေ ကိုမြင်မှ မဆီမဆိုင်ပဲလား၊ တိုက်တိုက်ဆိုင်ဆိုင် ပဲလားမသိပဲ ရပ်ကွက်ထဲ က ကျောက်ခဲတို့ သားအမိတစ်တွေ လို လူတွေ ကို သွားသတိရနေမိပြန်သည်။ ကိုယ့်ဆိုင်လေးရဲ့ စံပြအဝယ်သမားတွေ ၊ နေတာအခန်းငှား၊ အလုပ်ကပုံကျ၊ မိသားစုက သူတို့လင်မယားရယ်၊ လူပျိုပေါက်ကလေးရယ်။ နို့စို့ကလေးရယ် လေးယောက် ။ ကြားထဲက ကလေးသုံးယောက် ကတော့ သက်ဆိုးမရှည်ကြရှာ။ မအေက သူ့သားသမီးတွေ ကို လွမ်းဆွတ်လို့တမိရင် ကျောက်ခဲက သူ့ကလေးတွေ ဝင်္ကြွေးမပါလာလို့ ကုသိုလ်ထူးတယ်ဟု နှစ် သိမ့်ပေးတတ်သည်။ ကျောက်ခဲနဲ့ အကြီးကောင်က အိမ်ဆောက်သော လုပ်ငန်းတစ်ခုခုမှာ အလုပ်ဝင်လုပ် သူ့အိမ်သူက ဆေးလိပ်လိပ် ထမင်းချကမ် တက်ညီလက်ညီ။

ဟိုတစ်လောက ကျောက်ခဲ အပြင်းဖျားလို့ အလုပ်ပျက်ပြီး ကသီသွားသည်။ နေ့ပြန်တိုးတွေ ဘာတွေ ယူပြီး ဆေးကုလိုက်ရသည်လို့ ကြားသည်။

ခုလောလောဆယ် ကျောက်ခဲတို့ တစ်အိမ်လုံး ညတိုင်းဗီဒီယိုရုံချည်း

သွားနေတာတွေ ့ရသည်။ ပြဿ  နာကို ကျောက်ခဲဖြေရှင်းပုံကလည်း သင်းသည်။ မနက်အလုပ်သွားခါနီး ရင် နေ့ပြန်တိုးပေးစားတဲ့အိမ်စီ စောင်၊ ခြင်ထောင်၊ ပန်းကန်ခွက်ယောက် တွေ ကို သယ်ပြီး သွားပို့ထားသည်။ စူးဆောက်တန်ဆာပလာ လက်သမားပစ္စည်းတွေ ကိုလည်း ထုတ်ယူလာပြီး အလုပ်သွားသည်။ ညနေပိုင်းမှာ သွားပြန်လဲယူလာသည်။ တိုးရင်းဖဲ့ဆပ်သည်။ ပြီးရင် ထမင်းစားသောက်ပြီး ဗီဒီယိုရုံသွားကြပြီ၊ ကျောက်ခဲက “တွက်ခြေကိုက်တယ်အဘရဲ့ ” ဟု ကျွန်တော့် ကို ရှင်းပြသည်။ ညပိုင်းမှာ ဖယောင်းတိုင် ထွန်းစရာမလို ခြင်ဆေးခွေထွန်းစရာမလို။ ရုံထဲမှာ လူများ တော့ ခြင်ကောင်တွေ က မှုကိုက်လို့ ကျန်းမာရေး ကောင်းသတဲ့။

ရုံးအမီ စက်ဘီးကို အမြန်နင်းလာခဲ့သည်။ စက်ဘီးလက်ကိုင်မှ ကြွပ်ကြွပ်အိတ် နှုတ်ခမ်းသားလေးတွေ ဆတ်ဆတ်နော့နော့ လှုပ်နေသည်။ ကြွပ်ကြွပ်ချွတ်ချွတ်လည်း မြည် နေသည်။ အိတ်ထဲနှင့် ခြင်းကြားကြီးထဲက အစာတွေ ကတော့ ရပ်ကွက်သူ ရပ်ကွက်သား ကျောက်ခဲတို့လို ကျောက်ခဲပေါင်းများ စွာ တို့ အစာအိမ်တွေ ထဲမှာ အရည်ပျော်ပြီး အားအင်အရင်းအနှီးတွေ ထုတ်ပေးကြဦးမည် ။ အဲဒါကို ပြန်ရင်းပြီး ပြန်စား။ ပြန်ရောင် း။ ဈေးကွက် သံသရာလည် ပုံတစ်ခုပါလားလို့ ကျွန်တော် တရေး ရေး သဘောပေါက်လာသည်။

ရထားကြီးနဲ့ ရထားပေါ်ပါသွားတဲ့ လူတွေ ကတော့နောက်မှာ ကြွပ်ကြွပ်အိတ်တွေ လေဗွေတ်လွင့်ကျန်ခဲ့တာ သတိထားမိမှာ မဟုတ်ပါ။ ဒီလိုပါပဲ။ ကျောက်ခဲတွေ ပေါ် ကြိတ်နင်းဖြတ်ကျော် ခရီးနှင်နေတာလည်း ဂရုမှု မိမှာ မဟုတ်ပါ။ ဒီလိုပါပဲ။ကျောက်ခဲတွေ ပေါ် ကြိတ်နင်းဖြတ်ကျော် ခရီးနှင်နေတာလည်း ဂရုမှု မိမှာ မဟုတ်ပါ။ ရထားနောက် ကို အမီလိုက်ရင်း ကြွပ်ကြွပ်အိတ်တွေ ကျောက်ခဲတွေ ပေါ်မှာ ကျန်ရစ်ခဲ့တာ ကျွန်တော် မြင်နေရသည်။ ရထားကြီးနဲ့ ရထားပေါ်က လူတွေ လည်း အေးအေးလူလူ ခရီးတွေ ဆက်နှင်သွားလို့။

ကြွပ်ကြွပ်အိတ်လေတိုးသံကို “ ဟုတ်ကဲ့ပါ။ ကျေးရူးနော်၊ အဟွန့် အဟွန့်၊ အို - ဆောရီး။ စိတ်မကောင်းလိုက် တာ”ဆိုတာမျိုး ကျွန်တော် နေ့ခင်းကြီးတစ်ခုလုံးကို အကွပ်ဖော်ထားတဲ့ အချိုသာ အယဉ်ကျေးဆုံး နှုတ်ခမ်းလေးတွေ ရဲ့ ဘာသာပြန်

ဘာသာဗေဒအ ဖြစ် ပြန်ဆိုကြားယောင် နေမိသည်။

ဟုတ်ပါသည်။ သည်အသံတွေ သိပ်ချိုအီလာလို့ စိတ်ထဲမှာ နင့်သည်းလေးလံလာတဲ့အခါ ညရောက်ရင် အိပ်ပစ်ခဲ့။ အိပ်မပျော်ရင် အိပ်ဆေးသောက်အိပ်ခဲ့။ မနက်နိုးလာရင် ဒီဈေးခင်းလေးထဲကို ဒီမနက်လိုပဲ လာနေရတာ ကျွန်တော် ပျော်မဆုံးပါ။ ကျွန်တော့် အတွက် ဖန်ဆိမ့်တစ်ခွက်နှင့် အတူတူပင် ဖြစ်လျက်ရှိခဲ့သည်။

အောင်ထိပ်

ရုပ်ရှင်စတား (၁၉၉၇)

■

# ငါးခုံးမတစ်ကောင် တောင်တန်းသို့ အပြန်

မိုးလွန်ကာလ ပေါင်းလောင်းခေါ် စစ်တောင်းမြစ်နေပြင်ယံပေါ်မှာ “အသွား ------အသွား ----အသွား----- အသွားလားကွယ့်၊ အပြန် ------------အပြန် အပြန်ပါဗျို့ ”

“အစုန် .........အစုန် ........အစုန်လားဟေ့ ၊အဆန် ...........အဆန် အဆန်ပါဗျ ”

သည်အမေး အဖြေသံတွေ ဟာ လှိုင်းပွတ်သံတွေ နှင့် အတူ ညံ့လျက်ရှိသည်။

ထို ငခုံးမတစ်ကောင်ကို လမ်းကဖြတ်မေးလိုက်တိုင်း သူ့ခရီးသည် အဆန်နှင့် အပြန် ခရီး ဖြစ်တဲ့အကြောင်း သူက တွင် တွင် ပြန်ဖြေလျက်ရှိလို့ ဖြေပါသည်။ သူသည် ရေအနေအထားအရ ဆက်လက်စုန်ဆင်း၍ မရနိုင်တော့သော ရေနယ်နမိတ်အထိ ခရီးနှင်ခဲ့၊ စုန်ခဲ့ ၊ စွန့်စားခဲ့ပြီမို့ ဆက်လက်စုန်လို့ မ ဖြစ်နိုင်တော့။ ထိုကြောင့် သူ့ခရီးကို တပ်ခေါက် ပြန်လည်လ ဆန်တက်လာခဲ့ခြင်း ဖြစ်သည်။

ထိုနယ်နိမိတ်အလွန်အရပ်တွင် သူကျင်လည်နေထိုင်ဖွယ် မရဲနိုင်သေးသော ရေငန်ပင်လယ်ကြီးရှိသည်။

သည်သို့ စုန်ဆင်းမလာမီ အချိန်အထိ သူသည် သူ့ဇာတိ နှင့် သူကျင်လည်ရာ ဆားငန်အငြိ ကင်းသော တောင်ကျရေချိုချောင်းဖျားမှာ သူ့ ကို မွေးဖွား ကျက်စားကျင်လည် အရွယ်ရောက်ခဲ့သည်။ ထိုချောင်းသည်လည်း သူ့လိုငခုံးမတွေ နဲ့ ချည့်မြို့ ပြဆန်နေသည်မို့ လူတွေ က ငခုံးမချောင်းဟုတွင် အောင် ခေါ်ထားနှင့်ကြပြီးပြီ။

ယခုလို ပင်လယ်ဆီအစုန်ခရီးကိုတော့ သူ့မခံချင်စိတ် မာနတွေ ကို ချိုး ချိုး ဖဲ့ဖဲ့ စော်ကားခဲ့သော ပုစွန်ဆိတ်မ လေး တစ်ကောင်ကြောင့် ထွက်လာခဲ့ခြင်းပါ။ သူ့ထက်ငယ်သော ကိုယ်ပိုင်ကားစီးသည့် လုလုရွှရွှပုစွန်ဆိတ်မလေးက သူမ ပင်လယ်ကို ကူးခတ်နိုင်ကြောင်း သူ့ကို ကြွားဝါထိုးနက်ခဲ့လို့ ဖြစ်သည်။

သို့ဖြင့် မိုးကာလ၊ တောင်ကျချောင်းရေတွေ ဒလဟော စစ်တောင်းမြစ်ကြီး ပေါင်းလန်ကမ်းလျှံ ချိန်မှာ ရေစုန်ကို ခိုပြီးသူ့ဇာတိမှ ခွာလာခဲ့သည်။ သူ့အပေါင်းအဖော်တွေ တစ်အုပ်ပါ လာသေးသော်လည်း တချို့ သွေးကြောင်ပြီးနောက် ကြောင်းပြန်လှည့်......... ။ တချို့ သူရဲစီးငမ်းမွတ်နေသော မျိုး တူဇာတ်ကွဲ ငါးတွေ ကြောင့် ပျက်သုဉ်း ဆိုတော့လည်း ပင်လယ်ဆီသူ့ခရီး သည် အရှောင်အတိမ်းနဲ့ ရင်ဖိုစရာ စွန့်စားခန်းတစ်ခုလို အကင်းပါးစွာ သူစုန်ခဲ့ရသည်။

သူဆင်းလာစဉ်က တောင်ကျချောင်းရေနောက်ထဲမှာ ဒိုက်သရော တွေ အပြည့်ပါ၍ သူ့ခရီးထွင်ခဲ့သည်။ သစ်တုံးလို၊သစ်ရွက်ဆွေး၊ကြွပ်ကြွပ်အိတ်တွေ ထဲမှာ ခိုပြီးဆင်းလာလို့ ဖြစ်သည်။ တစ်ကြိမ်မှာ တော့ သစ်တုံးတိုမှာ ကပ်ခိုလာသော တောကြီးမြွေဟောက်တစ်ကောင်ကြောင့် သူ့အဖော်လေးငါးယောက် ဇီဝိန်ကြွေသွားခဲ့သည်။ သူ ကတော့ သီသီကလေး ထွက်သွားသည်။ ထိုကြောင့် သူ့ခရီးသည် ဉာဏ်ပြောသ၍ နားခို အမောပြေစရာ တစ်ကွက်ရှာလို့ ရတတ်သလို အန္တရာယ်လည်း ပွမ်းကြောင်း အသိမှာ စွဲမှတ်ခဲ့ရပြီ ဖြစ်သည်။

စစ်တောင်းမြစ်အောက်ဘက်ပိုင်း ရောက်လာလေ သူ့ခရီးက ပိုလိုတွင် လေပင်။ ရေစီးအရှိန်က အဟုန်ပြည့်စွာ မြန်သည်။ ရေလုံးရေရင်း ထုကဲလာသည်။ “ပင်လယ်က မြစ်ရေ ကိုဆွဲချနေလို့တဲ့ ”သူတစ်သက်မကြားဖူးပေါင်။ ဒီဒေသ ရောက်လာတော့ သူတစ်ကောင်တည်း။ ခရီးတစ်လျှောက်မှာ နှုတ်ခမ်းမွေးကားကား၊ မျက်ဆံပြူး ပြူး ပါးစပ်ကျယ်ကျယ် ငါးဝင်ရိုင်းတွေ အများ ဆုံးပါပဲ။ သူသည် ခပ်ရှောင်ရှောင်ပဲ ဆင်းလာခဲ့သည်။ ဒီကောင်တွေ နား ကပ်လို့ မ ဖြစ်။ သူတို့က ဆူးတောင်တွေ တကားကား။ အံ့ကျင်းလည်းကောင်းသည်။ သူတို့အုပ်ထဲ ညှပ်မိပိတ်သွားလို့ ကတော့ ကြေမွသွားရတာ ချည်းဆိုတော့ သူဒိဌ ခဏ ခဏ ကြုံဖူးပြီ။

သူ့ခရီးမှာ သူ့ထက်အရွယ်အစားကြီးသော ငါးတွေ ကို မြစ်ကြောင်းတစ်လျှောက်တွေ ့နေရသလို ပင်လယ်နားနီး လာလေ မြင်ဖူးနေကျထက်ပိုပြီး အရွယ်အစားကြီးသော မဟာငါးကြီးတွေ ကို တွေ ့ရလေ ဖြစ်နေသည်။

တစ်နေရာမှာ တော့ သူတို့လို ငါးနုပ်ငါးဖျင်းတွေ ကို လိုက်လံစုပ်မြိုနေသော ငါးကြီးတစ်ကောင်အား ထိုငါးထက် အရွယ်ပိုကြီးသော နောက်ငါးတစ်ကောင်က မြိုလိုက်တာ သူတွေ့ရသည်။ သူ့မျက်လုံးကိုပင် သူမယုံချင် ဖြစ်သွား သည်။ သူသည် ထိုငါးကြီးတွေ ရန်က လွတ်အောင် မြေပြင်နားကပ်လို့တစ်မျိုး ။ နုန်းထဲတိုးလို့တစ်ဖုံ၊ ရေပြင်ပေါ် က ပေါလောဒိုက်သရောတွေ အောက်မှာ ရေပွက်ဖျောက်ကာတစ်နည်း ၊စုန်မြဲစုန်လျက်၊ အမှန်မှာ ထိုခံလိုက်ရသော ငါးသည် သူ့ဇာတိငါးခုံးမချောင်းထဲ မင်းမူနေသော ငါးရံ့ငါးဘတ်တွေ ထက် အပြတ်အသတ်ကြီး၏ ။ သည့်လိုနှင့် ပင် စစ်တောင်းထဲစီးဝင်သော ချောင်းဝတစ်ခုရောက်တိုင်း “ ဒါဟာ ဘာချောင်းလဲ ” ဟု တစ်မေးထဲမေးလာရာ အထက်မှ အောက်ဆွာ၊ ခပေါင်း ၊သောက်ရေခပ်၊ ဖြူကွင်းချောင်း၊ ကျောက်ကြီးချောင်း၊ ရွှေကျင်ချောင်း၊ ပဲခူးစစ်တောင်း တူးမြောင်း တာဝ စသည့် ခရီးထောက်တွေ ကိုမှတ်သားစုန်ဆင်းလာခဲ့ရသည်။

ဆက်ပြီး စုန်လာခဲ့ရာ စစ်တောင်းတံတားကြီးအောက် ဘက်ရောက်လာလေ သူ့မှာ မွန်းကြပ်အနေခက်လေ ဖြစ်လာသည်။ အကြေးခွံအောက်ခန္ဓာတွေ နာကျင်လာ၊ အသက်ရှူမဝ ပို ဖြစ်လာသည်။ သူသည် သက်သာရာရနိုးနိုး စုန်နေဆဲ ရေညိုရေနောက် အကြောမှ ရေကြည်ဘက်သို့ လမ်းကြောင်းကိုစောင်းလာသည်။ ရေကြောနှစ် ခုအစပ်မှာ သူ့မျက်လုံးမြင်ကွင်းထဲ မဆန့်လောက်အောင်ကြီးမားသော ငါးကြီးနှစ် ကောင်ကို ပါးစပ်အဟသားကြီးတွေ့လိုက်သည်။ ခံတွင်း ႏရဲရဲကြီးထဲ ရေစီးနှင့် အတူ သူဝင်မသွားအောင် မနည်းရှောင်ကွင်းလိုက်ရသည်။ ဘုမသိ ဘမသိသူတို့လို ငါးလေး တွေ ထဲက တွေ ဝေဝေးမောတဲ့ ငါးတွေ ကတော့ ပါးစပ်ကြီးထဲ အုပ်လိုက်သင်းလိုက် သေပွဲဝင်နေကြ ပါရောလား။

မကြာမီ ထိုငါးကြီးကို တစ်ခြားတစ်ကောင်က အမြီးပိုင်းရေယက်နားဆီ ကိုက်ထည့်လိုက်၍ အနာဟက်တက် ကြီး ဖြစ်သွားသည်။ အကိုက်ခံရသော အကောင်ကြီးထွက်ပြေးသွားပြီး ကိုက်လိုက်သော ငါးကြီးက ထိုနေရာကို သိလိုက်ရလို့ ဖြစ်ပြီး ထိုအ ဖြစ်ကြောင့် ပင် သူ့အတွက် ရှောင်တိမ်းဖို့ အခွင့်အလမ်းပွင့်သွားလို့ ဖြစ်သည်။

ဒီနေရာမှာ ရေစီးသိသိသာသာ နှေးကွေးသွားတာ သူသတိထားမိသည်။ သူတို့လို ငါးပါးမွှားတွေ နောက်ကြောင်း ပြန်ဆန်ပြေးနေကြတာလည်း တွေ့ရသည်။ ခုနက ငါးကြီးနှစ် ကောင်ရဲ့ ဝရုန်းသုံးကား အ ဖြစ်ကြောင့် လား။ "မဟုတ်ဘူးဗျ ပင်လယ်ဘက်က ဒီရေစနိတွေ အထက်ဘက်ကို တွန်းတက်လာပြီ" သည်လို အော်ဟစ် ဆန်တက်သွားကြ။ သူလည်းနောက်ကြောင်းလှည့် ဆန်တက်မှပဲ ပိုင်းဖြတ်လိုက်မိသည်။ သူ့လို အကြေးခွံမပါ ရေချိုငါးတွေ သူတို့သည် ပင်လယ်ရေငန်ဒဏ်ကို ခံနိုင်ရည်မရှိကြ။

ခုနက ငါးကြီးတွေ ငါးလေးတွေ ကို လိုက်လံထိုးဟပ်သည်။ ထိုငါး၏ ခေါင်းကြီးဖြင့် တစ်ချက်ထိုးအဟပ်မှာ ငခုံးမ ခများဂယက်ထသွားသော ရေအောက်ကြမ်းပြင်နားအထိ ငုံလျှိုး ပုန်းအောင်းလိုက်ရသည်။ ငါးကြီးက ရေပြင် နားအထိ ဆင်းလာသော် လည်း သူလွတ်မြောက်သွားခဲ့သည်။ သူ့ဘေးမှာ လည်း ကြောက်ရွံ့တုန်လှုပ်နေသော နန်းထဲအထိ ခေါင်းစိုက်ရှောင်နေသည့် ငခုံးမတစ်ကောင်ကို သူတွေ့သည်။ ငါးကြီးရန်ကင်းဝေးသွားသော် လည်း သူစိတ်တုန်လှုပ်မှု မပြယ်သေး။ သူသည် ကြောက်ရွံ့လို့တော့ မဟုတ်။ ရုတ်တရက် မမျှော်လင့်ပဲ ပေါ်ပေါက်တတ်သော အ ဖြစ်အပျက် အပေါ် တုန်လှုပ်နေကျ တုန်လှုပ်သွားမိခြင်းသာ ဖြစ်သည်။

သူသည် ထိုငခုံးမရွယ်ရွယ်ကို ဖေးမအားပေးပြီး ဆက်လက်ဆန်တက်ခဲ့သည်။ သူ့အဖော် ဖြစ်သွားပြီ။ နှစ် ကောင်သား အတွေ့အကြုံတွေ ဖလှယ် ဖြစ်သွားသည်။ ထိုငခုံးမက ပင်လယ်ထဲရသလောက် တိုးဝင်သွားကြောင်း ပြောပြသည်။ "ဆက်တိုးလေ ပင်လယ်ဆိုတဲ့ လောကဟာ မွန်းကြပ်နာကျင်လေပါပဲဗျာ။ ခုနက ငါးကြီးတွေ ထက်ပိုပြီး ကြီး ပါးစပ်ပိုပြဲတဲ့ ငါးကြီးတွေ လည်း ပင်လယ်မှာ ရှိတယ်ဗျ " ဟုဆိုသည်။

"ခင်ဗျားနှယ် ကျွန်တော် ပိုပြောတာမဟုတ်ဘူး။ ခင်ဗျားတို့ ကျုပ်တို့လို ငါးလေ့ငါးမွှားတွေ မပြောနဲ့ ခုနက တစ်ကောင်နဲ့ တစ်ကောင်ချကြွေ့သွားကြတဲ့ အရွယ်တောင် သူ့ပါးစပ်ထဲ ပလွတ်ပလွတ်ဆို ဝင်သွားရလောက်အောင်၊ မိနစ်ပိုင်း အတွင်းမှာ အဆီအသား ဖြစ်သွားမှာ "

သည်တော့ ပင်လယ်ဆိုတာ အကျသိုလ်ကြီးပါလားလို့ သူတွေးမိသေး၏ ။

ဟုတ်ပါပေသည်။ စစ်တောင်းရေချိုရေနောက်နဲ့ ပင်လယ်ရေကြည် အစပ်မှာ တောင်အပါး၀သော ငါး၊ ပုံပျက်ပန်းပျက်နဲ့ သရုပ်ပျက်တဲ့ငါး၊ ဖော်လံဖားငါးတွေ သူတအားတွေ ့ခဲ့ရပြီ။ ထိုငါးတွေ အလယ်မှာ သူ့စိတ်ကို ဆွပေးခဲ့တာ နှုတ်ခမ်းနီနီ ပုစွန်ဆိတ်မလေးတွေ ကို အုပ်နဲ့ချီပြီး တွေ ့ရသည်။ ထိုကြောင့် သူရင်ဖွင့်သည်။

“ ဒီပုစွန်ဆိတ်မတွေ က ပင်လယ်ကူးနိုင်တယ်ဆိုဗျ။ကျုပ်တို့ တောင်တန်းပေါ်က ခပ်ပျက်ပျက် ပုစွန်ဆိတ်မလေး တစ်ကောင်က ကျုပ်ကိုပြောလို့ မခံချင်တာနဲ့ ကျုပ်ထွက်လာခဲ့တာ ”

“ အင်း.........ငါးကြီးတွေ က သူတို့ကို စားတော့ စားတယ်၊ဒါပေမယ့် တစ်ချို့ ပုစွန်ဆိတ်မတွေ ကျတော့ ငါးကြီးတွေ ကို ခိုပြီး ပင်လယ်ကိုကူးနိုင်ကြတာ ကျုပ်တွေ ့ရတယ် ”
“ ဩော်................ဩော် ”

သူ့အဖော်တွေ က ပြောပြနေစဉ် နောက်ဘက်မှ အသံတွေ အော်လိုက်လာသည်။

“ ပင်လယ်ဒီရေတွေ လာပြီဟေ့။ ငါးကြီးတွေ လည်း အထွေးလိုက်ပါလာသဟေ့ ”

ထိုငါးခုံးမက သူ ့ကို အတင်းတွန်းထိုးကာ ဆန်ပြေးဖို့ သတိပေးသည်။ တစ်ချိန်တည်းမှာ ဒီရေကလည်း အထက်ကို တွန်းနေသည်။ ရေစီးသည် အီနေရာမှ အဆန်သို့ မြန်လာသည်။

“ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်၊ နှစ် ကောင်ကြောင့် နှစ် လှေပုပ် ”

ပါးစပ်ပြဲပြဲအာနီနီ ငါးဘတ်တစ်အုပ်က သူတို့နှစ် ယောက် ကိုလှောင်သွားသည်။ တခြားငါးတွေ ကလည်း ပြေးနေ ကြရတာ ချင်း အတူတူ သူတို့ကိုပဲ အဖက်မတန်သလိုလို၊ သူကလည်း နဂိုကတည်းက ဆတ်ဆတ်ထိမခံတတ်သော တောင်တန်းသား။ သူခံပြင်းလာမိတာအမှန်။

"ဟော့....... သေမှပုပ်တာ၊ ဘာ ဖြစ်လဲကွ၊မသေခင် မင်းတို့ ပါးစပ်ပြုပြုကြီးတွေ က အပုပ်နံ့ထွက်နေကျတော့ ကော ဘာပြောမလဲ ...........ငါးဘတ်ကောင်တွေ ရဲ့ ငါတို့လို ငါးမှုန်ငါးမွှားတွေ တင်းနဲ့တောင်းနဲ့ ချိုပြီးသေကျေမှ အဆီအသား ဖြစ်တဲ့ကောင်တွေ ကများ ကွာ တောက် "

သူတို့နှစ် ယောက် သူ့နယ်ကိုယ့်နယ်မှာ ကျင်လည်ရတာ တွေ အကြောင်း ပြောဆိုလာကြစဉ် ကမ်းနဖူးကပစ် လိုက်သော ကွန်ချက်တွေ ကို ရှောင်တိမ်းလိုက်ရသေး၏ ။

"အဲဒါပေါ့ဗျာ၊ကျုပ်တို့အ ဖြစ်က တယ်ဆိုး တောက် ငခုံးမ ဖြစ်ရတဲ့ ဒီဘဝနယ် "

သူ့အဖော်က စိတ်ပြေလက်ပျောက် အနားယူဖို့ လောဆော်သည်။ ကမ်းစပ်ရေတိမ်ပိုင်း သစ်ကိုင်းသစ်ခက် တွေ ပုံထားသော ရေအီရေအေးထဲမှာ နားခိုဖို့ ပြောသည်။ သူက သံသယဖြင့် အကဲခတ်သည်။

" ဟော့ ....မ ဖြစ်ဘူး မ ဖြစ်ဘူး ၊အဲဒါ အဲဒါ ချုံပိုင်းထားတာဗျ၊ တော်ကြာနေ လူတွေ စားတဲ့ ဟင်းခွက်ထဲမှာ အငွေ့တထောင်းထောင်းနဲ့ မသာပေါ် သွားပါဦးမယ်ဗျာ၊ လစ်ကြမှ ဖြစ်မယ် "

ထိုအေးရိပ်သာ အန္တရာယ်ချုံအနီးမှ သူတို့ပြေးထွက်လာကြရပြန်သည်။

ထိုနောက် သူ့အဖော်ရွှေကျင်သား ငခုံးမက သူ့ကိုရွှေကျင်မှာ ဝင်ရောက်အနားယူပြီးမှ ပြန်ဖို့ဖိတ်မန္တကပြုသဖြင့် သဘောတူလိုက်သည်။

စစ်တောင်းမြစ်ပြင်မှ သူတို့ခွဲထွက်ဆန်တက်လာသော ရွှေကျင်ချောင်းသည် နွေပင် ဖြစ်သော်လည်း အေးစက် လို့နေသည်။အခါမဟုတ် ရေနောက်တွေ ဆင်းလျက်။ သူက ရွှေကျင်သားငခုံးမကိုမေးကြည့်သည်။

"ရွှေကျင်ဆိုတဲ့ အတိုင်းပေါ့ဗျာ၊ ချောင်းဖျားဘက် ကမ်းနဖူးတွေ မှာ လူတွေ ရွှေကျင်နေကြလို့ဗျ "

"ရွှေဆိုတာဘာလဲဗျ၊ ရွှေကျင်သားရဲ့ "

အထင်သေးချင်လည်း သေးပလေ့စေ၊ သူတကယ် မသိ၍ ရွှေကျင်သားကို မေးမိသည်။ တောင်တန်းသား ဖြစ်သော သူသည် ရွှေဆိုသော အရာ ဘာအသုံးဝင်သည်ကို တကယ်မသိ။ သူ့လို တောင်တန်းသား ငနုံးမတွေ အတွက် ငွေစက္ကူနှင့် စားစရာသာ အသုံးတည့်သည် မဟုတ်ဘူးလား။ သို့သော် သူတို့ဆီက ပုစွန်ဆိတ်မလေးတွေ ကတော့ တောင်တန်းပေါ် တစ်ခေါက်ပြန်လာလေတိုင်း ဝါဝါဝင်းဝင်းပစ္စည်းတွေ ကို ကိုယ်လုံးညွတ်အောင် ဆင်သလာတတ် သည်။ "ရွှေ " တဲ့။ အမြီးရှည်ရှည်ရှိရင်တောင် ဆင်ယင်ဖို့ အလုပ်များ ကြဦးမှာ လေလား။

"ရွှေ ဆိုတာ လူတွေ ရဲ့ သည်းခြေကိုက် ဓာတ်သတ္တုတစ်မျိုး ပေါ့ဗျာ၊ ခင်ဗျားသုံးနေတဲ့ ငွေစက္ကူနဲ့ စားစရာတွေ ကို ကျုံ့ ပေးတဲ့ ပစ္စည်းပေါ့ဗျ" ဟု အစချီပြီး ရှေးပဝေမှ ယခုအထိ လူတွေ ကတန်ဖိုးထားကြ၊ စုဆောင်းထားကြပုံတွေ ကို ရွှေကျင်သားက စီကာပတ်ကုံးပြောပြသည်။ ဆက်၍ "အဲဒီ ရွှေတွေ ကြောင့် ပဲ လူတွေ လူတွေ လောဘသားတွေ ပြုတ်ပြုတ်ပြုန်းကုန်တာလည်း မနည်းဘူး" ဟု လည်း မှတ်ချက်ပြုသေး၏ ။

သူတို့နှစ် ယောက် ရွှေကျင်မြို့ ထဲ ဆိုင်တကာမှာ လျှောက်လည်ရင်း အရက်လည်းသောက်ရင်းဖြင့် အချိန်အတော် ကုန်သွားသည်။ ဒေသခံချက်အရက်က သူ့ကိုအပန်းပြေစေပြီး သွက်လက်လာစေသည်။ သူကလည်း အရက်ကလေး ထွေထွေရှိလာတိုင်းရွှေကျင်သားအား ပြန်ပြေးလာရတဲ့အ ဖြစ်ကို ရှေ့တန်းတင်ရင်ဖွင့်၏ ။

"အဲဒီ ငါးဘီလူးကြီးတွေ အန္တရာယ်ဘယ်လောက်ကြီးတယ်ပြောပြော သူတို့ကျင်လည်တဲ့ ပင်လယ်ဟို ဘက်ကမ်းကိုတော့ ကျုပ်အရောက်သွားချင်တယ်..."

မလွယ်ဘူးထင်တယ်နော် တောင်ပေါ်သားရဲ့ ၊ ဒီကောင်ကြီးတွေ က ရေနေသတ္တဝါမှန်သမျှ ချမ်းသာပေးတာ မဟုတ်ဘူး"

"ဒါပေမယ့်လို့ ပုစွန်ဆိတ်မလေးတွေ ကတော့ ခေါက်တုန့်ခေါက်ပြန်ဗျာ၊ ပြန်လာတိုင်းလည်း ဘဝပြောင်းလာ ကြတယ်၊ ဆိုပါစို့ဗျာ။ လူတွေ လိုပဲ သူတို့တိုက်ကြီးတွေ

ဆောက်မယ်ဆိုရင် တစ်ခေါက်ပြန်လာတိုင်း အထပ်တွေ မြင့်မြင့်လာပြီး မိုးထိုးသွားနိုင်တယ်”

ထိုအခါ ရွှေကျင်သားတွေ ဝေသွားသည်။ တောင်တန်းသားက စောင့်ကြည့်ပြီး အကွက်ဝင်ပြီဆိုသည့်သဘော စကားထည့်လိုက်သည်။

“ကိုင်း ....ကျုပ်တို့ရော၊ ရွှေကျင်သားရဲ့ ”

ရွှေကျင်သား စကားမပွင့်လာတော့၊ အရက်ပုလင်းကိုပဲတွင် တွင် ငုံ့သည်။ ပြီးသော အခါ အိမ်ပြန်ကြစို့ဟု ဂျိတိုက်သည်။ တောင်တန်းသားက မနက်စောစောထပြီး အရပ်ပြန်မည် ပြောသည်။ ရွှေကျင်သားက ရွှေကျင်ချောင်းဝမှ စစ်တောင်မြစ်အတိုင်းအဆန်ခရီးအတော် ရောက်တဲ့အထိ လိုက်ပို့မည် ပြောပြီး အိပ်ပျော်သွားသည်။

တောင်တန်းသားသည် ထိုတစ်ညလုံး အတွေးစကြာဝဠာထဲ လွင့်ပါးဝဲလည်ရင်း ဘယ်ညာလူးလိမ့်ဖြင့် အိပ်မပျော်။

နောက်မနက်စောစော ရွှေကျင်ချောင်းဝမှ စစ်တောင်းမြစ်ကြောင်းအတိုင်း ဆန်လာကြသည်။ ကျောက်ကြီး ချောင်း၊ ပဲနွယ်တန်းချောင်းတွေ လွန်လာသည်။ ကွင်းချောင်းဝသဲသော င်စပ်မှ တစ်ထောက်နားကြရင်း ခွဲခွာဖို့လည်း နှုတ်ဆက်ကြပြီ။

“တောင်တန်းသား ဘယ်တော့လောက် ပြန်ဆင်းလာမလဲဗျ”

“နောက်နှစ် မိုးဦး တောင်ကျရေဆင်းတာနဲ့ ကျုပ်လိုက်လာမယ်၊ ခင်ဗျားချောင်းဝကစောင့်နေ”

“ဟုတ်ပြီ၊ စောင့်မယ်”

ရွှေကျင်သားအသံသည် လွမ်းဆွတ်သံ နှောနေသော်လည်း မာဆတ်ဆတ်။

“ရွှေကျင်သားလည်း ကျုပ်လည်းစုထားမယ်။ ပြီးတော့ ပင်လယ်ဆီခုန်မယ်”

ရွှေကျင်သားအသံ မာန်ကြွနေပြီး၊ ရွှေကျင်သားက အကြံပေးသည်။

“အန္တရာယ်ကများ တော့ မနည်းကြီးစုရလိမ့်မယ်ဗျ၊ အသက်ကြီးပိုင်းငခုံးမတွေ ကလည်း သူတို့ကိုယ်တိုင် မလိုက်တဲ့အပြင် ကဖျက်ယဖျက် လုပ်ကြဦးမှာ ။ သူတို့ငြိမ်နေခဲ့ကြလို့ ငါးလောကမှာ ကျုပ်တို့ကို ငခုံးမတစ်ကောင် ကြောင့် တစ်လေ့လုံးပုပ်ဘာညာနဲ့ အန္တာခံနေကြရတာ ပေါ့ဗျာ”

တောင်တန်းသားက မလောက်လေး မလောက်စားပုစွန်ဆိတ်ကလေးကတောင် သူတို့ငခုံးမတွေ ကို စော်ကား မော်ကားလုပ်လာကြောင်းပြောပြီး ရွှေကျင်သားကို ဆွဲဆောင်သည်။

“ဒါပေမယ့်၊ ပင်လယ်ရေငန်နဲ့ ပင်လယ်ငါးကြီးတွေ ”

“ဒီကိစ္စကို ကျုပ်ခေါင်းထဲထည့်ပြီးပြီ။ ဒီလိုဗျ”

ထိုအခါ ကွင်းချောင်းဝရေအေးသော ငစပ်မှာ ကျောခင်းနေသော ရွှေကျင်သားခေါင်းမတ်လာပြီ။

ဒီငါးကြီးတွေ ဖိုက်ကြတဲ့အခါ အနာဟောင်းလောင်းကြီးတွေ ရှိတယ်။ အဲဒီ အနာလိုဏ်ကြီးထဲမှာ ကျုပ်တို့တွေ အုပ်လိုက်ဝင်ခိုနေလိုက်ကြရင် သူတို့အသားက ကျုပ်တို့အစာ ဖြစ်မယ်။ ရိက္ခာဖူလုံမယ်။ ဒီကောင်ကြီးတွေ ကူးခတ်တဲ့ ပင်လယ်ထဲကို ဇိမ်ခံသဘော်စီးသလို ကျုပ်တို့လိုက်သွားဖို့ပဲ။ သူတို့အရိုးကျသွားလို့ အသက်ငင်လည်း ဒီကောင်ကြီး တွေ က စားဖို့ရောက်လာမယ်။ အချင်းချင်းအစာလုကြ ဖိုက်ကြဦးမှာ ပဲ။ အဲဒီ အခါ ကျုပ်တို့နောက် တစ်ယောက် ရဲ့ အနာပေါ် ပြောင်းလိုက်ကြရုံပါပဲ။

“တောင်တန်းသား အကြံပိုင်သဟေ့.... ဒါပေသည့်ပင် လယ်ရေငန်ထဲမှာ ကျုပ်တို့ကြာကြာနေနိုင်ဖို့ လိုလိမ့်ဦး....မယ်”

“ဒါလည်း လွယ်ပါတယ်ဗျာ၊ နွေတောမီးလောင်တဲ့ ဝါးပြာတွေ မိုးဦးအခါမှာ ရေစီးနဲ့မျောပြီးအိုင်နေတဲ့ မုက္ခမူဆာအိုင်တွေ ချောင်းဖျားတွေ မှာ ရှိတယ်။ ကျုပ်တို့တွေ အဲဒီ အိုင်ထဲမှာ နေကျင့်ရှိအောင်သွားနေကြရင်....”

"ဟ..... တောင်တန်းသားအကြံ တယ်နိပ်သကိုး...၊ ဒါဆို တောင်တန်းသား ဆင်းသာဆင်းခဲ့ပေတော့၊ ပြင်ဆင်ပြီး ကျုပ်စောင့်နေမယ်"

"ကျုပ်တို့ငခုံးမတွေ ဆိုပေမယ့် ငါးဆင်းမိုးနဲ့အတူမြစ်ချောင်းတွေ ထဲမှာ မျိုးဆက်ချဖို့ ဆင်းကြရတဲ့အခါ ထောင်ထားတဲ့ "ယင်း"တွေ၊ "ဆည်း"တွေ ကို ကျုပ်တို့အုပ်ဆောင့်တိုးကြရင် လူတွေ က ဖွင့်ပေးကြရသေးတာဗျာ၊ ခင်ဗျားသိပါတယ်၊ ကျုပ်ဆက်ဆက်ဆင်းခဲ့မယ်..."

သည့်နောက် ချောင်းဝသဲသော ငစပ်မှ ခရီးဆက်ဖို့ တောင်ပေါ်သားထပြီး၊ လမ်းမှာ သတိဝိရိယချပ်ဖို့ ရွှေကျင် သားက အပ်ကြောင်းထပ်အောင်မှာ သည်။

"စိတ်ချစမ်းပါဗျာ၊ ပင်လယ်ပြန် ငခုံးမတစ်ကောင်ဟာ ဒီခရီးလောက်တော့ အပျော့ပေါ့၊ မာယာတွေ ကို နားလည်ခဲ့ပါပြီ"

သူတို့နှစ် ကောင် မခွဲခွာချင်သော် လည်း ခွဲလျက် အပြီးခိုင်းခဲ့ကြပြီ။

တောင်တန်းသားက မြစ်ညာ "ငခုံးမချောင်း"သို့ အဆန်၊ ရွှေကျင်သားက မြစ်ကြေရွှေကျင်ချောင်းသို့ အစုန်..။

အောင်ထိပ်

ရုပ်ရှင်စကား (၁၉၉၉)

ဥမင်တံခါးသော့

အောင်ထိပ်

■

# ဥမင်တံခါးသော့

ရွှေထွက်ရာ ဒီရတနာနယ်မြေမှာ သော့ ခလောက်ကြီး အကြောင်းပြောနေကြတာ နှစ် တွေ ကြာချေပြီ၊ အခုလည်း ပြောနေကြပြန်ပြီ။

ဒီလိုပြော ဖြစ်အောင် သူနဲ့ သူကိုယ်တူပြုလက်ရင်းတပည့် "မြေကြွက်" တို့က လမ်းစထွင်ခဲ့ကြတာ ဖြစ်သည်။

တောင်ကြောတွေ ဟာ အားလုံးမြောက်ကနေတောင်ဘက်ကိုပဲ တန်းဆင်းတက်ကြပေမယ့် အဲဒီ သဘာဝကို ဆန့်ကျင့်တဲ့တောင်ကုန်းခရိုးတစ်ခု ဒီအရပ်မှာ ရှိလေသည်။ ကြလို့၊ ကြသော င်း၊ ဝါးပိုး၊ ဝါးနက်၊ မျှင်ဝါးတွေ နဲ့ ပင်မြင့် တောနက်ကြီး အလယ်မှာ တောင်လိပ်ကြီးတစ်ကောင် ကန့်လန့်အနေအထားဝပ်နေသလို တရွှဲ့ကြီးတည် နေသည်။ တကယ်တတ်ကြည့်ပြန်တော့ မြေသားတောင် ကုန်းကြီးမဟုတ်။ အုတ်ခဲအကျိုး အပဲ့အရွယ်စုံ၊ ပုံသဏ္ဍာန်စုံ တွေ ကို တောင်ပို့ကြီး ဖြစ်အောင် စုပုံထားသလို ကြီးငယ် ရွယ်လတ် ကျောက်တုံးတွေ ဆင်ယင့်ထပ်ရပ်ပြီး ဖြစ်နေတဲ့ တောင် ကုန်ကြီးပါ။ ဒေသခံ "ဝတ်သေ" ရွာသားတွေ ရဲ့ ပါးစပ်ဖျားမှာ "တောင်ကန့်လန့်လို့ မြည် နေတဲ့တောင်ကုန်း ကြီးပေ့ါ။ တောင်ကန့်လန့်ကြီးရဲ့ ..... ဆိုပါစို့။ ကိုယ်တွင်း းက သည်းခြေအိတ်လို နေရာမျိုး မှာ သော ခလောက်ကြီးတစ်ခု ရှိနေကြောင်းပြောဆိုနေလေသည်။

အခုတော့ သူနဲ့မြေကြွက်တို့ကြောင့် ပြန်လည်ပူနွေးလာပြန်သည်။

ရတနာနယ်မြေတွေ မှာ .... လူတွေ တုပမမီနိုင်လောက်အောင် သဘာဝ အလျောက် ဖြစ်တည်နေတာမျိုး တွေ ရှိတတ်သည်။ တွင်းကထွက်ကတည်းက လူတွေ ပြု ပြင်စရာ မလိုအောင် ချောမောလှပပြီးသား ပုံဆောင်ခဲ ပတ္တမြား၊ နီလာတွေ ကို လူတွေ က "နတ်သွေး" ကျောက်လို့ ခေါ်လေ့ရှိကြတာ သူသိသည်။ မြေကြွက် ကတော့ ဒီသော ခလောက်ဟာ "နတ်သော့ " ကြီးပဲဟု သမုတ်နေလေပြီ။

တကယ် ခြေရာကောက်ကြည့်တော့ သော ခလောက်ကြီးအ ဖြစ်ဆန်းကို လက်မွန်မဆွ စပြီးယဉ်ပါးခဲ့ရာ "ဝက်သေ" ရွာနာမည် တွင် လာပုံကလည်း ခပ်ဆန်းဆန်းပင်။

ရှေးရှေးမြန်မာကြီးတွေ ဒီနယ်မြေကို ရွှေရှာတတ်လာရင် ငှက်ဖျားမိပြီး တစ်ဝက်ပဲ အိမ်ပြန်ရောက်ကြလို့ "ဝက်သေ" တဲ့လေ။ ဒီလိုဒေသ၊ ဒီလိုနယ်မြေတွင် မှ နတ်သော့ ကြီးက ရှိနေခဲ့ခြင်း....။ သူ့အနေနဲ့ မအံ့သြဘဲ နေနိုင်ရိုးလား။ ဒီသော့ ခလောက်ကြီးကို ဒီလို မသေဘဲကျန်ရစ်ခဲ့သူ ..... "ဝက်သေ" ရွာသား တစ်ယောက် စတွေ့ခဲ့တာ သေချာပါသည်။

"အဲဒီ လူ တောင်ကနဲ့လန့်ထဲက ထွက်ပြေးလာပြီး ညနေစောင်းကြီးရွာ ပြန်ရောက်လာတယ်။ အဲဒီ ညပဲ အပျင်းဖျားပြီး ကယောင်ချောက်ချားတွေ ပြောတယ်။ နောက်နေ့လယ်ကျတော့ တစ်ကိုယ်လုံး မည်းပုပ်ပြီး သေပါလေရော"

မြေစေးရောင် းမည်းမည်း၊ နံရိုးအခက်ခက်၊ ဆံပင်အဖွေးသား၊ ငှက်ဖျားမိုက်နဲ့ ဝက်သေရွာသား အဘိုးကြီးက သူ့ကိုပြောပြသည်။ တောင်လိပ်ကြီးတစ်ကောင်ရဲ့ ခေါင်းပိုင်းကို ဆွဲထုတ်လိုက်ပါ။ ကျန်မည့် ကိုယ်ထည်ဝမ်းခေါင်းလို လှိုဏ်ကြီးထဲမှာ သော ခလောက်ကြီးက "သည်းခြေအိတ်" လို တည်နေတာတဲ့...။ဘယ်လောက်ကြီးလဲဆိုတော့ သော ကွင်းမပါ သော့ အိမ်သက်သက်လူတစ်ရပ်စာမကဘူး။ ကျောက်တုံးကြီးတွေ ကြားထဲ ပေါင်လုံးလောက် သံတိုင်ကြီးတွေ စေ့အောင်တပ်ထားတဲ့ သံတံခါးကြီးကို ခတ်ထားတာလို့ ဆိုချေသည်။

"အဲဒီ လူက .... ဘာတွေ ပြောသွားသေးလဲ..... အဘ"

"တောင်ကနဲ့လန့်လူးကြီးထဲမှာ စမ်းချောင်းတွေ ရှိတယ်။ ရေထွက်တွေ ရှိတယ်။ ထန်းလုံးလောက် ကျွန်းသား ဒေါက်တိုင်ကြီးတွေ ရှိတယ်။ ပါးပျဉ်းထရင် လူတစ်ရပ်ကျော်တဲ့ မြွေကြီးတွေ ၊ လင်းနို့တွေ ၊ လင်းဝက် တွေ ရှိတယ်။ အညှိတက်နေတဲ့ မိုးကြိုး ရောင် လင်ပန်းတွေ ၊ ဖိုခံ့လောက်တွေ လည်း တွေ့နိုင်တယ်။ သော့ ခလောက် ကြီးနားရောက်ရင် .... အသက်ရှူလို့မရအောင် ညှစ်တဲ့ ....လက်မည်းမည်းကြီးနဲ့ သတ္တဝါတွေ ရှိ တယ်လို့ မသေခင်တတွတ်တွတ် အော်ညည်းသွားလေရဲ့ "

"နောက်ကော"

"တောင်ကနဲ့လန့်လူကြီးထဲက အစောင်အရှောက်တွေ ကိုကြောက်ပြီး ဘယ်သူမှ

မသွားဝံ့တော့တာ နှစ် ငါးဆယ်ကျော်ရှိပါပြီဗျာ"

ဒီလောက်ပဲ သိခွင့်ပေးသည့် သော့ ခလောက်ကြီးကို သူသွားကြည့်ချင်နေသည်။ သူ့တပည့် မြေကြွက်က လည်း စွန့်စားချင်နေသည်။

ကိုယ်နဲ့မရင်းနှီးတဲ့ သော့ ခလောက်တစ်လုံးဟာ ကိုယ်နဲ့မပတ်သက်၊ ကိုယ်နဲ့မကျွမ်းဝင်တဲ့ ပစ္စည်းတွေ ၊ ပိုင်ဆိုင်မှု တွေ ကို အကာအကွယ်ပေးတာ နိယာမ၊ မဟုတ်လား။ ဒီလိုဆိုရင် မြေကြွက်သမုတ်ထားတဲ့ နတ်သော့ ခလောက်ကြီးက ဘာတွေ ကို အကာအကွယ်ပေးထားသလဲ။ ဝှက်ထားသလဲ။ ဘာ့ကြောင့် ဒီလိုရွှေထွက်တဲ့ တောနက်ထဲက တောင်ခေါင်းကြီးထဲမှာ ရောက်နေရတာ လဲ။ ဘယ်သူတွေ က လာခတ်ထားတာလဲ။ ဒီလောက်ကြီးတဲ့ အာဂသော့ ခလောက်ကြီးကို .... သူတစ်သက်ဘယ်မှာ မှ မမြင်ဘူးခဲ့။ သူ့ တွက်ကိန်းသာမှန်ရင်တော့ ... ဒီသော့ ခ လောက်ကြီးဟာ သိုက်စောင့်သော့ ကလွဲတပြီး ဘာများ ကော့ဖြစ်နိုင်ဦးမည် နည်း။

သူ ကတော့ စိတ်ကူးပြေးသလောက် ကြံနေမိပြီ။ ကြံမိတိုင်းလည်း သူ့လက်သပ်မွေးတပည့် အင်း (တွင် း) ဆရာမြေကြွက်ကို တိုင်ပင်သည်။ တိုင်ပင်မိတိုင်းလည်း မြေကြွက်က စွန့်စားဖို့ အဆင့်သင့်ချည်း။ သည်နယ်မြေမှာ အယူသည်းမှု တစ်ခု ရယ်လားတော့မပြောတတ်။ တွင် းကို "အင်း" လို့ ခေါ်ကြရ၍ သူလည်းနှုတ်ကျိုး နေနင့်ပြီ။ သူက လည်း သူ့လိုတွင် းပိုင်းရွှေမှုဆိုးတွေ ထဲမှာ ရွှေသတင်း အနံ့ခံကောင်းလို့ နာမည်ကြီးသလို ရွှေရရှိတဲ့နေရာ အထိ မြေကြီးထဲ လျှိုး ရမယ်ဆိုရင်လည်း မြေကြွက်က "ပါမောက္ခ" ဖြစ်သည်။ ကြွက်သားဖုဖုထစ်ထစ်၊ ရင်အုပ်ကားကား၊ ကွမ်းဖတ်ပါးစောင်းကပ်ပြီး လေငွေ့ငွေ့ရှိရင် အသက်ရှုနိုင်တဲ့မြေကြွက်။ မြေကြီးရဲ့ အနံ့နံ့သစ္စာကို နားလည်သူ မြေကြွက်။ မြေကြီးထဲမှာ ရေထွက်မလာဘူးဆိုရင် အဝီစိခေါင်မိုးကို လက်နဲ့ယက်ပြမယ့် ။.....

ဘက်ညီတဲ့ ... ဆရာ တပည့်နှစ် ယောက် မြေအောက်ရေဆုတ်တဲ့ ဆောင်းနှောင်းကို လွန်အောင်စောင့်။ ယင်ကောင်တွေ ထက် ရွှေအနံ့ခံကောင်းတဲ့ ရွှေမှုဆိုးတွေ မမြင်အောင် နွေဦးတစ်မနက် ဝေလီဝေလင်းအချိန်မှာ တောင်ကနဲ့လန့်ဝမ်းခေါင်းထဲဝင်ဖို့ သူတို့နှစ် ယောက် ကြိုတင်ချိန်းချက်၍ ထွက်လာကြသည်။

သူ့ တစ်ယောက် တည်း ဆင်းလို့မ ဖြစ်ပေမယ့် မြေကြွက်က သူ့အလုပ်ဆရာ။ မြေကြွက်ညွှန်ကြားသမျှဖယောင်းတိုင်၊ ငါးထောင့်ထိုးမာတ်မီး နှစ် လက်၊ ဓားရှည်၊ နိုင်လွန်ကြိုး ၊ တူ၊ လက်လှည့်လေဖို၊ ထီးစွပ်အိတ်လို လေပို့ပလတ်စတစ်ပိုက်ပျော့ ... ပစ္စည်း အပြည့်အစုံ။ သူက မြေကြွက်နဲ့အတူ လိုဏ်ကြီးထဲ ခရီးတစ်ထောက်အထိလိုက်ပြီး မြေကြွက်ရေ့ဆက်တိုး နေတုန်း လေပြတ်စပြုမည့် နေရာကနေ လက်လှည့်လေဖိုလှည့်ပြီး မြေကြွက်ဆီ လေပို့ပေးဖို့ ဖြစ်သည်။

လေပိုက်ပျော့ကို နှာခေါင်းဝမှာ တေ့ပြီး မြေကြွက်ရေ့ဆက်တိုးသွားသည်။ သူ့လက်လှည့်လေဖို့ အလှည့် မပျက်၊ ရပ်လို့မရ။ ရပ်ရင်မြေကြွပ်သေမည် ။ သူ့စိတ်တွေ ကသာ အစီအစဉ်ပျက်စပြုလာသည်။ လင်းနို့တွေ သူ့အနားမှာ တဝီးဝီးပျံနေကြတော့ သူ့မှာ နေစရာမရှိ။ စိုထိုင်းထိုင်း လှိုဏ်ဂူကျောက်တုံးတွေ နံရံက အလင်းပွင့်လေးတွေ မြင်ရတော့ မှော ငမိုက်ညကြီးထဲကို ကျရောက်..... လူ တစ်ယောက် လို သိမ်ငယ်လာသည်။ပါးပျဉ်း လူ့တစ်ရပ်လောက် မြွေကြီးတွေ ထွက်လာဦးမည် လား။ လှိုဏ်ထဲက အောက်စီဂျင်ချို့ တဲ့မှု နဲ့ရောပြီး .... မောဟိုက်ဆို နင့်လာသည်။ သိမ်ငယ်ခြင်း၊ အထီးကျန်ခြင်း၊ မောဟိုက်နွမ်းနယ်ခြင်း ဂယက်ကြီးထဲမှာ တစ်ချီတစ်ချီလက်သော မြေကြွက်ဆီက မာတ်မီးရောင် ကသာ ... သူ့အားထားရာ။ အသံတစ်ကမ်းမှာ လူတွေ သာရှိရင် ကယ်ကြပါလို့ အော်မိတော့မလို ဖြစ်တာ အကြိမ်ကြိမ်။ ကြာလာတော့ .... မည်းမှော င်တိတ်ဆိတ် ဥမင်ကြီးထဲကနေပြီး သက်ငယ် အမိုးပေါက်ကလေးလို အလင်းယဲ့ယဲ့ ဥမင်ဝလေးကိုပဲ သူ့ကယ်ပေါက်အ ဖြစ် တွက်ဆအားကိုးရှာနေမိသည်။ ငါ..... တစ်ကိုယ် ကောင်းဆန် နေမိသလား။ ဟိုရှေ့မှာ မြေကြွက်ရေ့တိုးနေတယ်လေ။ သူ့ကိုယ်သူ ရှက်နေပြန်သည်။ နောက်ဆုံးတော့ သူ့လိုပညာ၊ အရင်းအနှီးမရှိသူ မြေကြွက်တို့ကို အင်းဆရာတွေ အတွက် .... လုပ်အားသာမဟုတ်။ အရင်းအနှီး စာရင်းဇယားထဲမှာ အသက်လည်းပါနေကြောင်း သူသဘောပေါက်လာပြီး သူ့ဘာသာ အရှက်ကြီးရှက်နေတော့သည်။

"အူး..."

"အူး..."

သူ့...ပေးကြည့်သည်။ မြေကြွက်ဆီက အသံပြန်လာသည်။ မြေကြွက်ဆီက အသံကြားလိုက်ရတော့ သူ့ကြောက်စိတ် တွေ အယောင်လျော့သွားသလိုလို။ သူ တအူးအူးထပ်အော်ပေမယ့် မြေကြွက်ဆီက အသံမကြားရတော့။ မီးရောင် လည်း မမြင်ရတော့။ အောက်ဆီဂျင်လျော့ပါးနေလို့ ဖယောင်းတိုင် တုတ်တုတ်ရဲ့ မီးမှုန်မှုန်အောက်မှ လေပိုက်အခွေ ကသာ လျော့ပါးနေသည်။ ဥမင်ထဲမှာ ကွေ့ချိုး ဘယ်နှစ် ခါ၊ လျှောဆင်းနဲ့ မော့တက်ဘယ်နှစ် လီရှိနေသည် သူမသိရ။ ဒီသိုက်တံခါးသော့ကြီးကို သူ့မျက်စိနဲ့ တပ်အပ်ကြည့်ချင်တာ အမှန်ပါ။ ...ကြည့်လည်းကြည့်သင့်သပေါ့။ မဟုတ်သေး ဘူး။ သူ့အနေနဲ့ ဘာအန္တရာယ်မှအ ဖြစ် မခံနိုင်။ သူ့သတ္တိကို အရောင် တင်၍ မရ။ သူဖောဖောသီသီစွန့်စားရဲတာ ငွေကြေးအရင်းအနှီးသား ဖြစ်သည်။ ဒီအတွက်လည်း သူ့မှာ လုံလောက်သော အကြောင်းပြချက်ရှိလေသည်။

သူက မြို့ပြန်တဲ့အခေါက်တိုင်း ရွှေပါချင်သူ၊ လက်သို့ုး ဆစ်လောက်၊ လက်မလောက်၊ ဒိုးဝိုင်းလောက်... ရွှေလော်သစ်ဆစ်ဝင်းဝင်း ရွှေတုံးရွှေခဲတွေ မြင်ရခိုက် ဘဝင်လိုက်အောင် ပြုံး သွားတဲ့ သူ့ဇနီးသက်ထားရဲ့ အပြုံး တွေ ကို သူအမြဲမြင်ချင်သည်။ မိန်းမထုကြီးထဲမှာ သည်မိန်းမရဲ့ သည့်အပြုံး ကိုမှ ထူးထူးခြားခြား နှစ် ခြိုက်မက်မိခဲ့တာ ဘာကြောင့် မှန်းမသိ သူ မရေလည်ခဲ့။ သမီးရည်းစားဘဝ...။ ပြီးတော့ သူ့ဇနီးမယားဘဝ...။ တကယ်ဆိုသွေးမတော် သားမစပ်၊ တစ်ရပ်တစ်နယ်တည်းလည်း မဟုတ်တဲ့ မိန်းမတွေ ထဲက ဒီမိန်းမကိုမှ၊ အင်းလေ... ခုတော့ သုံးယောက် သော သားသမီးတွေ ရောပေါ့။ သူနဲ့ ပတ်သက်ရာ...ဒီလူသား လေးယောက် ကိုမှ ကွက်ပြီး သူက ပျော်စေ ချင်နေတာဟာ ဘာကြောင့် လဲသူမသိ။ ဆွေမျိုး မိတ်သင်္ဂဟတွေ အလယ်မှာ ဘူမိဗေဒပညာတက်အ ဖြစ် မအောင်မြင် ပေမယ့် အောင်မြင်သော ရွှေလုပ်ငန်းရှင် မိသားစုအ ဖြစ် အောင်မြင်ချင်နေတာ အမှန် ဖြစ်သည်။ ရွှေစင်ရွှေပြား လက်ဝတ်ရတနာ အဆောင်အယောက် တွေ နဲ့ သိက္ခာတင်ပေးချင်သည့် ဆိုတော့ ဖြတ်လမ်းလိုက်ပြီး ဖြတ်သန်းသွား ရင်း တိုက်မိသည့် ခလုတ်ကန်သင်းသည်ပင် သူ့စိတ်က ရွှေ ဖြစ်ချင်သည်။

ပလတ်စတစ် လေပိုက်ပျော့ အပုံကြီးတရွှေ့ရွှေ့ကုန်နေပြီး။

ပိုက်ကိုထပ်ဆက်ထားပေမယ့်... ထက်မ လျော့တော့။ သေချာပြီ။ မြေကြွက်ရှေ့ကို ဆက်မတိုးတော့။ အန္တရာယ်တစ်ခုခုတွေ့တာများ လား။ မဟုတ်ရင် သော့မလောက်ကြီးဆီ ရောက်သွားသွားတာလား။ ဟိုဘက်မှာ ဘာတွေ့ရသလဲ။

"ဒီမှာ မြေကြွက်၊ အဲဒီ သိုက်သော့ကြီး ပွင့်သွားပြီ။ တို့ အကြံအောင်လို့ ကတော့ ငါတို့ ဆရာတပည့် တစ်သက်လုံး ဇိမ်ခံ သွားရုံပဲ"

စွန့်စားချင်စိတ်မြဲအောင် မြေကြွက်ကို သွေးနှိုးပေးခဲ့တဲ့ စကားတွေ ကို သူပြန်ကြားနေသည်။ ပြီးတော့ မြေကြွက်ဆီက မျှော်လင့်ခြင်းအသံတွေ ။

"ဘယ်လို ဇိမ်ခံရမလဲဆရာ။ ကျွန်တော် တစ်ခါမှ ဇိမ်မခံဖူးဘူး။"

" အိပ်တဲ့အခါ ကျောဇိမ်ရှိဖို့က သုံးလေးသိန်းတန် အိပ်ရာတွေ တောင် ရှိတယ်ကွ။ ကျန်တာတွေ ပြောမနေနဲ့တော့။ အဲဒီ ပေါ်ကို တက်အိပ်လိုက်ရင် မိန်းမနှစ် ယောက် က ညှပ်ပြီးပွေ့ထား သလိုခံစားရတဲ့ မွေ့ယာမျိုး ပေါ့"

"ဒါဆို ရွာကမိန်းမမလိုတော့ဘူးပေါ့။ ဟားဟား"

" ဒါတော့ မင်းသဘောပေါ့ကွာ"

ရွာမှာ နေတုန်းက သူရင်းငှားဘဝ။ ယောက္ခမယာခင်းမှာ ခေါင်းစီးဘဝ...။ ယောက္ခမတွေ ဆုံးသွားတော့ ယောက် ဖတွေ က အပိုင်သိမ်းသွားလို့ လွတ်လွတ်ခွက်ချွန်ဘဝ...။ ကျွန်တော် ကတော့ အသက်ကျန်နေသရွေ့ အရင်း မပြု တ်ပါဘူးလိုက မြေကြွက်က သူ့ကို ပြောခဲ့သည်။

ပို၍ သေချာလာပါပြီ။ ကွေ့ဆင်းသွားသော လိုဏ်နံရံပေါ်မှာ မြေကြွက်ဆီက မီးရောင် တဝင်းဝင်းကို ရိပ်ကနဲ ရိပ်ကနဲလှမ်းတွေ့ရသည်။ သူသည် လေဖို့အလှည့်မပျက်၊ ဒါဆိုရင် ပါးပျဉ်းတစ်ရပ်လောက် မြွေကြီးတွေ မလာတော့ ဘူးပေါ့။ သူ့ကြောင့် စိတ်တွေ တစ်လွှာချင်းကွာကျစပြုလာသည်။ သတ္တိတွေ တစ်ပတ်ချင်းသံပတ်တင်းစပြုလာသည်။ တံတောင်တစ်ချိုး နိမ့်ကျလား။ ပြင်ညီကွေ့ချိုး လား မသိနိုင်တော့ ဥမင်တစ်နေရာမှာ

မြေကြွက်က လှမ်းပြီး အူသံပေးတော့ သူက တအူးအူး အော်သံပေးနေမိသည်။ လေရှူပိုက်ကို မြေကြွက်က ဖြုတ်ချဖြုတ်ချထားခဲ့လို့။

သော့ ခလောက်ကြီးဆီ အကွာအဝေးကို သူထိုင်တွက်လျက်ရှိသည်။ ဒါက သူ့အလုပ်။ သူ့လိုပညာတတ် တစ်ယောက် အလုပ်။ ပေတစ်ရာပိုက်ပျော့ကလေးခွေကုန်ပြီ။ ပိုက်ဆက်ရာမှာ ခံတဲ့ ဝါးဖြတ်ကလေးတွေ သုံးခုကုန် သွားပြီ။

သူသည် မြေကြွက်၏ နောက်ပါးမှ လေဖိုကို မ ပြီး ကုပ်ချောင်းချောင်းလေး လိုက်လာသည်။ ကျောက်တုံးကြီး တစ်တုံးပေါ်မှာ အမောဖြေထိုင်ကြရင်း မြေကြွက် ကောက်ယူလာသော ဆန္ဒွင်းမကင်းအိုးလို ကြေးညှိတက် လင်ပန်းကိုကြည့်သည်။ ရှေးရှေးက ရွှေကျိုရာမှာ သုံးသည့်လင်ပန်းလို့ သူကောက်ချက်ချသည်။ မြေကြွက် ပြောသမျှနားထောင်ပြီး သိလိုသမျှကို မေးသည်။

“တွေ့ခဲ့လားမြေကြွက်၊ ပြောပါဦးကွ”

“သော့ ခလောက်ကြီးက လူ့တစ်ရပ်မကဘူး”

“ဟိုဘက်မှာ ဘာတွေ ရှိလဲ”

“ဘာမှမမြင်ရဘူး။ သော့ကြီးကို လှမ်းပဲမြင်ခဲ့ရတာ ။ သော့ကြီးနားရောက်ခါနီး တော့ ရေးတုန်းက ကျွန်းသား ဒေါက်တိုင်ကြီးတွေ ကျိုး ကျနေတယ်။ ကျောက်တုံးကြီးတွေ အိကျနေလို့ တစ်ချို့ နေရာတွေ မှာ လူတစ်ကိုယ်ဝင်သာ ရုံပဲရှိတယ်။ ဥမင်လမ်းကြောင်းက ဒီလိုရှိတယ်။

မြေကြွက်က ကျောက်ခဲအစလေးတစ်ခုကို ကောက်ယူလိုက်ပြီး သူတို့နှစ်ယောက် ထိုင်နေသည့် ကျောက်တုံး မျက်နှာပြင်ပေါ်မှာ ဆွဲပြသည်။ ရေထွက်၊ စမ်းပေါက်၊ ကျိုးကျနေသော သစ်သားဒေါက်တိုင်တွေ နေရာ၊ ကျောက်တုံး ကြီးတွေ အိကျနေသည့်နေရာ၊ နိမ့်လျှော၊ မော့တက်၊ ကွေ့ချိုး သူက သော့ ခလောက်ကြီးဆီ အရောက် လမ်းကို မှန်းဆနေသည်။ သော့ ခလောက်ကြီး အနားမှာ အသက်ရှူလို့ မရအောင်ညှစ်တဲ့ သတ္တုဝါကြီးတွေ မြွေကြီး တွေ အရိပ်အယောင်တွေ . မတွေ့မေးသည်။

“မတွေ့ဘူး။ စိမ်းရွှေရွှေအနံ့ကြီးပဲရတယ်။ တောင်ကျောကုန်းပေါ်က စိမ့်လာတဲ့ရေကြောင့် ဖြစ်မယ်ဆရာ”

“ဥမင်အဝကနေ သော့ကြီးဆီအရောက် ပေလေးရာကျော်မယ်”

“မကဘူးလေဗျာ၊ ဥမင်အဝကနေ ဆရာလေဗိုလှည့်နေတဲ့ နေရာအထိ ပေတစ်ရာငါးဆယ်ကျော်နေပြီဗျ။ သော့ကြီးအရောက်ဆိုရင် ပေခြောက်ရာကျော်မယ်။ ကျွန်တော့် ခြေလှမ်းနဲ့စာကြည့်တာ”

“ပိုင်လောက်ပါ့မလား၊ မြေကြွက်”

“ပိုင်လောက်ပါတယ်”

“အေး .... ဒါဆို တို့တော့ပွပြီ။ ငါကြံမယ်”

အဲဒီ နေ့က သူနဲ့တပည့်ကျော်မြေကြွက်တို့ လူသူအလစ်ချောင်းပြီး တောင်ကန့်လန့် ခံတွင်းဝကနေ ပြန်ထွက်လာခဲ့သည်။

အဲဒီ နှစ် နွေရက်တွေ ထဲမှာ ပါပဲ။ သော့ ခလောက်ကြီးဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားချိန်မှာ တော့ သူနဲ့မြေကြွက်သာ မဟုတ်တာ။ ရှယ်ယာအစုရှင်တွေ ၊ ရှယ်ယာကိုယ်စားလှယ်တွေ ရော စုစုပေါင်း နှစ် ဆယ် ဖြစ် သွားသည်။

အကြောင်းက သူနဲ့မြေကြွက်တို့ကြောင့် ပဲ ဖြစ်သည်။ ဈေးတန်း အရက်ဆိုင်မှာ မြေကြွက်က အရက်က လေးမြရင်း လူစွမ်းကောင်းလုပ်သည်။ သူကလည်း ငွေချင်းပေါင်းသည့် ရွှေမှုဆိုးလူရင်းတွေ ကို တိုင်ပင်မိသည်။ သူ တစ်ယောက် တည်းဆို ငွေမနိုင်။ ရွှေတောကနေ လောဘသားရွှေမှုဆိုးတွေ ထဲမှာ ပွက်ပွက်ညံ့သွားသည်။ ရှယ်ယာ နှစ် ဆယ်က ဝိုင်းပြီး အကောင်အထည်ဖော်ကြလို့ တောင်ကန့်လန့်အဝမှာ အင်ဂျင်သံတွေ တဒိုင်းဒိုင်း။ လေစက်၊ မီးစက်တွေ အပြည့်။ ဥမင်ထဲမှာ မီးကြိုးတွေ လေပိုက်တွေ ၊ စကားပြောပလတ်စတစ်ပိုက်တွေ အစီအရီ .....။

သူ ကတော့ ကြံဖော်ကြံဖက် ရှယ်ယာတွေ ရလိုက်လို့ စိတ်အေးသွားသည်။

သူတို့အားလုံး ပထမဦးဆုံး စဉ်းစားသည့်အချက်က သော့ချောင်းကြီး ရှိနိုင်မည် လား။ ရှိရင် ဘယ်မှာ လဲ ဟူသည့်အချက် ဖြစ်သည်။ သို့သော် ဘယ်လိုမှ အစရှာမရ .....။

သော့ ခလောက်ကြီးကို မိုင်းခွဲပြီး ထွက်ဖို့ကြံကြပြန်သည်။ ထိုင်တွေ းကြည့်ရင် ဖြစ်နိုင်စရာမရှိ။ ယမ်းအား ဘယ်လောက်သုံးမှာ လဲ။ အိမ်လုံးလောက် မြေအောက်ကျောက်တုံးကြီးတွေ ငယ်ထိပ်ကိုပင် အူတိုင်ဖောက်ပြီး ရွှေကိုကော်စားနိုင်တဲ့ ယမ်းပိုင်တဲ့ အင်းဆရာတွေ ရွှေတောမှာ အပြည့်ပါ။ ရွှေမက်လုံးကြောင့် မ ဖြစ်နိုင်တာမရှိ။

မြေကြွက်ညွန့်ကြားချက်အရ သူက ရှယ်ယာကို တစ်ပြားမှ မပဲ့မခံ။ သူ့ထဲက မြေကြွက်အတွက် အစုလေးပုံ တစ်ပုံခွဲပေးဖိုပဲရှိသည်။ လောလောဆယ် .... ရှယ်ယာ တစ်ခုချင်းစီကို အစိတ် စိတ်ခွဲရောင်းထားတဲ့ အစုဈေးတွေ တောင်တက်နေပြီ။ ပါးစပ်အစုတွေ ကို လက်ညှိုး ထိုးရောင်း ငွေထုတ်ပိုက်ပြီး ရွာပြန်သူတွေ လည်း ပြန်ကုန်ကြပြီ။ တချို့ ကလည်း အခုမှအငမ်းမရ လိုက်ဝယ်ကြတုန်း...။

ကုန်ကုန်ခမ်းခမ်း ရှေ့ဆက်တိုးချင်သူတွေ က ချက်ကောင်းစောင့်နေကြသူတွေ ပီပီ အပိုင်လုပ်ဖို့ ချိန်ရွယ် နေချိန်။

ချင့်ချင့် ချိန်ချိန်လူတွေ က ယမ်းအားတုန်ခါမှု တွေ ကြောင့် ကျောက်တုံးကြီးတွေ ပြိုကျလာရင်ကောင်းလို့ မေးနေသည်။ လူတစ်ကိုယ်စာ ဥမင်လမ်းပိတ်သွားနိုင်သည်။ .....နိုင်သည်။....နိုင်သည်။ ဒါမှမဟုတ် သော့ ခလောက် ကြီး၏ နောက်ကွယ်မှာ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေ ရှိနေခဲ့ရင်ကော တောင်ကနုံ့လနုံ့ကြီးတစ်ခုလုံး ပွင့်ထွက်ပြီး ကျွမ်းသင်္ချိုင်းလန်သွားရင်ကော။ ... ကော....ကော။ ရှေ့ဆက်မတိုးချင်တော့သော ရှယ်ယာဝင်ငွေရှင်တစ်ချို့လည်း မြိုး မြိုး မြက်မြက်ကလေးရတုန်း ဈေးဖြတ်ရောင်းပြီး နေရပ်ပြန်ကြပြီ။

"ကျွန်တော် .... ဖိမ့်ခံဖူးချင်တယ်ဆရာ။ ရှေ့ဆက်တိုးစမ်းပါ"

ဒီအခြေအနေမှာ ပင် ငွေအတော် ပန်းနေသော သူသည် ... ဘာလုပ်ရမည် မသိ။ ရှေ့ဆက်သင့် မသင့် ရှယ်ယာရှင်နှစ် ဆယ် အစည်းအဝေးကြီးထိုင်ဖို့ အချေအတင် ....။

အစည်းအဝေးမှာ သူက ရှေ့ဆက်ပြီး ဇောင်းပေး ဆွေးနွေးသည်။ ရှေးရှေးက ရွှေကျိုရာမှာ သုံးပုံရသည့် ကြေးညှိတက် လင်ပန်းကြီးကိုပြသည်။ အပြန်အလှန် ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြသည်။

"...................."

"..................။ ...................။" "................"

"............။ ......................."

"....................."

အစည်းအဝေးဆုံးဖြတ်ချက် ထွက်လာပြီး နေ့တောင်မဆိုင်။ တဒိုင်းဒိုင်း အင်ဂျင်သံတွေ ရပ်သွားသည်။

တောင်ကန့်လန့်ပတ်လည်မှာ နဂိုအတိုင်း ပြန်ငြိမ်သက်သွားသည်။ တောင်ကန့်လန့်ကြီးတစ်ခုလုံး တောနက်ကြီးထဲပြန်လည်၍ မြုပ်ဝင်သွားသည်။ ပင်လယ်အောက် အပြီးအပိုင်ဆင်းသွားသည့် သင်္ဘောကြီးကို ငေးသလို သူနဲ့မြေကြွက်တို့ ဆွေးမြည့်စွာ ငေးနေမိသည်။

"သော့ ခလောက်ကြီးဟာ တကယ်တော့ ဗီးနက်စ်ရုပ်ထု ကြီးပါပဲ"

သူ့အသိ ရွှေမှုဆိုး ကဗျာဝါသနာရှင် တစ်ယောက် က မှတ်ချက်ချသည်။ ဗီးနက်စ်ရုပ်ရဲ့ ကျိုးနေတဲ့ လက်တစ်ဖက်ကိုတပ်ဖို့ ကြိုးစားပြီးအကြံမထမြောက်ကြပုံကို သူသဘောပေါက်ပေမယ့် မြေကြွက်က ငိုင်ပြီး ဘာတွေ စဉ်းစားနေတာပါလိမ့်။ သူမသိနိုင်။ ထိုအခိုက်မှာ ကျောက်တုံးယမ်းခွဲသံတွေ သူကြားနေသည်။

"ဆရာ .... တောင်ကန့်လန့်ကျောကုန်းပေါ် တက်ကြည့်ကြဦးစို့၊ လေးပင် အင်းဖောက်ပြီး ဆရာပြောတဲ့ သည်းခြေကိုဖောက် စားဖို့ပြင်နေကြပြီ ....။ ကြားလား ....။ ယမ်းခွဲသံတွေ .....။

သူတို့ တောင်ကန့်လန့်ကျောကုန်းပေါ် ရောက်ချိန်မှာ လူရာပေါင်းများ စွာ

လှုပ်ရှနေကြပြီကော။ တချို့ ကျောက်တုံးတွေ ကို ယမ်းခွဲပြီး တွင်းဖောက်နေကြတာ လူတစ်ထိုင်လောက်တောင်ရှိပြီ .....။ တစ်ထွင်းနဲ့ တစ်ထွင်းကွာလှ ရှစ်ပေ-ဆယ်ပေ။ သူတွက်မိသလောက် တစ်နေ့နှစ် တောင် သုံးတောင်တူးဖို့ပင် မလွယ် ....။ သည်းခြေအရောက် လတွေ ၊ နှစ် တွေ ချီပြီး ကြာမည် ။

“ဘာ ဖြစ်လို့ ငိုင်နေတာလဲဆရာ။ ဆရာ .... ဖိမ်ခံချင်ဘူးလား”

မြေကြွက်က ခပ်တည်တည်မေးသည်။ သူပြန်ဖြေမိသွားသည်။ သူပြန်ဖြေကာ တစ်ခွန်းတည်း ဖြစ်သည်။

“အေး ”

သူရပ်နေမိတာ အချိန်ဘယ်လောက်ကြာသွားသလဲ သူမသိ။ သူသတိပြန်ဝင်လာတော့ မြေကြွက်တစ်ကောင် သူ့ဆရာအတွက် ကျောက်တုံးတွေ ကြားက မြေသားတွေ ကို ကော်ထုတ်ရင်းတောင်ကန့်လန့် ကျောကုန်းကို တူးဆွနေပြီ ဖြစ်သည်။ သူ့အင်အားတွေ နဲ့ တက်ညီလက်ညီ။

သူ ကတော့ ဒီနေ့ကစပြီး မြေကြွက်နဲ့ အင်းသားတွေ အလုပ်လုပ်ဖို့ စရိတ်ထုတ်ရဦးတော့မည် ။ ။

အောင်ထိပ်

ရုပ်ရှင်စတား (၂၀၀၀) ဒီဇင်ဘာ

ည

သရဝဏ် (ပြည်)

■

# ည

အခုလိုတိတ်ဆိတ်ညမျိုး မှာ ဘာလုပ်ရမလဲ။ ညရဲ့ စစ်မှန်တဲ့ အဓိပ္ပာယ်ဟာဘာလဲလို့ ကိုယ်တစ်ခါမှ သေသေချာချာတွေ းမကြည့်ဖူးဘူး။ ညဆိုတာ ကျောခင်းလဲလျောင်းရတဲ့ အိပ်ယာခင်းတစ်ခုလား။ ညဟာ အနက်ရောင် ဆောင်းထားတဲ့ ကမ္ဘာတစ်ခြမ်းလား၊ ညဟာ ဇီးကွက်တစ်ကောင်ရဲ့ စူပါမားကက်လား၊ ဒါမှမဟုတ် ညဆိုတာ နိုက်ကလပ်တစ်ခုကနေ လျှံကျလာတဲ့ အထက်တန်းလွှာရေမွှေးနံ့ သင်းပျံ့လား၊ မြောင်းပုတ်ထဲမှာ ဝပ်နေရတဲ့ ခြင်တစ်ကောင်ရဲ့ ဆာလောင်မှု ကရော ညမဟုတ်ဘူးလား၊ ညဟာ ရုပ်ဖျက်ပြီးခြေဦးတည့်ရာ ပြေးနေလေရဲ့ ။

နေ့ခင်းဘက်တွေ မှာ အသေကောင်လိုအိပ်နေတတ်တဲ့ ကိုယ့်ကို အလင်းရောင် တွေ က ကခုန်ဖို့ အစွမ်းကုန်ဖျားယောင်းပါသေးတယ်။

"လကွယ်ညတွေ ဟာ ကိုယ့်ကို ဝယ်ပစ်လိုက်ပြီး " လို့ ပြောတော့ ညနေခင်းဟာ ရှက်ကိုးရှက်ကန်းနဲ့ ထွက်ပြေးသွားတယ်။ ဂျွန်ရေ ... ဘရိုင်ယန်ရေ ... ငါတို့ရဲ့ ညတွေ ဟာ လွယ်လွယ်နဲ့ တော့ အရည်ပျော်အငွေ့ပျံသွားမှာ မဟုတ်ဘူး။ ရေခဲရိုက်ထားတဲ့ ပြက္ခဒိန်တွေ ငါ့ရေခဲသေတ္တာထဲကနေ ထွက်ကျလာတယ်။ ဆောင်းညတွေ ဟာ အေးစက်လွန်းပါတယ်။

ရုံးထဲကို ကိုယ်ဝင်လိုက်တော့ ပွဲကပြီးနေပြီ။ အံ့သြစရာတွေ ကို တစ်ခုပြီးတစ်ခု ထုတ်ပြတတ်တဲ့ သဘာဝ မျက်လှည့်ဆရာက နေလုံးကြီးကို သူ့သေတ္တာထဲထည့်သိမ်းပြီး မျက်လှည့်ပွဲကို ရပ်လိုက်တယ်။

"ကျွန်တော် မကြည့်ရသေးဘူး"

မျက်လှည့်ဆရာက ကိုယ့်ကိုလုံးဝမကြည့်ပဲ အဝေးကိုထွက်သွားတယ်။ လူအုပ်ကိုတိုးဖှေ့ပြီး ရှေ့ကိုတက်ကြည့်လိုက်တော့ ဗလာသက်သက်ဇာတ်စင်ကိုပဲ တွေ့ရတယ်။

ကြိုတင်လက်မှတ်တွေ ဟာ အလကားပဲလို့ ကနဲ့လန့်ကာတစ်ခုက ကိုယ့်ကိုနှစ်သိမ့်တယ်။ ကိုယ့်ခရီးဆောင် သေတ္တာထဲမှာ ကြိုတင်လက်မှတ်တွေ နဲ့ ပြည့်နှက်ဖောင်းကားနေတယ်။ ကိုယ်ဟာ တစ်ဘဝလုံး လက်မှတ်တန်း စီးခဲ့တာပါ။ အဘိဓာန်ဆယ်အုပ်လောက်ဝယ်ပြီး ညရဲ့ အဓိပ္ပာယ်ကို ကိုယ်ရှာဖူးတယ်။ တစ်ခုမှ မကြိုက်တာနဲ့ စာအုပ်ထဲကညလို သူ့နေရာမှာ သူပြန်ထားလိုက်တယ်။ နေဝင်ချိန်နဲ့ နေထွက်ချိန်ကြားကာလကို ညဟုခေါ်သည် ဆိုတဲ့ စာအုပ်မျိုးကို ဘယ်သူရေး ခဲ့ပါလိမ့်။ ကိုယ့်အတွေ းထဲက ညဟာ အနက်ရောင် ကြောင်တစ်ကောင်နဲ့ လုံးထွေးသတ်ပုတ်နေတယ်။

ရန်ကုန်မြို့ ရဲ့ လမ်းမတွေ ပေါ်မှာ ညအချိန်လူသူကျဲပါးနေတယ်။ နေ့ခင်းက လူတွေ လမ်းပေါ်မှာ တစ်ယောက် မှမရှိတော့။ ညနေခင်း ဈေးဆိုင်တွေ တစ်ဆိုင်မှာ မရှိတော့။ မှော က်လျက် အိပ်နေတဲ့ ကတ္တရာလမ်း တို့သာ အဖော်မဲ့နေတဲ့ညကို ကျားကန်ထားကြတယ်။ အရေး ပေါ်လူနာတင်ယာဉ်တစ်စီး ဖြတ်မောင်းသွားသံကို အဝေးမှာ သဲ့သဲ့ကြားရတယ်။ လူ့ဘဝဟာ ကွဲရှလွယ်တဲ့ ဖန်ပေါင်းချောင်တစ်ခုကို လူစည်ကားတဲ့ ဈေးတစ်ခုမှာ အကာကွယ်အပါဘဲ သယ်လာရသလိုပါပဲ။

ညတွေ ဟာ ဘာအတွက်ရှိနေရတာ လဲ၊ မချစ်ဘဲလက်ထက်လိုက်ရတဲ့ သတို့သမီး တစ်ယောက် ကို ခြောက်လှန့်ဖို့ ညဟာရှိနေတာလား။ သူခိုး တစ်ယောက် ရဲ့ ခြေလှမ်းကို ကူညီဖုံးဝှက်ပေးဖို့ ညဟာရှိနေရတာ လား။ ညှောင်ညာနေတဲ့ မျက်စေ့တွေ ကို ဆွဲပိတ်ပေးဖို့ ညဟာရှိနေရတာ လား။ ကဗျာဆရာရဲ့ နှလုံးသွေးတွေ ကို ဆေးကြောပေးဖို့လား။ အလင်းရောင် ရဲ့ တန်ဖိုးကို ပိုသိလာအောင်လား။ ဒါမှမဟုတ် ညဆိုတာ သူ့ဘာသာသူ ည ဖြစ်နေတာလား။ ကိုယ်ဟာ ညကို အငမ်းမရမော့သောက်ပစ်လိုက်တယ်။

မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားမှာ ညတွေ ဟာ များ လှတယ်။ တစ်ချို့ ညတွေ ဟာ ဘယ်သူမှ မဝယ်နိုင် လောက်အောင် တန်ဖိုးကြီးလွန်းနေတယ်။ အမှော င်ကျကျ၊ ချောင်ကျကျ၊ ဆင်ခြေဖုံးရပ်ကွက်တစ်ခုက အညတရ ပန်းချီဆရာ တစ်ယောက် ရဲ့ စုတ်တံကိုရော၊ လပ်ဗီးဂတ်မြို့ က အလင်းရောင် တွေ နဲ့ လေးဖက်လေးတန် ပိတ်မိနေတဲ့

လောင်းကစားခန်းမထဲက သန်းကြွယ်သူဌေး တစ်ယောက် ရဲ့ ရိုးလက်စ်နာရီကိုရော ညဟာဝါးစားပစ်လိုက်တယ်။

ငွေကြေးတစ်ပြားတစ်ချက်မှမရှိဘဲ ကုန်တိုက်ကြီးတစ်ခုထဲကို ခပ်တည်တည် ဝင်သွားသလိုမျိုး ညတွေ ဟာ ကိုယ့်ဘဝကို ခြေရာတွေ နဲ့ ရှုပ်ပွစေပြီး တဒေါက်ဒေါက်လမ်းလျှောက်နေတယ်။ ဆပ်ကပ်ဆရာ တစ်ယောက် ဟာ ညကို အရှင်ဖမ်းပြီး ကြိုး တန်းလမ်းလျှောက်ခိုင်းဖို့ အလစ်အငိုက်ကို ချောင်းနေတယ်။ လူအချို့ ဟာ ညကို ကြောက်ရွံ့လို့ စားပွဲထဲဝင်ပုန်းနေကြတယ်။

ပင်လယ်ထဲမှာ တော့ လှိုင်းတွေ က ရိုက်ပုတ်တုန်းပဲ ကျောက်ဆောင်တွေ ကလည်း အရင်းအတိုင်း ထိုင်နေကြတုန်းပဲ။ တချို့ ကမ်းပါးယံတွေ လည်း တအိအိကြွေကျတုန်းပဲ။ အရုဏ်ဦးကို မျှော်နေကြတဲ့ ပန်းတွေ ရေစီးမှာ ပေါလောမျောနေတုန်းပဲ။ ကမ္ဘာဦးက အေးခဲမှု ဟာ ခုထက်ထိတည်ရှိနေတုန်းပဲ။

လူတွေ ဟာ တံခါးတစ်ချပ်ရဲ့ ရှေ့မှာ စုပြုံ တိုးနေကြတယ်။ ရာပေါင်းများ စွာ သော ပိုးဖလံတွေ ဟာ မီးလုံးတစ်လုံးကို စုပြုံတိုးနေကြသလိုမျိုး လူတွေ ဟာ တံခါးပေါက်ကို တိုးနေကြတယ်။ ဘာပါလိမ့်၊ ဘာပါလိမ့်လို့ သိချင်စိတ်နဲ့ ကိုယ်လဲဝင်တိုးလိုက်တယ်။ လူအုပ်ရဲ့ တိုးဝှေ့တဲ့အရှိန်နဲ့ ကိုယ်ဟာ တံခါးရဲ့ တဖက်ခန်းထဲကို ရောက်သွားတယ်။ လူတွေ ဟာ တိုးနေကြတုန်းပဲ။

“ဘာလဲ၊ နေကြဦး။ အထဲမှာ ဘာရှိလို့တိုးဝှေ့နေကြတာလဲ” ကိုယ်ဟာ စကားကိုဆုံးအောင် မပြောနိုင်။ အခန်းရဲ့ အစွန်ဘက်ကို အရှိန်နဲ့ရွေ့သွားတယ်။ အဲဒီ မှာ တံခါးတစ်ချပ်ထပ်တွေ့တယ်။

အဲဒီ တံခါးရဲ့ ဟိုဘက်မှာ နံနက်ခင်းရှိတယ်။ နံနက်ခင်းဆိုတဲ့ အသံကိုကြားတော့ ကိုယ်လဲထိတ်လန့်သွား တယ်။ ကိုယ်ဟာညတွေ နဲ့ မိတ်ဆွေရင်းချာ ဖြစ်ပြီးပြီ။ နံနက်ခင်းကိုတော့ မိတ်မဆက်ရသေးဘူး။ ကိုယ်ဟာ ဆက်သွားရကောင်းနိုးနိုး၊ လှည့်ပြန်ရကောင်းနိုးနိုးနဲ့ အနည်းငယ်တုံ့ဆိုင်းနေတယ်။ လူတွေ ဟာ တိုးဝှေ့နေကြတာ

ကြောင့် ကိုယ်ဟာလည်းပြန်လို့ မရတော့ဘူး။ ကိုယ့်ရှေ့က တံခါးကို တွန်းဖွင့်လိုက်တဲ့အခါ နောက်တွေ့ရတာ က တံခါးတစ်ချပ်ပဲ ဖြစ်နေတယ်။ ကိုယ်ပြန်ချင်တယ်။ ဒါပေမယ့် တံခါးတစ်ချပ်ပဲ ဖြစ်နေတယ်။ ကိုယ်ပြန်ချင်တယ်။ ဒါပေမယ့် တံခါးတစ်ချပ်ပဲ ဖြစ်နေတယ်။ ကိုယ်ပြန်ချင်တယ်။ ဒါပေမယ့် ဖွင့်လိုက်တိုင်း တံခါးတစ်ချပ် ကိုပဲထပ်ထပ်တွေ့နေတဲ့ ဝင်္ကပါထဲမှာ ကိုယ်ပိတ်မိနေပြီ။

ဒါပေမယ့် အရင်တုန်းကလို နေသားကျနေတဲ့ အေးစက်စက်ညတွေ တွေ ကို ပြန်မရမယ့်အတူတူ နံနက်ခင်းကိုတွေ့လို့ တွေ ညားကိုယ်ဟာ တံခါးကို တစ်ချပ်ပြီး တစ်ချပ်တွန်းဖွင့်နေတော့တယ်။

သရဝဏ် (ပြည်)

နတ်သားနှင့် ဇော်ဂျီ

သရဝဏ် (ပြည်)

■

# နတ်သားနှင့် ဇော်ဂျီ

ကျွန်တော် ၏ အိမ်တွင် ရုပ်သေးရုပ်နှစ် ရုပ်ရှိသည်။ ထိုရုပ်သေးရုပ်ကလေးနှစ် ရုပ်ကို ကျွန်တော့် အိမ် ဧည့်ခန်းတွင် အမြတ်တနိုး ဂုဏ်ယူချိတ်ဆွဲထားရာ လျှပ်စစ်ပစ္စည်းများ ၊ နိုင်ငံခြား ဖြစ်ခေတ်ပေါ် အသုံးအဆောင်များ ၊ ပန်းကန်ခွက်ယောက် များ နှင့် မီးဖိုချောင်သုံးပစ္စည်းများ ကို တခမ်းတနားဧည့်ခန်းတွင် ချိတ်ဆွဲရှိုးပြလေ့ရှိသူများ ကျွန်တော် အိမ်သို့ ရောက်လျှင် ထိုအရုပ်ကလေးမှာ ၄င်းတို့အတွက် အထူးအဆန်း ဖြစ်နေပါသည်။

"ယတြာချေထားတာလား အလှချိတ်ထားတာလား" ဟုဆိုကာ

အရုပ်ကလေးအနားကို တိုးသွားကာ အနီး ကပ်ကိုင်တွယ်ကြည့်ရှုသလည်းမရှားပေ။ ထို ရုပ်သေးရုပ်ကလေးရုပ်မှာ တစ်ရုပ်က နတ်သားရုပ် ဖြစ်ပြီး နောက်တစ်ရုပ် က ဇော်ဂျီရုပ် ဖြစ်သည်။ ထိုအရုပ်နှစ် ရုပ်ကို ကျွန်တော် ရရှိခဲ့ပုံမှာ လည်း တိုက်ဆိုင်မှု သက်သက်သာ ဖြစ်ခဲ့သည်။ နတ်သားရုပ်ကလေးကို ကျွန်တော် ၁၉၉၆-ခုနှစ် တွင် ရရှိခဲ့ပါသည်။

၁၉၉၆-ခုနှစ် ၊ ဒီဇင်ဘာ (၂၅)ရက်နေ့တွင် ဖြစ်သည်။ ကျွန်တော် သည် ကမ္ဘာလှည့်ခရီးသည် (၁၄)ဦးနှင့် အတူ မန္တလေးမြို့ (၁၄) လမ်းထဲရှိ ဟိုတယ်တစ်ခုတွင် ရောက်ရှိတည်းခိုနေပါသည်။ ထိုနေ့သည် ခရစ်စမတ်နေ့ ဖြစ်သဖြင့် တိုးရစ်များ ကို ခရစ်စမတ်အထူးညစာဖြင့် တည်ခင်းဧည့်ခံရန် ရန်ကုန်ရှိ ခရီးသွားကုမ္ပဏီပိုင်ရှင် လင်မယား မန္တလေးသို့ လိုက်လာကြပါသည်။ ထိုနှစ် သည် မြန်မာ့ခရီးသွားနှစ် ဖြစ်သည်နှင့် အညီ မြန်မာပြည်ရှိ ခရီးသွား ကုမ္ပဏီ များ သည် သူ့ထက်ငါ အပြိုင်အဆိုင် ဝန်ဆောင်မှု ဖြင့် နာမည် ကောင်းရရန် ကြိုး ပမ်းလျက်ရှိရာ ကျွန်တော် ဧည့် လမ်းညွှန် အ ဖြစ် အလုပ်လုပ်သော ကုမ္ပဏီလည်း အပါအဝင် ဖြစ်သည်။

ညစာဖြင့် တည်ခင်းဧည့်ခံပြီးသော အခါ ကျွန်တော် နှင့် တိုးရစ်များ အားလုံးကို ကုမ္ပဏီပိုင်ရှင်များ က ဗလာမပါသော လက်ဆောင်ကံစမ်းမဲများ ဖောက်ပေးပါသည်။ ကံစမ်းမဲလက်ဆောင်များ မှာ ငွေကြေးတန်ဖိုးအားဖြင့် မကြီးမားလှ သော် လည်း နိုင်ငံခြားသားများ နှစ်သက် တက်သော မြန်မာပြည် ဖြစ် ယွန်းထည်၊ လုံချည်၊ ရွှေချည်ထိုး၊ လွယ်အိပ် စသည့် ပစ္စည်းများ ဖြစ်သည်။

တိုးရစ်တစ်ဦးကမူ ကြံ့ကြံ့ဖန်ဖန် ကျောက်သင်ပုန်းနှင့် ကျောက်တံပေါက်၏ ။ နောက် တစ်ယောက် က မြန်မာ့ရိုးရာ အားကစား ဖြစ်သော “ခြင်းလုံး တစ်လုံးပေါက်၏ ။ သူတို့အားလုံးမှာ ခရစ်စမတ်ညခင်းတွင် ယခုလို ပျော်စရာအမှတ်တရပွဲလေး စီစဉ်ပေး၍ ကျေနပ်နေကြပါသည်။ အားလုံး သူ့လက်ဆောင် ကိုယ့်လက်ဆောင် ကိုအပြန်အလှန်ပြ၍ ပြုံ း ပျော်နေကြသည်။ ကျွန်တော် မဲပေါက်သော လက်ဆောင်ပါကင်ထုပ်ကို မဖြည်သေးပဲ စားပွဲပေါ်တွင် ချထားပြီး သူတို့နှင့် စကားပြောနေရာမှ အားလုံးက ကျွန်တော် ဘာပေါက်သလဲ သိချင်သဖြင့် လက်ဆောင်ပူးကို ဖွင့်ကြပါဟု တောင်းဆိုကြသည်။ ကျွန်တော်

က သူတို့အားလုံးရှေ့တွင် ကျွန်တော် ၏ ပေါက်မဲပူးကို ဖွင့်ပြလိုက်သည်။ ငွေရောင် ထုပ်ပိုးစက္ကူပါတ်ကို ဖြေကြည့်လိုက်သော အခါ ကျွန်တော် တွေ့ရသော အရာ မှာ တစ်ထောင်ခန့်ရှိသော ရုပ်သေးရုပ်ကလေးတစ်ရုပ် ဖြစ်သည်။ ခေါက်ထားသော ကြိုး များ ကို သေသေချာချာ ဖြန့်ချပြီး လက်ကိုင်သစ်သားဘုကလေးမှ ဆွဲကိုင်လိုက်သော အခါတွင် မှ ထိုအရုပ်ကလေးမှာ နတ်သားရုပ်ကလေးမှန်း ကျွန်တော် သိတော့သည်။ တိုးရစ်များ က-

"ညီညီ ငါတို့အထဲမှာ မင်းကံကောင်းဆုံးပဲ ဒီရုပ်သေးရုပ်လေးများ ကို ဒို့တွေ အားလုံးလိုချင်နေတာ ဒါက မင်းတို့နိုင်ငံရဲ့ ယဉ်ကျေးမှု အမွေအနှစ် တစ်ခုမဟုတ်လား။ မနက်ဖြန်ကျ ငါတို့ကို ဒီလိုရုပ်သေးရုပ် ရောင်းတဲ့ ဆိုင်လိုက်ပြနော် အမှတ်တရ ဝယ်သွားချင်လို့" ဟု ဝမ်းသာအားရပြောပါသည်။ ဤသို့ဖြင့် လက်ဆောင် ကံစမ်းမဲ ပေါက်၍ ကျွန်တော် အိမ်သို့ နတ်သားလေး စတင်ရောက်ရှိခဲ့ပါသည်။

ပထမသော် ကျွန်တော် သူ့ကိုမင်းသားအရုပ်ကလေးဟု ထင်မိသေးသည်။ လူ တစ်ယောက် နယ် အချိုး ကျသော သူ၏ ခန္ဓာကိုယ်နှင့် ချောမောပြေပြစ်၍ ပြုံးရွှင်သော မျက်နှာကြောင့် ထိုသို့ထင်မိခြင်း ဖြစ်သည်။ သို့သော် သူ၏ ဦးခေါင်းထက်တွင် ဆောင်းထားသော မကိုဋ်နှင့် သူ၏ ကိုယ်တွင် ဝတ်ဆင်ထားသော နတ်တို့ တန်ဆာ ဒွါဒရာများ ကြောင့် လူမင်းသားတစ်ပါးထက် နတ်အသွင်ကပိုပြီး ယုတ္တိခိုင်လေသည်။ သူ၏ နတ်ဝတ်တန်ဆာ အညိုဖျော့ရောင် ကတ္တီပါပိတ်စတွင် အစိမ်းရောင် မှန်စအဝိုင်းလေးများ ကို ဘော်ကြယ်များ နှင့် ရော၍ သီချုပ်ထားရာ ကျောက် မျက်ရတနာ စီခြယ်ထားသည့်အလား ထင်မှတ်ရ၏။ သူ၏ အရပ်မှာ လက်မ ၂၀ - (တစ်တောင်ခန့်) သာရှိသည်။ ဤအရုပ်ကလေးကို ပြုလုပ်သော ရုပ်သေးအလုပ်ရုံသည် အရုပ်ကိုဆေးခြယ်ခြင်း၊ အဝတ် အစား ဆင်ခြင်းတို့ကို အတော် ဂရုစိုက်၍ အသေးစိပ်ခြယ်သပေး လိုက်သည် ဖြစ်ရာ ကျွန်တော် ၏ ရုပ်သေးရုပ်ကလေးကို မြင်ရသူ အပေါင်းက ပြုံး နေသော မင်းသားလေးတစ်ပါးနှင့် တူပါပေသည်ဟု တညီတညွတ် တည်း မှတ်ချက်ပေးသွားလေ့ရှိသည်။ ကျွန်တော် က သူ့ကို ဧည့်ခန်း၌ အကျအန ချိတ်ဆွဲထားလိုက်သည်။ ထိုစဉ် ကတော့ သူ့တွင် အဖော်မရှိသေးချေ။

နောက်သုံးနှစ် ကြာသော အခါတွင် ရုပ်သေးရုပ်ကလေးတစ်ရုပ်ကို ကျွန်တော် ထပ်မံရရှိခဲ့၏ ။ ထိုအရုပ်ကလေး မှာ ဇော်ဂျီရုပ်ကလေးမှာ ဇော်ဂျီရုပ်ကလေး ဖြစ်သည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တစ်ဦးနှင့် ပတ်သက်၍ ရရှိခဲ့ခြင်း ပင် ဖြစ်ပြန်ပါသည်။ ပုဂံနှင့် မန္တလေးမြို့ များ တွင် ကမ္ဘာလှည့်ခရီးသည်များ အတွက် အမှတ်တရပစ္စည်း ရောင်းသော ဆိုင်များ ရှိသည်။ ထိုဆိုင်များ တွင် ရုပ်သေးရုပ်ကလေး များ ချိတ်ဆွဲရောင်းချသည်ကို မကြာခဏမြင် ဖူးသော် လည်း အလုပ် သဘောအရ တိုးရစ်များ ကို ဝင်ရောက်ပြသရခြင်းမှ တစ်ပါးထူးထူးခြားခြား စိတ်ဝင်စားခဲ့ခြင်း မရှိချေ။

ခရီးတစ်ခေါက်တွင် တော့ ကျွန်တော် ဧည့်လမ်းညွှန်အ ဖြစ် လိုက်ပါပြသရသော မစ္စတာဟတ်ဒီဆိုသည့် အင်္ဂလိပ် အဖိုးကြီး တစ်ဦးက ရုပ်သေးရုပ်ကလေးတစ်ရုပ်ဝယ်ပါသည်။ ထိုအရုပ်ကလေးမှာ အလွန်လှပ၍ ချစ်စဖွယ် ရွှင်မြူး ဖွယ်အသွင်ရှိသော ဇော်ဂျီရုပ်ကလေး ဖြစ်ပါသည်။ အနီရောင် သိုရင်းအင်္ကျီကို ဝတ်ဆင်ထားပြီး အနီရောင် ခြေနင်း အနီရောင် ဖောင်းတော် ကို ဆင်းမြန်းထားပါသည်။ လက်ထဲတွင် ကြိမ်လုံးကို ကိုင်ထားပြီး ၊သူ၏ မျက်နှာတွင် နှုတ်ခမ်းမွှေးကော့ကော့ကို ဆေးအနက်ဖြင့် ရေး ခြယ်ထားသည်။ မုတ်ဆိတ်မွှေး ဖို့ရို့ဖားရားတို့သည် သူ့မေးစေ့တွင် တပ်ဆင်ထားပေးထားပြီး မျက်နှာမူခပ်ရွှင်ရွှင် ရှိ၏ ။

ထိုအရုပ်ကလေးကို ပုဂံမြို့ မှ ဝယ်လာခဲ့ပြီး ဆိုင်ရှင်ထုပ်ပိုး ပေးလိုက်သည့်အတိုင်း ကားနောက်ဖုံးတွင် ထည့် ကာ နောက်နေ့တွင် ရန်ကုန်သို့ ကားဖြင့် ပြန်လာခဲ့ပါသည်။ ရန်ကုန်တွင် တစ်ရက်လည်ပတ်ပြီး နောက်တစ်ရက်တွင် သူတို့မြန်မာပြည်မှ ပြန်လည်ထွက်ခွာကြသည်။ မင်္ဂလာဒုံလေဆိပ်တွင် လိုက်ပါပို့ဆောင် နှုတ်ဆက်ပြီး ကျွန်တော် အိမ် သို့ ပြန်လာခဲ့သည်။ ကျွန်တော် အိမ်ရောက်ကာမှ ကားနောက်ဖုံးထဲတွင် စက္ကူဖြင့် ပတ်ထားသော အထုပ်ကလေး တစ်ထုပ်ရှိမှန်း သတိပြုမိ၏ ။ လေဆိပ်တွင် ကားရပ်၍ ခရီးဆောင်သေတ္တာများ သယ်ချစဉ်က သတိမ ထားမိဘဲ ကျန်ရစ်သွားသော ပစ္စည်း ဖြစ်ပေလိမ့်မည် ။ ထိုစက္ကူထုပ်ကလေးမှာ ပုဂံမှ ကျွန်တော် တို့ ဝယ်ခဲ့သော ရုပ်သေး ရုပ်ကလေးနှင့် ရွှေချည်ထိုးဦးထုပ်ကလေးကို ပေါင်း၍ ထုပ်ထားခြင်း ဖြစ်သည်။ ကားကို အမြန်မောင်းစေပြီး လေဆိပ် သို့ တစ်ခေါက်ပြန်သွားခဲ့သော် လည်း

အချိန်မမီတော့ချေ။ ထွက်ခွာသွားသော ထိုင်းလေကြောင်း ပိုင်ခရီး သည်တင်
လေယာဉ်ကြီးကိုသာ ကောင်းကင်ယံဝယ်တွေ့လိုက်ရတော့၏ ။

“ နမျော စရာပဲ..........အဖိုးကြီးက ဒီဇော်ဂျီရုပ်ကလေးကို သိပ်လိုချင်ရှာတာဗျ ” ဟု ကျွန်တော် က ပြောလျှင် ကားဆရာက

“ စာတိုက်ကပါဆယ်နဲ့ ပို့လို့မရဘူးလား................ဈေးတော့ များ များပေါ့နော် ” ဟု အကြံပြုသည်။

နောက်တစ်နေ့တွင် ကျွန်တော် ရန်ကုန်စာတိုက်ကြီး ပြည်ပပါဆယ်ပို့ ဌာနသို့ သွား၍ ကျွန်တော် ဧည့်သည် ကျန်ခဲ့သော ပစ္စည်းနှစ် ခုကို အင်္ဂလန်သို့ ပါဆယ်နှင့် ပို့ရန် စီစဉ်ရတော့သည်။ ပစ္စည်းများ မှာ အဖိုးမတန်သော် လည်း မြန်မာ့ဂုဏ်ဆောင် လက်မှု ရတနာများ ဖြစ်နေခြင်း၊ ကာယကံရှင်၏ တိုင်းပြည်တွင် အစားထိုးပြန်ဝယ်၍ မရနိုင်ခြင်းတို့ကြောင့် သူတို့ကို ကိုယ်ချင်းစာ၍ ပြန်ပို့ပေးရန် တစ်ဝက်သာ အောင်မြင်ပါသည်။ ပြည်ပသို့ ပို့မည် ပါဆယ်ထုပ်များ ၏ အရွယ်အစားကို ကန့်သတ်ထားရာ ရွှေချည်ထိုးဦးထုပ်ကလေးမှာ သတ်မှတ်စက္ကူဗူးထဲတွင် ထည့်၍ ဆန့်သဖြင့် ပို့၍ ရသော လည်း ရုပ်သေးရုပ်မှာ မူ အရွယ်ကန့်သတ်ချက်ထက် ကျော်လွန်နေသဖြင့် စာတိုက် မှပို့မရချေ။

ကျွန်တော် သည် ရွှေချည်ထိုးဦးထုပ်ကိုပဲ စာတိုက်မှ ပို့လိုက်ပြီး အကျိုး အကြောင်း သီးသန့်စာတစ်စောင် ရေး လိုက်သည်။ စာထဲတွင် ပါဆယ်ဖြင့် ပို့၍ မရသော ရုပ်သေးရုပ်ကလေးကို ကျွန်တော် အိမ်တွင် သိမ်းထားကြောင်း လူကြုံရှိပါက ပြန်ပို့ပေးလိုက် ပါမည် ဟု ရေး ပေးလိုက် သည်။ နောက်အရက်နှစ် ဆယ်ခန့် အကြာတွင် မစ္စတာဟက်ဒီဆီမှ ကျွန်တော့် ထံသို့ စာတစ်စောင် ပြန်လာ၏ ။ စာမှာ ခပ်တိုတိုပင်ရေး ထားပြီး အောက်ပါအတိုင်း အဓိပ္ပါယ်ရ၏ ။

ဦးညီညီ

စာတိုက်မှ ပေးပို့လိုက်သော ရွှေချည်ထိုးဦးထုပ်ကို ယနေ့ပဲ ဝမ်းမြောက်စွာ လက်ခံရရှိပါသည်။ သီးခြား ထည့်လိုက်သော စာကို လည်းရရှိပါသည်။ ရုပ်သေးရုပ်ကို

မရပေမယ့် မင်းတို့မြန်မာလူမျိုး တွေ ရဲ့ ရိုးသားမှု စိတ်ကောင်းရှိမှု တွေ ကို တွေ့ ရှိရလို့များ စွာ ဂုဏ်ယူဝမ်းမြောက်စွာ ပါတယ်။ .........အစစအရာရာ အဆင်ပြေ ချောမွေ့ ခဲ့မယ်ဆိုရင် ရှေးနှစ်ခါကျ မြန်မာပြည်ကို ဒို့လင်မယား နောက်တစ်ခေါက် လာလည် ဖြစ်ဦးမှာ ပါ။ အခု ခရီးစဉ် မှာ မင်းငါတို့ အပေါ် ဂရုစိုက်ကူညီမှု ကို အမြဲအမှတ်ရမိနေမှာ ပါ။

ဆန္ဒမွန်ဖြင့်

ကင်ဟတ်ဒီနှင့် နန်စီ။

ဤသို့ ဖြင့် ရုပ်သေးရုပ်ကလေးကို ကျွန်တော့်အိမ်တွင် သိမ်းထားခဲ့၏ ။ အချိန်တို့ တဖြည်းဖြည်း ကုန်လွန်သွားသည်။ နောက်နှစ် ဆောင်းရာသီ၌ ထိုလင်မယား မြန်မာပြည်သို့ တစ်ခေါက်ရောက်လာကြပြန်သည်။ မင်္ဂလာဒုံလေဆိပ်တွင် ကျွန်တော် သူတို့ကို သွားကြိုပြီး ရောက်ရောက်ချင်း ဇော်ဂျီရုပ်ကလေးကို မစ္စတာဟတ်ဒီကို ပြန်ပေးလိုက် ၏ ။ မစ္စတာဟတ်ဒီက ပြုံး ပြီး ခေါင်းခါသည်။

“ဒီအရုပ်ကို မင်းပဲယူလိုက်တော့ ”

“ ဘာ ဖြစ်လို့လဲ”

“ ဒီအရုပ်ကလေးကြောင့် မင်းနဲ့ငါတို့ ပိုပြီးရင်းနှီးခဲ့တာ၊ဒါကြောင့် လည်း ဒို့မြန်မာပြည်ကို တစ်ခေါက် ပြန်လာ ဖြစ်တာ၊အဲဒါကြောင့် ဒီအရုပ်ကို ငါ့လက်ဆောင်အ ဖြစ် မင်းပဲယူထားလိုက်တော့၊ ငါနောက်တစ်ရုပ် အသစ်ပဲဝယ် သွားမယ်၊ဒီတစ်ခါတော့ ကားထဲမှာ မေ့မကျန်ခဲ့အောင် မင်းကငါ့ကို သတိပေးဦး ”

နောက်ဆုံးတွင် ဇော်ဂျီကလေးမှာ ကျွန်တော် ၏ ကိုယ်ပိုင်ပစ္စည်းတစ်ခု ဖြစ်သွားတော့သည်။ သူ့ကို ကျွန်တော် ၏ နတ်သားရုပ်ကလေးနှင့် ယှဉ်ကာ ဧည့်ခန်းတွင် နေရာပေးချိတ်ဆွဲထားလိုက်ပါသည်။ ကျွန်တော့် အိမ်သို့ လာသူအပေါင်းအား ထိုရုပ်သေးရုပ်ကလေးများ ကို ဂုဏ်ယူစွာ နှင့် ပြမိသည်။ ထိုရုပ်ကလေးနှစ် ရုပ်လုံး ကျွန်တော် နှင့် ကံစပ်၍ လက်ဆောင်ရထားခြင်း ဖြစ်ကြောင်း နိုင်ငံခြားသားများ ကပင် နှစ်သက်ကြသော မြန်မာ့ ရိုးရာအရုပ် ကလေးများ ဖြစ်ကြောင်း စကားစပ်မိလျှင်

မမောနိုင်မပန်းနိုင်ရှင်းပြမိတတ်သည်။

“ဘာပေးရကောင်းမလဲ၊ မသိဘူး”

“မောင်ကလဲ မွေးနေ့လက်ဆောင်ပေးခြင်း သီးခံပါလို့ ဖိတ်စာပေါ်မှာ ရေးထားတယ်လေ”

“ဒါတော့ ဒါပေါ့ကွာ။ ဒါပေမယ့် မိဘချင်းဒီလောက်ရင်းနှီးတာ မောင်တော့ တစ်ခုခုပေးချင်တယ်။ ပြီးတော့ နိုင်နိုင်ဆိုတာလဲ ဒို့သားသမီးလို ဖြစ်နေတာပဲ မဟုတ်လား”

“ဟုတ်တော့ ဟုတ်ပါတယ်“

ခလေးမွေးနေ့တစ်ခုအတွက် လက်ဆောင်ပေးရန် ကျွန်တော်တို့ဇနီးမောင်နှံတိုင်ပင်နေကြသည်။ မွေးနေ့ရှင်က နိုင်နိုင် ဆိုသော ကောင်လေး။ ထိုကောင်လေးမှာ အသက် (၂)နှစ် တင်းတင်းပြည့်တော့မည် ။ နိုင်နိုင်လေး၏ မိဘများ နှင့်လည်း ကျွန်တော် တို့ လင်မယားမှာ အလွန်ပင်ခင်မင်ရင်းနှီးကြသည်။ အင်မတန်လက်လက်တောက် အောင် ဆော့ပြီးတစ်ဦးတည်းသော သားမို့မိဘအလိုလိုက်သမျှ ဆိုးလွန်း၊ ဂျီကျလွန်းသည့် ခလေးမှာ ကျွန်တော် တို့ လင်မယားနှင့် လည်း လက်ပွန်းတနီးရှိလှသည်။

အိမ်ချင်းမနီးမဝေးမို့လည်း မကြာခဏ ကျွန်တော် တို့ အိမ်သို့ ထိုခလေးလေးရောက်လာတတ်ပြီး၊ ရောက်လာ တိုင်းလည်း အိမ်ရှင်မက မုန့်များ ၊ ကစားစရာများ ဖြင့် ထိုလူကြီး လူကောင်းလေးအား ဧည့်ခံတတ်သဖြင့် ချာတိတ်က ကျွန်တော့် အမျိုး သမီးကို ဖွားဖွား ....ဖွားဖွားနှင့် ညာတာပါတေးလုပ်ကာ ချွဲတတ်သည်။

နိုင်နိုင်လေး၏ မိဘများ မှာ ငွေကြေးအတော် အတန်ချောင်လည်သော ကုန်သည်များ ဖြစ်သည်။ အိမ်တွင် တက္ကစီကားတစ်စီးထောင်ထားသည့်အပြင် ဈေးထဲတွင်လည်း ဆန်အရောင် းအဝယ် ဆိုင်ကြီးတစ်ရှိသည်။ ကျွန်တော် နှင့် ကျွန်တော် တို့ ဤရပ်ကွက်အတွင် းသို့ ပြောင်းလာပြီးမှ ရပ်ကွက်သာရေး နာရေး များ အတူလုပ်ရင်း သိကျွမ်းသွားကြ ခြင်း ဖြစ်သည်။ ဟိုတစ်လောကမှ ထီပေါက်၍ သူတို့အိမ်တွင် နတ်ပွဲပေးသေးသည်။ ယခုလည်း (၂)နှစ် ပြည့် ခလေးမွေးနေ့ကို အကြီးအကျယ်လုပ်မည် ဟု

ဖိတ်လာချေပြီ။

မွေးနေ့လက်ဆောင်ဘာပေးရမလဲဟု ကျွန်တော် တော် တော် နှင့် စဉ်းစားမရ။ ချမ်းသာသူများ အတွက် အပေါစား ပစ္စည်းများ ပေးလျှင်လည်းမကောင်း။ မွေးနေ့လက်ဆောင် ပေးခြင်းသည်းခံပါဆိုသဖြင့် ဈေးကြီးသော အရုပ်များ လည်း ဝယ်ပေးလျှင်လည်း ရေများ ရာမှာ မိုးရွာသလိုပဲ ဖြစ်မည် ။ စဉ်းစားရင်းနှင့် ကျွန်တော့် အကြည့်က နံရံသို့ ရောက်သည်။ နတ်သားနှင့် ဇော်ဂျီကိုတွေ့ ၍ ။ ကျွန်တော် ရုတ်တရက် ထိုင်ရာမှ ထရပ်လိုက်၏ ။ ခေါင်းထဲမှာ အကြံ တစ်ချက်လက်သွားသည်။ ဟုတ်ပြီ.... နိုင်နိုင်လေး ငါ့အိမ်ကိုလာလည်တိုင်း ဒီအရုပ်ကလေးတွေ့နဲ့ ဆော့ဖို့ ပူဆာတယ်.... ငါကလဲတစ်ခါမှခွင့်မပြုခဲ့ဘူး။ စက်ရုပ်တွေ ၊ သံပါတ်ကားတွေ ၊ မာတ်ခဲသေနတ်တွေ နဲ့ တစ်ခါမှ ဆော့ဖူးပုံမရဘူး။ သူ့မွေးနေ့မှာ ငါ့ရုပ်သေးရုပ်ကလေးတစ်ရုပ် လက်ဆောင်ပေးလိုက် ရင် သိပ်ဝမ်းသာရှာမှာ ပဲ။ သစ်သားရုပ်ဆိုတော့ အကြမ်းလဲ ခံတယ်။ သူဘယ်လောက်ကြမ်းကြမ်းတမ်းတမ်း ဆော့ဆော့ ကျိုး ပဲ့သွားမှာ မဟုတ်ဘူး။ ပြီးတော့ မြန်မာခလေး တစ်ယောက် ရဲ့ အိမ်မှာ မြန်မာ့လက်ရာ အရုပ်ကလေးတစ်ရုပ် တော့ရှိနေဖို့ ကောင်းတယ်။ ခလေး တစ်ယောက် ကို လက်ဆင့်ကမ်းပေးလိုက် တာကိုသိရင် မူလပိုင်ရှင် တွေ ကလည်းကျေနပ်မှာ ပါ။

ထို့နောက် ပါကင်ပေပါတစ်ရွက်ဝယ်ကာ ရုပ်သေး ရုပ်ကလေးတစ်ရုပ်ကို စက္ကူ ဗူးထဲသို့ ထည့်ကာထုပ်ပိုးရန် စီစဉ်ရ၏ ။ ဇော်ဂျီနှင့် နတ်သား ဘယ်အရုပ်ကို အိမ်တွင် ချန်၍ အိမ်တွင် ချန်၍ ဘယ်အရုပ်ကို လက်ဆောင်ပေးရမလဲ စဉ်းစားဝေခွဲရခက်နေပြန်သည်။ နှစ် ရုပ်စလုံးလက်ဆောင်ရထားတာချင်းတော့ တူနေလေသည်။ နတ်သားရုပ်လေးကို ကုမ္ပဏီမှ မဲဖောက်၍ ရခဲ့ခြင်း ဖြစ်ပြီး ဇော်ဂျီရုပ်လေးကိုတော့ တိုးရစ်အဖိုးကြီးတစ်ဦးက အမှတ်တရ ပေးခြင်း ဖြစ်ရာ ထိုနှစ် ရုပ်လုံးကို ကျွန်တော် ထပ်တူမြတ်နိုးပါသည်။ နတ်သားရုပ်လေးမှာ နတ်ပြည်ခြောက်ထပ်မှ သမ္မာဒေဝနတ် ကောင်း နတ်မြတ်တို့၏ ချမ်းမြေ့ဖွယ်ဥပမိရှိပြီး ဇော်ဂျီမှာ လည်း မြန်မာ့ရိုးရာ ပုံပြင်ဒဏ္ဍာရီထဲမှ လူစွမ်းကောင်း ဇာတ်လိုက်၏ ရှင်မြူး ဖွယ်အသွင်ကို ဆောင်နေပါသည်။

ကျွန်တော့် အိမ်သို့ နိုင်နိုင်လေးရောက်လာလျှင် ဘယ်အရုပ်ကိုပိုပြီး

စိတ်ဝင်စားသလဲဟု တဒင်္ဂပြန်လည် စဥ်းစားကြည့်လိုက်ပြီး နိုင်နိုင်လေးနှစ်သက် မည်ထင်သော အရုပ်ကလေးတစ်ရုပ်ကို စက္ကူဗူးထဲသို့ ထည့်၍ အကျအန ထုပ်ပိုးလိုက်ပါသည်။

"happy birthday naing naing " ဟု ထိုဗူးပေါ်တွင် စာရေးလိုက်သေးသည်။

မိုးက သည်းသည်းမည်း မည်း ရွာချလိုက်သည်။ ဘတ်စ်ကားပေါ်မှ ဆင်းလာပြီး မကြာမီ မိုးက ရုတ်တရက်ရွာချလိုက်သဖြင့် ထီးပါမလာသော ကျွန်တော် သည် ကျွန်တော် တို့ ရပ်ကွက်ထိပ်မှ ညောင်ပင်ကြီး အောက်သို့ အပြေးအလွှား မိုးဝင်ခိုလိုက်သည်။ မိုးကတော်တော် နှင့် စဲမည့် ပုံမပေါ်သဖြင့် ညောင်ပင်၏ အတွင်း းပိုင်းသို့ တိုးကပ်လိုက်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်သည်။ ညောင်ပင်ကြီး၏ ပတ်ပတ်လည်လည်တွင် နတ်ဆက်ထားသော ယပ်တောင်အဟောင်း၊ ဖောင်းတော် အဟောင်းများ ကို အမြောက်အများ တွေ့ ့ရသည်။ မိုးကပိုသည်းလာသဖြင့် မိုးပိုလုံသော ညောင်ပင် အတွင်း းဖက်သို့ ဝင်ခိုလိုက်၏ ။ ရုတ်တရက် လျှပ်ပြက်သွားသည်။ လျှပ်ရောင် ဖြင့် တွေ့ ့လိုက်ရသော နတ်ရုပ်တစ်ရုပ်ကို ကျွန်တော် သတိထားမိသွားသည်။ လျှပ်ရောင် ဖြင့် တွေ့ ့လိုက်ရသော နတ်ရုပ်တစ်ရုပ်ကို ကျွန်တော် သတိထားမိသွားသည်။ ညနေမှော င်ရီသရောမို့ အလင်းရောင် သိပ်မသဲကွဲသဖြင့် ညောင်ပင်တွင် တွဲ လောင်းချိတ်ထားသော နတ်ရုပ်ကို သေသေချာချာကြည့်မှ ကျွန်တော် မှတ်မိ သွားသည်။ လား -လား၊ မိုးတွေ စိုရွှဲနေသော ညောင်ပင်အောက်မှ နတ်ရုပ်မှာ လွန်ခဲ့သည့် သုံးရက်က နိုင်နိုင်လေးကို ကျွန်တော် မွေးနေ့လက်ဆောင်ပေးခဲ့သော ရုပ်သေးရုပ် နတ်သားလေး ဖြစ်နေသည်။ ကျွန်တော် သည် အံ့သြလွန်းသဖြင့် နတ်သားရုပ်ကလေးကို ငေးကြည့်နေမိသည်။ လေးနှစ် လေးမိုး ကျွန်တော်၏ အိမ်ဧည့်ခန်းဝယ် ခမ်းခမ်းနားနား နေရာပေးခဲ့သော အရုပ်ကလေးကို ယခုလို လမ်းဘေး၌ လက်လွယ်စပယ် စွန့်ပစ်ခံထားရသည်ကို မြင်ရသော အခါ ရင်ထဲတွင် ဆို့နစ်သွား၏ ။

နိုင်နိုင်ကလေးမှာ ပီတိခလေးလေးသာ ဖြစ်၍ အရုပ်ကလေးကို ယခုလိုစွန့်ပစ်မည် မဟုတ်ချေ။ ဘာကြောင့် ဤနတ်ရုပ်ကလေးကို ယခုကဲ့သို့ ညောင်ပင်တွင် လာရောက်စွန့်ပစ်ခဲ့သည်ကို နိုင်နိုင်၏ မိဘနှစ် ပါးမှ တစ်ပါး သိနိုင်တော့မည် မထင်ချေ။

ကျွန်တော် ကတော့ မြန်မာ့ရိုးရာလက်မှု ပစ္စည်းတစ်ခုအ ဖြစ် ရိုးရိုးသားသား ပေးအပ်ခဲ့ခြင်း သာ ဖြစ်သည်။

အရုပ်ကလေးကို ကျွန်တော် ပြန်ဖြုတ်ယူလိုက်၏ ။ အရုပ်ကလေး၏ ခြေထောက်တွင် “ ငါ့မခိုက်နဲ့ နင့်ခိုက် ” ဟု ရေး ထားသော စာတစ်ကြောင်းကို ထူးဆန်းစွာ တွေ ့ရ၏ ။ ထိုစာသည် မူလကမရှိချေ။ ကျွန်တော် စိတ်တိုပြီး စာကို ဖျက်ပစ်လိုက်သည်။

မိုးရွာထဲမှာ ပင် ကျွန်တော် အိမ်သို့ ပြန်လာခဲ့၏ ။ ရွှဲရွှဲစိုနေသော နတ်သားရုပ်ကလေးကို လေပူစက်ဖြင့်မှု တ်ပြီး ခြောက်သွေ့အောင် လုပ်ရသည်။ ထိုနောက် သူ့၏ မူလနေရာတွင် သေသေချာချာ ပြန်လည်ချိတ်ဆွဲထားလိုက်၏ ။ အဖော်မဲ့သွားသော ဇော်ဂျီလေးမှာ နတ်သားနှင့် ပြန်လည်ပေါင်းစည်းမိသွားသည်။

နတ်သားနှင့် ဇော်ဂျီကြောင့် ကျွန်တော် တို့ အိမ်ဧည့်ခန်းမှာ ပိုမိုလှပကျက်သရေရှိနေပြန်သည်။ နောက်နောင်တွင် သူတို့ကို ကျွန်တော် ဘယ်သူ့ကိုမှ လက်ဆောင်ပေးတော့မည် မဟုတ်ချေ။

သရဝဏ်(ပြည်)

ချယ်ရီ (၂၀၁၀)

■